www.burmeseclassic.com

ကြယ်ပွင့်စာပေ

ရင်ကြားစေ့

အလွမ်း

တွေ

နဲ့

ယုန်ကလေး

ရဲ့

ငါ

ပဝါ
ဝေါရ
ဒေါ

BURMESE CLASSIC

DESIGN : KHANT MINN HTET

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ရင်ကြားစေ့အလွမ်းတွေနဲ့ ယုန်ကလေးရဲ့ငါ

## လတ်တေဇအောင်

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၉၄၀၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၄၇၀၄၀၉ |
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | မေလ၊ ၂၀၀၉ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | ခန့်မင်းထက် |
| အဖုံးဖလင် | - | EMPIRE |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် | - | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) ရာပြည့်ပုံနှိပ်တိုက် တိုက်ခွဲ ၁၉၉၊ လမ်း၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးကျော်ဟင်း ယုံကြည်ချက်စာပေ (မြဲ-၀၉၁၀) အမှတ် ၁၁၁ ၊ ၃-ထပ် (ညာ)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

## ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

လတ်တေဇအောင်

ရင်ကြားစေ့အလွမ်းတွေနဲ့ ယုန်ကလေးရဲ့ငါ/လတ်တေဇအောင်-ရန်ကုန်။

ယုံကြည်ချက်စာပေ၊ ၂၀၀၉။ ၁၇၆ - စာ။

၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုထဲမှ သီချင်းဖြစ်သည့် "ကလေးချော့သီချင်း" ကို သုံးခွင့်ပြုသော သူငယ်ချင်းတေးရေးဆရာနဂို (ခေါ်) ကြည်သူဝင်းဆွေကို ကျေးဇူးတင်ပါသည်။

သူ့နာမည်ကို အတင်းထည့်ရေးခိုင်းပြီး ကျေးဇူးဆပ်ရန်ရှောင်နေသော သူငယ်ချင်းနေမျိုးကျော်နှင့် မြတ်ကျော်၊ စည်သူသံချောင်းတို့ကိုလည်း ကျေးဇူး . . . ။

ထို့အပြင် ဤဝတ္ထုထဲမှာ အခြားဇာတ်ကောင်များ၏ နာမည်ကို ကျွန်တော်ချစ်ခင်ရသော အနုပညာ အသိုင်းအဝိုင်းမှ နာမည်များ သုံးစွဲထားပါသည်။ ထို့အတွက် အရင်တောင်းပန်ပါသည်။ ပြီး . . . ကျေးဇူး . . . ။

ဤဇာတ်လမ်းသည် ဇာတ်ကောင်များ၏ နာမည်နှင့် (လုံးဝ) မသက်ဆိုင်ဘဲ ကျွန်တော့်စိတ်ကူးသာ ဖြစ်ပါကြောင်း . . . ။

အားလုံးကိုကျေးဇူးအထူးဖြင့်
ကျွန်တော်
လင်းတေဇအောင်

www.burmeseclassic.com

www.burmeseclassic.com

(၁)

ရုံးခန်းဘေးရှိ ခရေပင်မှတစ်ဆင့် ဖြတ်ဖောက်ကျလာသော လိမ္မော်ရောင် အလင်းစက်များက ရင်အုပ်အဝါကျား ငှက်ကလေးများ လို ပြတင်းပေါက်ဘောင်ပေါ်တွင် မညီမညာ ခိုနားလျက်ရှိပါသည်။ တစ်ချက်တစ်ချက် တိုးသွင့်လာသည့် လေစီးထဲတွင်လည်း ခရေပန်းရနံ့က ရောပြွန်းလျက်။ မနက်ခင်းသည် အထူးပင်သာယာနေ၏။

မနက်ခင်း၏ရနံ့ဦးကို နေလတ်ရှူရှိုက်ရင်း ပြတင်းပေါက်မှ အပြင်သို့ ငေးနေမိသည်။ မိမိ၏ ဒီနေ့လက်ရှိအခြေအနေကို ပြန်တွေးပြီး ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချစွာပင် အားရပါးရ ပြုံးလိုက်မိ၏။ ဒီနေ့ဆို၍ မနေ့က စိတ်မချ၍မဟုတ်ပါ။ လွန်ခဲ့သော နှစ်အနည်းငယ်ကပင် သူယုံကြည်စွာ စနစ်တကျ တည်ဆောက်ခဲ့သည့် ကုမ္ပဏီပိုင်ရှင်ဘဝကို ဒီနေ့ရရှိနေပြီ မဟုတ်ပါလား။ ထိုသို့သော အောင်မြင်မှုများအတွက် ဝန်ထမ်းဘဝ၊ မန်နေဂျာဘဝတွေကို ပင်ပန်းကြီးစွာ ကျားကုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျောခဲ့ ရှုမ်းကင်းပြတ်ကျော်ခဲ့ရသည်။ ခုတော့ သူ့အိပ်မက်တွေက တကယ်ဖြစ်လာခဲ့ပြီ။ နေလတ် တွေးရင်းနှင့် ပီတိဖြစ်နေခြင်းဖြစ်၏။

"မောင်အောင် နေလတ်၊ တစ်ယောက်ထဲ ဘာတွေများ သဘောကျပြီး ပြုံးနေတာလဲကွ၊ ဒီနေ့လုပ်စရာတွေက အရေးကြီးတယ်နော်"

ဆက်ထဲက ဖိုင်တွဲကို သူ့ခုံပေါ်ပစ်ချရင်း ပြောလိုက်သည့် နေမျိုးကျော်၏ အသံပြဲကြီးကြောင့် အတွေးစက ပြတ်သွားသည်။ နေမျိုးကျော်က သူနှင့်ငယ်ပေါင်းမဟုတ်သော ကြီးဖေါ်တွေဖြစ်၏။ မိဘများက ချမ်းသာပြီး တက္ကသိုလ်တက်စဉ် တလျောက်မှာလည်း သူ့အပေါ် အနွံအတာခံကူညီခဲ့သည်။ ကျောင်းတုန်းကပဲ ပြောမနာဆိုမနာတွေဖြစ်သလို ခုထိလည်း အတွဲမပျက်ကြသေး။ မိဘများက ချမ်းသာ၍ နေမျိုးကျော်မှာ မပူမပင်နေနိုင်သော်လည်း ခုလိုကုမ္ပဏီဖွင့်မှ ကိုယ့်ထမင်းကိုယ်စားပြီး မန်နေဂျာရာထူးကို အတင်းဝင်ယူထားခြင်း ဖြစ်သည်။ မည်သို့မျှလည်း ပြောဆိုဆုံးမ၍ ရမည့်ပုံမပေါ်သဖြင့် မျက်စိမှိတ်ပြီး ခန့်ထားရသည်။ အရင်ဘဝက ကိုယ့်အပေါ် မကောင်းကြံထား၍ ခုလိုဦးဆွေးဆံမြည့်လာပြီး ပေးဆပ်နေရခြင်းလည်း ဖြစ်နိုင်သည်။

စောစောစီးစီး အာရုံပျက်သွား၍ နေလတ်က . . .

"အလုပ်က နေ့တိုင်းအရေးကြီးတာပဲကွာ၊ ဘာလဲ မှာထားတဲ့ ပစ္စည်းတွေ မရောက်သေးလို့လား"

"ရောက်နေပါပြီ၊ အဲဒါ ငါသိပါတယ်ကွ၊ အရေးကြီးတယ်ဆိုတာက ပစ္စည်းအသစ်တွေ ထပ်ဝင်မှာလေ၊ အဲဒီအတွက် Promoter (အရောင်းမြှင့်တင်ရေး) ကောင်မလေးတွေ ခန့်မယ့်ကိစ္စကိုပြောတာ"

နေမျိုးကျော်ပြောမှ ထိုကိစ္စကို သတိရသွား၏။ ခုသူတို့ရောင်းချမည့်ပစ္စည်းက တစ်ခါမှ မတင်သွင်းဖူးသည့် အလုပ်အသစ်ဖြစ်သောကြောင့် အရောင်းမြှင့်တင်ဖို့ လိုအပ်သည်။ ထို့ကြောင့် ဝန်ထမ်းအသစ်ခန့်ရန် ဟိုတစ်ပတ်က အစည်းအဝေးကပဲ ဆုံးဖြတ်ထားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ အလုပ်များ၍ မိမိက မေ့နေသော်လည်း ကောင်မလေးတွေကိစ္စနှင့် ပတ်သက်လျှင် အမြဲဆူဝေတက်ကြွနေသည့် နေမျိုးကျော်က မမေ့ပါ။ ထို့ကြောင့် . . .

"အေး . . အေး . . ဒီလိုလုပ်ကွာ၊ သတင်းစာနဲ့ ဂျာနယ်ထဲမှာ အလုပ်ခေါ်တဲ့ ကြော်ငြာထည့်လိုက်လေ၊ ဆယ်ယောက်လောက်ခန့်မယ်၊ လိုအပ်တဲ့အရည်အချင်းတွေကို မင်းကြည့်ရေးလိုက်ပေါ့"

"ဟုတ်ကဲ့ပါ ဆရာရယ်၊ ဆရာ့တပည့်ပဲ လုပ်လိုက်ပါ့မယ်၊ မင်းကို လာပြောရတာ လေကုန်တယ်၊ အစထဲက ငါ့ဟာငါ လုပ်လိုက်ရင်ပြီးရော . ."

ခနဲ့သလို၊ ရွဲ့သလိုနှင့် စူပွပွပြောရင်း နေမျိုးကျော်ထွက်သွားတော့သည်။ နေလတ်လည်း လိုက်ပြီးမတားမိပါ။ သူ့စရိတ်နှင့်သူ လွှတ်ပေးလိုက်၏။ ဝန်ထမ်းအသစ်တွေအတွက် ယူနီဖောင်းအသစ်ဒီဇိုင်းကို တွေးနေစဉ်မှာပဲ . . .

"ဆရာ . . ဒီမှာ ကော်ဖီရပြီ ခင်ဗျ . . ."

"အေး . . ထားခဲ့ကွာ"

ကုမ္ပဏီမှာ လက်တိုလက်တောင်းခိုင်းသည့် ကပ္ပလီက ကော်ဖီခွက်ကို ခုံပေါ်တင်ပြီး ပြန်ထွက်သွား၏။ ကပ္ပလီနာမည်အရင်းက အောင်အောင်ထွန်းဖြစ်သည်။ အသားအရောင်က အနက်နုရောင်လေးမို့ ဘယ်သူမှ နာမည်ရင်းမခေါ်ကြ။ သူ့အား မသေမချင်း ကပ္ပလီဟုခေါ်ကြမည့်သဘောရှိနေသည်။ အသားမဲမဲ၊ သွားကျဲကျဲနှင့် ပညာမတတ်သော်လည်း ဖင်ပေါ့ပြီး လူရည်လည်သောကြောင့် နေလတ်က သနားကာ အလုပ်ပေးထားခြင်းဖြစ်သည်။

တစ်ထုပ်ထက်တစ်ထုပ် ပိုပြီးအရသာကောင်းမလာသော ကော်ဖီမစ်ကို အတင်းအရသာခံသောက်နေစဉ်မှာပဲ အတွင်းရေးမှူးမလေး ဝတ်မှုန်ခေါ် အစိတ်သား ဝင်လာပြီး လက်ထဲက ဖိုင်တွဲကိုပေးကာ-



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . မနေ့ကဝင်တဲ့ ပစ္စည်းတွေအတွက် လက်မှတ်ထိုးဖို့ပါ"

"သြော် . . အေး ထားခဲ့လေ၊ ဟဲ့ . . အစိုးတ်သား နေမျိုးကျော် ဘယ်ထွက်သွားလဲ"

"အာ . . ဆရာကလည်း သမီး သူ့ကိုလိုက်ကြည့်နေတာမှ မဟုတ်တာ"

အစိတ်သားအပြောကြောင့် နေလတ်က ခပ်တည်တည်ဖြင့် စလိုက်၏။

"မသိဘူးလေ၊ ရုံးမှာက တစ်ယောက်တစ်ပေါက်နဲ့၊ ပြီးတော့ နင်နဲ့နေမျိုးကျော်ကို ဘာလိုလိုပြောနေကြလို့ . . ."

"ဆရာနော်၊ ဘာမှန်းလဲ မသိဘူး"

ရှက်ရှက်နှင့်ပြောရင်း အစိတ်သားပြေးထွက်သွားတော့သည်။ သူ့ကိုလည်း ပိန်သွယ်သွယ်လေးမို့ တစ်ရုံးလုံးက ချစ်စနိုးနှင့် အစိတ်သားဟု ခေါ်ကြသည်။ နေမျိုးကျော်က အစိတ်သားကို ကျိတ်၍ကြွေနေ၏။ အစိတ်သားက မိန်းကလေးပီသစွာသိသော်လည်း ခပ်တည်တည်နေသလို စိတ်က နှစ်ဆယ့်ငါးပိဿာလောက်ကြီးသည်။ ထို့ကြောင့် နေမျိုးကျော်မှာ သူ၏အချစ်မီးကို ညညအရက်မှုးအောင်သောက်ပြီး မေ့ပျောက်အောင် ကြိုးစားနေရရှာ၏။ သနားစရာပင် ကောင်းလှသေးသည်။

နေ့လည်ရောက်တော့ နေမျိုးကျော်နှင့်အတူ စားနေကျထမင်းဆိုင်မှပြန်လာရင်း သူတို့ကုမ္ပဏီနားက ကော်ဖီဆိုင်လေးကို နေလတ်ကြည့်မိပြန်သည်။ ဒီဆိုင်လေးက ထိုင်ချင်စရာလေးမို့ တစ်ရက်တော့ ထိုင်ဦးမည်ဟု တေးထားမိသော်လည်း အလုပ်ရှုပ်နေ၍ မရောက်ဖြစ်သေး။

"ဟော့ကောင် . . ဟိုကော်ဖီဆိုင်လေးက သိန်းတယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းလေးက . . .”

“အေးကွ၊ ငါလည်း သတိထားမိတယ်၊ နာမည်ပေးထားတာ ကလည်း ကြည့်ဦး၊ နီဂရိုးအိန်ဂျယ် (Negro-Angle) တဲ့၊ တွဲစရာ မဟုတ်တာကို ကြံဖန်ပြီး ခပ်ဆန်းဆန်းတွဲထားတယ်”

“မိုက်ပါတယ်ကွ၊ ဒါနဲ့ မင်း ဒီမနက် အလုပ်ကြော်ငြာသွား ထည့်ဖြစ်လား . . .”

“ပြီးပြီ . . ပြီးပြီ၊ ဘာလုပ်ရဦးမှာလဲ၊ ပြောပါ ဆရာ”

သူ့ကိုခိုင်းထား၍ သိပ်မကြည်သလိုပြောနေသည့် နေမျိုးကျော် ကို နေလတ်က ပြုံးစိစိကြည့်ရင်း . . .

“အေးကွာ၊ မင်းရှိနေလို့ တော်သေးတယ်၊ အင်တာဗျူးရင် လည်း မင်းပဲကြည့်ဗျူးလိုက်ပါကွာ နော်”

“ဟာကွာ၊ မင်းကလည်း ငါ့ကိုပဲ လွှဲချနေပြန်ပြီ”

“အင်း . . မင်းအလုပ်များမယ်မှန်းသိလို့ အစိတ်သားကိုတောင် မင်းအတွင်းရေးမှူးအဖြစ် လွှဲပေးမလားလို့၊ မင်းပင်ပန်းမယ်ဆိုရင်လည်း နေပါစေတော့ကွာ၊ ငါပဲ ဗျူးလိုက်ပါ့မယ်”

ချက်ချင်းဟန်ပင်မဆောင်နိုင်ဘဲ နေမျိုးကျော်၏မျက်နှာကြီး ဝင်းတက်လာသည်။ ပြီး အရှက်မရှိစွာပဲ . . .

“ဟီး . . အဲဒါတော့ မြန်မြန်သာလွှဲပေးကွာ၊ ပင်ပန်းလို့ သေ ချင်သေသွားပါစေ၊ အဟဲ . . .”

“ဘာ . . ပန်းသေချင် သေသွားပါစေ၊ ဟုတ်လား . . .”

“ဟာ . . ပင်ပန်းတာကွ . . ပင်ပန်းတာ၊ ဘာကောင်မှန်းလဲ မသိဘူး”

မျက်နှာကြီး ပြန်လည်ရှုံ့တွသွားကာ နေမျိုးကျော်က မဲ့ပွစိ နှင့် ကျိန်ဆဲနေတော့သည်။ ပြီးမှ . . .

“ပြောထားဦးပေါ့ကွာ၊ မင်းအလှည့်လည်း ရောက်လာမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှတွေ့မယ် ဟော့ကောင် . . .”

“ဟား . . ဟား . . ဟား . . အဲဒီကိစ္စဆိုရင်တော့ ဝမ်းနည်းပါတယ်ကွာ၊ ငါ့အကြောင်း မင်းသိရဲ့သားနဲ့၊ ငါ့မှာ အလုပ်နဲ့ မေမေ့ကို ပြုစုဖို့ကလွဲရင် ခေါင်းထဲမှာ ဘာမှမရှိဘူးကွ”

နေလတ်အပြောက ဟုတ်နေသည်မို့ နေမျိုးကျော်ခမျာ မခံချိမခံသာနှင့် ဘာဆက်ပြောရမှန်း မသိတော့ပေ။ နေလတ်၏ နှလုံးသားကောင်းကင်က တိမ်ကင်းစင်ကာ ခုချိန်ထိ ကြည်လင်လျက်ရှိပါသည်။ ထိုကောင်းကင်ထဲမှာ ပျံသန်းခဲ့ဖူးသော ငှက်ကလေးတစ်ကောင်မှ မရှိခဲ့သည်ကို နေမျိုးကျော် ကောင်းကောင်းကြီးသိသည် မဟုတ်ပါလား။

နှလုံးသားကောင်းကင်တွင် တစ်ခါတရံ မျှော်လင့်မထားသော တိမ်ကွဲများရောက်လာတတ်ကြောင်း နေလတ် မသိသေးပါ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျောက်ခက်ပွင့်ကုမ္ပဏီသည် နာမည်နှင့်လိုက်အောင်ပင် ခန့်ညားလှပ အောင်မြင်လျက်ရှိသည်။ ပြည်ပမှ အမျိုးမျိုးသော ပစ္စည်းများတင်သွင်းသည့် ကုမ္ပဏီဖြစ်သောကြောင့် ငယ်ရွယ်လှပသည့် မိန်းကလေးများ ဒီကုမ္ပဏီမှာ အလုပ်လုပ်ချင်ကြတာ မဆန်းလှပါ။ ခုလည်း အရောင်းမြှင့်တင်ရေးဝန်ထမ်းအတွက် အလုပ်လာလျှောက်ကြသည့် မိန်းကလေးများပင် ရောက်နေကြပြီ။

နေမျိုးကျော်က မန်နေဂျာပီသစွာ တလောကလုံး သူ့လုပ်စားနေသလို မျက်နှာပေးမျိုးနှင့် ခုံမှာ ခန့်ညားချင်ယောင်ဆောင်ပြီး ထိုင်နေ၏။ အပြင်မှာ ကပ္ပလီကလည်း ကောင်မလေးချောချောလေးတွေရှေ့မှာ ယောက်ယက်ခတ်ပြနေသည်။ အသားမဲသော်လည်း အငယ်မြူသည်ဟု ကပ္ပလီက သူ့ကိုယ်သူ တွေးနေမိသေးသည်။

"ဟော့ကောင် . . . ကပ္ပလီ . . ကပ္ပလီ . . ."



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့ခန်းအတွင်းမှ နေမျိုးကျော်ခေါ်သံက ကပ္ပလီ၏ အကြည်ခါတ်တလေးကို ဖျက်ဆီးလိုက်သောကြောင့် ရုတ်တရက် လန့်သွားပြီး-

"ဗျာ . . . ဆရာကျော် . . . ကော်ဖီလား၊ ခဏလေး . . . ခဏလေး . . ."

ကပ္ပလီလှမ်းအော်သံကြောင့် နေမျိုးကျော် စိတ်ညစ်သွားသည်။ ခေါ်လိုက်ရင် အရမ်းပင်ပန်းသော ကော်ဖီမစ်ဖျော်ဖို့လောက်ပဲ ဒီကောင် တွေးနေလားမသိ။ နေမျိုးကျော် စိတ်ညစ်ရာမှ စိတ်တိုသွားပါသည်။

"ဟေ့ကောင် . . ဗျာရော ကော်ဖီပါထားခဲ့၊ မင်းဒီကိုလာဦး"

အသံမာသွား၍ ကပ္ပလီက မျက်နှာငယ်လေးနှင့် ကုတ်ချောင်းချောင်းဝင်လာသည်။ ပြီး မဝံ့မရဲလေးကြည့်ကာ . . .

"ဘာ . . ဘာခိုင်းမလို့လဲ ဆရာကျော်"

"အေး . . ကော်ဖီပဲ ဖျော်ချင်မနေနဲ့၊ အပြင်မှာ အင်တာဗျူးခေါ်မယ့် ကောင်မလေးတွေ တွေ့လား"

ကပ္ပလီက သူ့သွားဖြူဖြူလေးတွေကို အကုန်ပေါ်အောင် ရယ်ပြရင်း . . .

"ဟာ . . တွေ့တယ် . . တွေ့တယ်၊ အမိုက်စားလေးတွေ ချည်းပဲ ဆရာကျော်ရာ၊ ဟိုတစ်ယောက်ဆို ဖြူဖြူဖွေးဖွေး ရေဆေးငါးလေးကျနေတာပဲ အဟီး . . ."

"ဟေ့ကောင် . . ဗူးမနေနဲ့၊ ရော့ . . ဒီနာမည်စာရင်းအတိုင်း တစ်ယောက်ချင်း အထဲကိုလွှတ်လိုက် ကြားလား"

"ဟုတ် . . ဟုတ်ကဲ့ . . ဆရာကျော်"

ကပ္ပလီဆက်လက်တင်စား၍ မရတော့ဘဲ ဇက်ကလေးပုကာ ထွက်သွားတော့သည်။ ကပ္ပလီထွက်သွားမှ နေမျိုးကျော်က အကျီကို သပ်ရပ်အောင်ဆွဲဆန့်ကာ မျက်နှာပေါ်မှာ စိမ့်ထွက်နေသော အဆီ



www.burmeseclassic.com

www.burmeseclassic.com



များကို တစ်ရှူးဖြင့်သုတ်ရင်း မိန့်မိန့်ကြီးစောင့်နေလိုက်သည်။

ပထမဆုံးဝင်လာသော ကောင်မလေးကို ထိုင်ရန်မေးဆတ်ပြလိုက်ပြီး လက်ထဲမှ အလုပ်လျှောက်လွှာကိုကြည့်ကာ အရင်ပြုံးပြလိုက်၏။ ပြီးမှ . . .

"သမီးက နွယ်နီနော်"

"ဟုတ် . . ဟုတ်ကဲ့ပါ . . ဆရာ"

ကောင်မလေးက မဝံ့မရဲဟန်ဖြင့် ဖြေသည်။

"ဒါနဲ့ သမီး ဘာလုပ်ဖူးလဲ"

"ရှင် . . ."

"ဪ . . ဒီလိုပါ၊ သမီး အရင်ဘယ်မှာ အလုပ်လုပ်ဖူးလဲလို့မေးတာ . . ."

"မလုပ် . . မလုပ်ဖူးပါဘူးရှင့် . . ."

"ဒါဆို . . အသစ်ကလေးပေါ့"

"ရှင် . . ."

ကောင်မလေးက လန့်သွားဟန်တူသည်။ မလှမ်းမကမ်းမှာ ထိုင်နေသည့် နေလတ်ပင် ဗုဒ္ဓေါဟုတာမိပြီး နေမျိုးကျော်ကို ပြုံးပြကြည့်မိ၏။ နေမျိုးကျော်ကတော့ မန်နေဂျာရုပ်ကို တစ်ပြားသားမှ မလျှော့ချ။ မာန်တခွဲသားနှင့်မို့ ဟိုကောင်မလေးခမျာ တရှင်ရှင်နှင့် ကြောက်လာပြီလားမသိ။ ထိုအချင်းအရာကို မန်နေဂျာက ပီတိမသိနားမလည်၊ အလိုက်ကမ်းဆိုးမသိစွာဘဲ . . .

"ဪ . . ဒါ ပထမဆုံးလာလျှောက်တဲ့ အလုပ်သစ်လားလို့မေးတာပါ . . ."

"ဟုတ်ကဲ့ရှင့်၊ ခုမှ လျှောက်ဖူးတာပါ . . ."

ကောင်မလေးက သက်ပြင်းကို ခိုးချရင်းဖြေသည်။ သို့သော်လည်း မန်နေဂျာအခွင့်အရေးကို အပြည့်အဝယူထားပြီး အားကြီး



www.burmeseclassic.com

www.burmeseclassic.com



မာန်တက် အသုံးချချင်နေသော နေမျိုးကျော်က . . .

"ကိုယ်တို့အလုပ်က လူတွေနဲ့ စကားအများကြီး ပြောရမှာ နော်၊ ခပ်ရိုင်းရိုင်းပြောရရင် ရုပ်ကလေးဖန်းပြုပြီး အလုပ်လုပ်ရမှာကွဲ့"

"ရှင် . . ဒါ . . ဒါဆို သမီးက ဘာ . . ဘာလုပ်ရမှာလဲ ဟင်"

ဘယ်လိုအတွေးပေါက်သွားသည်မသိ။ မျက်နှာလေးရဲကာ ကောင်မလေးခမျာ အသံပါတုန်သွားရှာသည်။ စကားပြောတာ လော သွား၍ နေမျိုးကျော်မှာ လက်ကာပြပြီး အမြန်ရှင်းရ၏။

"ဒီလိုပါ . . ဒီလိုပါ၊ ကိုယ်တို့ ကုမ္ပဏီက အသစ်ဖြန့်မယ့် မိတ်ကပ်တို့၊ ခေါင်းလျှော်ရည်တို့လို မိန်းကလေးအလှကုန်ပစ္စည်းတွေ အတွက် အရောင်းမြှင့်တင်ရေး လုပ်ရမှာလေ၊ ကိုယ်တိုင်ကလည်း သပ်သပ်ရပ်ရပ်နဲ့ လှလှပပလေးဝတ်စားပြီး ရောင်းရမှာကို ပြောချင် တာပါ"

ကောင်မလေးလည်း ခုမှသောကကင်းစင်ကာ အသက်ရှူဝ သွားပုံရ၏။ ဘေးက စိုးရိမ်နေရသော နေလတ်မှာလည်း ထိုအခါမှ လေပူကြီးကို မှုတ်ထုတ်ပစ်ရသည်။ ခုတစ်ယောက်တော့ မေးစရာရှိတာ တွေကိုမေးရင်း အဆင်ပြေသွားပါသည်။ နောက်တစ်ယောက်အတွက် နေလတ်လှမ်းကြည့်ရင်း ရင်လေးနေစဉ်မှာပဲ . . .

"သမီးက . . ."

"မေမြတ်သူပါ ဆရာ"

"ဘယ်မှာလုပ်ဖူးသေးလဲ . . ."

"အစုံပဲ . . ဆရာရဲ့၊ စူပါမားကတ်၊ တိုင်းရင်းဆေးကုမ္ပဏီ၊ ပြီးတော့ အချိုရည်နဲ့ စီးကရက်ကုမ္ပဏီတွေမှာလည်း လုပ်ခဲ့ဖူးပါတယ်"

ဒီကောင်မလေးက သိပ်ကြောက်ဟန်မရှိချေ။ ဒါလေးက အသွက်ကလေးဟု နေမျိုးကျော်တွေးလိုက်မိသည်။ ဒီလိုမိန်းတွေ့အကြုံ ရှိသူမျိုးကိုတော့ နေမျိုးကျော်ကြိုက်၏။ သိပ်သင်စရာမလိုပေ။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက် (Market) အကြောင်းကို ဘယ်လောက်သိထားလဲဟုတွေးကာ ရှေ့က ကောင်မလေးကို အနည်းငယ် သွေးတိုးစမ်းမိသည်။ (သွေးတိုး ဆို၍ ရောဂါမဟုတ်ပါ။ အတွေ့အကြုံကို ဆိုလိုပါသည်။)

"ကဲ . . ဟုတ်ပြီကွာ၊ သမီးကိုတော့ ကြိုက်ပြီ . . ."

"ရှင် . . ."

လာပြန်ပြီဟု နေလတ် စိတ်မောစွာတွေးရင်း အမှတ်မရှိ လိုက်နားထောင်နေမိသည်။ ဝါရင့်မန်နေဂျာပီသသော နေမျိုးကျော်က လီမွာပါးနပ်စွာပဲ အကဲစမ်းတော့သည်။

"ပြော် . . သမီးရဲ့အတွေ့အကြုံကို ပြောတာပါ၊ ဒီလိုဆို ကိုယ်တစ်ခုလောက် မေးမယ်ကွာ၊ ကဲ . . သမီးကို အလုပ်ခန့်လို့ ရောင်းပြီဆိုပါစို့၊ သမီး ဘာကိုအရင်ရောင်းမလဲ . . ."

ကောင်မလေးက ကြောင်တက်တက်နှင့် နားမလည်ဖြစ်သွား၏။

"မသိဘူးလေ၊ ဆရာတို့ ကုမ္ပဏီက ဘာပစ္စည်းတွေကို ရောင်း ခိုင်းမယ်မှန်းမှ သမီးမသိတာ . . ."

နေမျိုးကျော်က ဝါရင့်မန်နေဂျာပီပီ လှစ်ခနဲ ပါးပါးနပ်နပ် ပြုံးပြီး . . .

"ကိုယ်ပြောပြမယ် သမီးရဲ့၊ ပစ္စည်းတွေက အမျိုးမျိုးလေ၊ ဘာပစ္စည်းဆိုတာထက် သမီးကိုယ်သမီး အရင်ရောင်းရမယ်ဆိုတာ သိရဲ့လား"

သွားပြီဆိုတာကို နေလတ် လှမ်းမကြည့်ဘဲ သိလိုက်ပါသည်။ မျှော်လင့်ထားသည့်အတိုင်းပင်။ ကောင်မလေးမျက်နှာတစ်ခုလုံး တွတ်တွတ်ရဲသွားပြီး ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်သည်။ ဝါရင့်မန်နေဂျာ နေမျိုးကျော်မှာ ကိုယ့်ကိုရှင်းပြခွင့်ပေးပါဟုပင် တွေးချိန်မရလိုက်။ ကိုယ် မွေးမှ ကိုယ့်သမီးလောက်အရွယ် ကောင်မလေး၏ လက်ညှိုးငေါက်



www.burmeseclassic.com

www.burmeseclassic.com



ငေါက်ထိုးခြင်းကို လည်စင်းခံရကာ . . .

"ဘာရှင့် . . ကိုယ့်ကိုကိုယ် ရောင်းရမယ် . . ဟုတ်လား၊ ဒီမှာ ရှင်လူတို့ ဘာအစားများမှတ်နေလဲ၊ လူကြီးက လူကြီးစကားမပြောဘူး၊ မိုက်ရိုင်းလွန်းတယ်၊ ကျွန်မတို့က တစ်သက်လုံး ရိုးရိုးသားသား လုပ်စား လာတာ၊ ဒါမျိုး သေတောင်မလုပ်ဘူး၊ နားလည်လား . . ."

ဒေါသတကြီးနှင့် နှစ်ပြားစတန်အောင်ပြောသွားသည့် ကောင် မလေးကို နေမျိုးကျော် တွေတွေကြီးလိုက်ကြည့်ကာ ငါပြောတာ ဘာများမှားသွားလဲဟု ဝါရင့်မန်နေဂျာစိတ်နှင့် အတွေးခေါင်နေမိသေး ၏။ ဘယ်လိုမှ မနေသာတော့ဘဲ နေလတ်မှာ ထလာရတော့သည်။

"နေမျိုးကျော်ရာ မင်းကလည်း လုပ်လိုက်ရင် ဒွဲတွဲချည်းပဲ၊ ငါတောင် လန့်သွားတယ်"

နေမျိုးကျော် ခုထိ တွေးမရနိုင်သေးပါ။ ကြောင်စီစီပင် ဖြစ် နေ၏။

"ငါ ဘာများမှားသွားလို့လဲ နေလတ်ရာ . . ."

"ရှိးမှပဲ၊ မင်းက ကိုယ့်ကိုကိုယ် အရင်ရောင်းရမယ်ဆိုတော့ ဟိုက လူကုန်ကူးတယ် ဘာညာနဲ့ မဟုတ်တရုတ်တွေ သွားတွေးမိမှာ ပေါ့၊ ရဲမတိုင်ရင်တောင် ကံကောင်း . . ."

ဝါရင့်မန်နေဂျာကြီးလည်း အတော်ပင် ဆို့နစ်ကြေကွဲသွား လေသည်။ နေလတ်ကိုကြည့်ပြီး ယူကြုံးမရသော လေသံလေးနှင့် . .

"ငါပြောတာက ဒီသဘောမဟုတ်ဖူးလေ၊ ငါတို့လောကမှာ ဘယ်ကုန်ပစ္စည်းမဆို ဝယ်သူကျေနပ်အောင်၊ ယုံကြည်အောင် ကိုယ့်ရဲ့ အပြင်အဆင်ကို သပ်သပ်ရပ်ရပ်နဲ့ လှလှပပဝတ်စားပြီး ကိုယ့်ရဲ့ပုံရိပ် (Image) ကို အရင်ရောင်းရမယ်လို့ ဆိုလိုချင်တာပါကွာ"

"ဟုတ်ပါတယ်၊ ဒါက marketing စကားလေ၊ သူသိချင်မှ သိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေကွာ၊ ကောင်မလေးက အတွေ့အကြုံ တော်တော်များများ ရှိပြီးသားဆိုတော့ ငါလည်း ဒီစကားလောက်တော့ သူ့အလွယ်လေး နားလည်မယ်ထင်တာပေါ့၊ သွားပါပြီကွာ၊ ငါ့ရဲ့ မန်နေဂျာသက်တမ်းတလျှောက်လုံးမှာ အဆိုးဝါးဆုံး နားလည်မှုလွဲတဲ့ဖြစ်ရပ်ပဲနေလတ်ရာ . . ."

နေလတ်လည်း ဝါရင့်မန်နေဂျာကြီးကို ချော့မော့ကာ နားခိုင်းရတော့၏။ နောက်ထပ် ကောင်မလေးများအား သူကိုယ်တိုင်ပဲ ဗျူးလိုက်ရသည်။ ဒါကိုပင် ဝါရင့်မန်နေဂျာပီပီ နေမျိုးကျော်က သူ့ကို မယုံဖူးလားဟုဆိုကာ သိပ်ကျေနပ်လှသည်မဟုတ်။ ဒီဝါရင့်မန်နေဂျာနှင့် စိတ်မောရသည်။ ဘာကောင်ကြီးမှန်းကို မသိ။ တကယ့် တလွဲကောင်ကြီး . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃)

ထိုသို့ဖြင့် . . . ။

အလုပ်တွေလည်း ခန့်ပြီးပြီ။ ဝါရင့်မန်နေဂျာနေမျိုးကျော်လည်း တကယ့်အလုပ်ရှုပ်ခွင့်ရသွားပြီ။ ဝန်ထမ်းအသစ် ကောင်မလေးဆယ် ယောက်နှင့် တလုံးလုံးဖြစ်နေ၏။ တစ်ယောက်ပြီးတစ်ယောက် နေမျိုးကျော် နှင့် နပန်းလုံးနေခြင်း မဟုတ်ပါ။ ဘယ်ကောင်မလေးက ဘယ်ဆိုင်၊ ဘယ်ကောင်မလေးက အရောင်းကား စသည်ဖြင့် ကြည့်စီစဉ်ရသည်။ အစိတ်သားကတော့ မိန်းမပီသစွာ ကိုယ့်ကိုကြိုက်နေသော နေမျိုးကျော် က ဒီလိုကောင်မလေးတွေနှင့် ရှုန်းစုရှုန်းစုဖြစ်နေသည်ကို သိပ်ကြည့် ဟန်မရှိ။ ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။ ကိုယ်နှင့်မဆိုင်သေး၍ ဆွဲကိုင်ပြီးပြောလို့လည်း မရချေ။ မိန်းမတွေများ . . . ။

နေမျိုးကျော်တစ်ယောက် အရောင်းကားနှင့် မိန္ဒြိုးကြီးလိုက် သွားလေပြီ။ အရောင်းကားများထွက်သွား၍ ရုံးမှာ လူသူအနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသွားသောကြောင့် နေလတ်လည်း သူဌေးကျင့်သဌေးကြဲ ကြဲတော့၏။ ကျန်နေသည့် ရုံးမှ စာရေးမလေးများအား ထိကပါးရိကပါးလုပ်ခြင်း မဟုတ်ပါ။ တစ်ရုံးလုံးကို ခပ်တည်တည်နှင့် အော်ဝေါ်ကာ မှာစရာရှိတာများကိုမှာပြီး အားအားယားယား အပြင်ထွက်ချင်၍ဖြစ်သည်။

စိတ်လက်ပေါ့ပါးချင်လို့သာ ထွက်လာရသည်။ ဘယ်ကိုသွားရမှန်း နေလတ်မသိသေး။ ပြီးမှ အကြံရသည်နှင့် သူထိုင်ချင်နေသော နီဂရိုးအိန်ဂျယ်ကော်ဖီဆိုင်သို့ ဦးတည်လိုက်၏။

ဆိုင်လေးက အတွင်းမှာပို၍ သပ်ရပ်လှပပါသည်။ အေးစိမ့်ပြီး သီချင်းသံသဲ့သဲ့ လွင့်ပျံ့နေ၏။ ဆိုင်ထဲကိုဝေ့ကြည့်ပြီး အေးအေးလူလူထိုင်ချင်၍ ချောင်ကျသောစားပွဲမှာ သွားထိုင်လိုက်သည်။ ဘရာဇီးကော်ဖီတစ်ခွက်မှာပြီး အပြင်ကို ငေးနေစဉ်မှာပဲ . . .

"ဒီမှာ . . . ဒီမှာ" . . ."

"တော်ပြီလေ၊ ဘာမှထပ်မမှာတော့ဘူး"

ပြောရင်း လှည့်ကြည့်မိလိုက်၏။ စားပွဲထိုးမဟုတ်ပါ။ ဆိုင်ရှင်လည်း မဖြစ်နိုင်။ ကောင်လေးတစ်ယောက်လို ခေတ်ဆန်ဆန်ဝတ်စားထားသည့် ကောင်မလေးတစ်ယောက် ဖြစ်နေသည်။ ဦးထုပ်ကို နောက်ပြန်ဆောင်းကာ အကျီပွပွ၊ ဘောင်းဘီဂွကျကျနှင့် နုနယ်လှပသော ကောင်မလေး . . ။ အသက်ဆယ့်ရှစ်နှစ်ဆယ်လောက်ရှိမည်ဟု ခန့်မှန်းမိလိုက်၏။ ထိုအချိန်မှာပဲ . . .

"ဒီမှာ . . ခင်ဗျား . . နားမပါဘူးလား"

နေလတ် တင်းသွားသည်။ ဘာလိုင်းကြီးပါလာ၊ ဒါမျိုးတော့ မပြောမခံနိုင်ပါ။

"ပါသားပဲ၊ နေစမ်းပါဦး၊ မင်းက ငါ့ကို ဘာဖြစ်လို့ အာလွှတ်တွေ လာပေါက်နေတာလဲ၊ မင်းနဲ့လည်း ငါမသိဘူး . . ."

ကောင်မလေးက နှုတ်ခမ်းလေးကို အသာမဲ့ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"သိစရာလည်း မလိုပါဘူး၊ ခင်ဗျားထိုင်နေတာ ကျွန်တော့် နေရာဗျ၊ အဲဒါ ဖယ်ပေး . . ."

ဗုဒ္ဓေါ။ အရေးထဲ နေရာလာလုနေသည်။ ဒီနိုင်ငံမှာ ဆိုင်တစ်ဆိုင်မှခုံနှင့် ထိုင်မည့်ဖင်တို့ တွဲပြီးမှတ်ပုံတင်ထားလို့ရသည်လား။ မဖြစ်နိုင်ပါ။ နေလတ် မကြားမိပါ။ မည်သည့်နိုင်ငံမှာမှလည်း ထိုသို့မကြားမိသေး။ ကိုယ့်ဖင်နှင့်ကိုယ် ဘယ်ခုံမှာထိုင်ထိုင်ရပါသည်။ ထို့ကြောင့်-

"ဘာဖြစ်လို့ ဖယ်ပေးရမှာလဲ၊ ငါ့ဟာငါ ပိုက်ဆံပေးသောက်တာ၊ ဘယ်ခုံမှာထိုင်ထိုင်ပေါ့၊ မင်းဟာမင်း တစ်ခြားခုံမှာ ထိုင်ပေါ့ကွာ"

ပြောရင်း တဖက်ကို ပြန်လှည့်လိုက်၏။ သို့သော်လည်း အတောမသတ်သေးသော မယ်မင်းကြီးမလေးက မပြီးသေးချေ။

"မရဘူးဗျာ၊ ကျွန်တော် ဒီဆိုင်မှာ ဒီခုံပဲထိုင်တာ၊ တစ်ခြားခုံ ထိုင်လို့မရဘူး"

ခက်ချေပြီ။ နေလတ်က စိတ်မရှည်စွာပဲ ပြန်လှည့်ပြီး . . .

"ဘာလဲ . . တစ်ခြားခုံမှာထိုင်ရင် မင်းကို အောက်ကတုတ်နဲ့ လိုက်ထိုးနေလို့လား"

"ခင်ဗျား . . . မမိုက်ရိုင်းနဲ့နော်၊ ကျွန်တော် အတည်ပြောနေတာ၊ မယုံရင် ဒီဆိုင်က ဝိတ်တာကို ခေါ် မေးကြည့်၊ ဒီခုံမှာထိုင်လာတာပဲ နှစ်ပေါက်နေပြီ"

ခပ်စွာစွာပြောရင်း ကောင်မလေးက ပေကပ်ကပ်လုပ်နေတုန်းပင်။ ထိုသို့ အချေအတင် ဖြစ်နေစဉ်မှာပဲ ဝိတ်တာလေးတစ်ယောက်ရောက်လာ၍ နေလတ်က . . .

"ကဲ . . ညီလေး လုပ်ဦးကွာ၊ ဒီမှာ နေရာလာလုနေတယ်၊ ဒီဆိုင်က ကြိုက်ရာခုံမှာ ထိုင်လို့မရဘူးလား"

ဝိတ်တာလေးက နေလတ်နှင့် ကောင်မလေးကို တလှည့်စီကြည့်ကာ ခေါင်းကုတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ရပါတယ် အကို၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာလဲကွာ၊ ပြော . . ."

စိတ်တာလေးက သူ့ကိုအားနာဟန်ဖြင့် ရှင်းပြနေသည်။

"ဒီအစ်မလေးကလည်း ဒီစားပွဲမှာပဲ အမြဲထိုင်တာ အကိုရဲ့"

"ဒါဆို ငါမဟုတ်ပဲ တစ်ခြားလူဆိုရင်ကောကွာ . . ."

"ဒီစားပွဲက ချောင်ကျတော့ သိပ်မထိုင်ကြဘူး အကို၊ အကို့လို ထိုင်နေတဲ့သူရှိလဲ . . ."

"ဒီလိုပဲ့ မိုက်ကြေးခွဲတာပေါ့၊ အဲဒီလိုလား . . ."

နေလတ်က ခပ်ရွဲ့ရွဲ့ပြောလိုက်သည်။ ကောင်မလေးက ချက်ချင်းပဲ စိတ်ဆိုးလာဟန်ဖြင့် . . .

"အောင်မာ . . ခင်ဗျား စကားကို ကြည့်ပြောနော်"

"ကြည့်ပြောတယ်ကွာ၊ ကြည့်ပြီးမှလည်း ထိုင်တာ၊ မဖယ်ဘူး၊ ဘာလုပ်ချင်လဲ . . ."

"ခင်ဗျားနော် . . ဟာဗျာ . . ."

ကောင်မလေး ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ဘာမှ မလုပ်တတ်၍လည်း ဖြစ်နိုင်သည်။ နေလတ်က ဒီလိုပေကပ်ကပ်လူစား မဟုတ်ပေမယ့် ဒီကောင်မလေးကို အသဲယားပြီး ရွတ်နေခြင်းဖြစ်သည်။ ထိုသို့ တင်းမာလာသော အခြေအနေကို နှစ်ဖက်စလုံးနှင့် မိတ်မပျက်ချင်သော ဝိတ်တာလေးက . . .

"ဒီလိုလုပ်ပါလား၊ ဒီက အစ်မလေးလည်း ဒီစားပွဲမှာပဲ ထိုင်လိုက်ပေါ့၊ ခုံအလွတ်တွေ ရှိတာပဲလေ၊ ကျွန်တော်တို့ဆိုင်က နှစ်ယောက်စလုံးနဲ့ မိတ်မပျက်ချင်လို့ပါ၊ ခုံက လေးခုံတောင်ရှိတာပဲ၊ မသိလည်း ဒီလိုပဲ ထိုင်ကြတာပဲဗျာ၊ ဒီအကိုကြီးကိုလည်း ခုံပြောင်းခိုင်းဖို့ ကျွန်တော်တို့ဖက်က ပြောခွင့်မရှိလို့ပါ၊ အစ်မလေးရယ်၊ ကျွန်တော်က ကြားက တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာလေး၏ တောင်းပန်စကားကြောင့် ကောင်မလေး ခဏငြိမ်သွား၏။ တစ်ခြားခုံမှာ သွားထိုင်မလားဟု နေလတ်တွေးနေစဉ်မှာပဲ မျက်နှာချင်းဆိုင်ခုံမှာ ဆောင့်ဆောင့်အောင့်အောင့် ဝင်ထိုင်လိုက်၏။ ပါးစပ်ကလည်း ပွစိပွစိလုပ်ပြန်သည်။

"ဟွန်း . . ဝိတ်တာပြောတာ သဘာဝကျလို့ပေါ့၊ မဟုတ်လို့ကတော့ . . ."

အောင်မာ . . . ဒင်းက လာလာချည်သေး။ နေလတ်က ကောင်မလေးမခံချင်အောင် ထပ်စလိုက်သည်။

"မဟုတ်လို့ကတော့ တစ်ခြားခုံမှာ သွားထိုင်မှာပေါ့ . . ."

"ခင်ဗျားနော် . . လာမရိုနဲ့ . . ."

ချက်ချင်းပင် အံနေအထားက ပြန်တင်းမာလာပါသည်။ နေလတ်က စ,လက်စနှင့်ပဲ ရယ်ကျဲကျဲလုပ်ကာ . . .

"မရိုရဲပါဘူး မမရယ်၊ ကြောက်ပါတယ် . . ."

"ကြောက်ပါရင် . . ရွှေဘုံသာလမ်း သွားရောင်းပေါ့"

ကောင်မလေးက မခေပါ။ ခံစစ်မှသည် တိုက်စစ်ဆီသို့ ပြန်လှည့်လာပြန်၏။ နေလတ်က ထပ်မစတော့ဘဲ စူပုတ်နေသည့် ကောင်မလေးကို မသိမသာ အကဲခတ်မိသည်။ ကောင်မလေးက ယောက်ျားလေးဆန်ဆန် ဝတ်ထားပေမယ့် ချစ်စရာလေးပါ။ ဖြူနုရှင်းသန့်သော မျက်နှာလေးက ထူးထူးခြားခြားလေး။ ဘာမှလည်း မလိမ်းချယ်ထားပေ။ နားရွက်ကလေး ထောင်ထောင်။ ရှေ့သွားလေးနှစ်ချောင်းက ခပ်ကြီးကြီးလေးမို့ ယုန်ဖြူလေးတစ်ကောင်နှင့်ပင် တူသေးသည်။ ယုန်လေးဟု စိတ်ထဲကကျိတ်ပြီး နာမည်ပေးလိုက်မိ၏။ နေလတ်လည်း အလုပ်ရှိသေးသောကြောင့် သိပ်မငမ်းအားတော့ဘဲ ပြန်ရန်ထရပ်လိုက်ရင်း ပါးစပ်က အလိုလိုထွက်သွားသေး၏။ သွားရည်မဟုတ်ပါ။ စကားဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . မမ . . အားရပါးရ တဝကြီးထိုင်တော့နော်၊ ကျွန်တော် ပြန်လိုက်ပါဦးမယ် . . ."

"ဝေးလေကောင်းလေပဲ . . ကြွ . . ကြွ . . ."

ဘောက်ဆတ်ဆတ်အပြောကြောင့် နေလတ်လှည့်ထွက်လာရင်း ပြုံးမိသေးသည်။ ကိုရီးယားလိုချောသည့် ကောင်မလေးကိုကြည့်ပြီး ဒီလိုအဖြစ်မျိုးတွေလည်းရှိလားဟု တရုတ်ကားထဲကလို တွေးမိလိုက်၏။ ကောင်မလေးကတော့ ပြင်သစ်တစ်နိုင်ငံလုံး ခုမှအပိုင်သိမ်းလိုက်ရသည့် ဟစ်တလာလို ရင်ကော့ကျန်ခဲ့မှာ သေချာပါသည်။ ကြည့်မကောင်းမှာစိုး၍ လှည့်မကြည့်တော့။ ကိုယ်ကလည်း ဂျူးမဟုတ်ပေမယ့် အရှုံးပေးချင်နေသည်ကိုး။ (စာရေးဆရာမဂျူးမဟုတ်ပါ။ ဂျူးလူမျိုးကို ဆိုလိုပါသည်။)

* * * *

ရန်ကုန်မြို့၏ မနက်ခင်းတစ်ခုသည် ကားသံ၊ လူသံများဖြင့် ဆူညံစွာ အလိုက်သင့် နိုးထလာပြန်သည်။ ကျောက်ခက်ပွင့်ကုမ္ပဏီ၏ ရုံးခန်းထဲတွင်လည်း တိုက်ရိုက်အချိုးညီစွာ ငရဲခန်းတမျှ ဆူညံပွက်လောရိုက်နေ၏။ အော်ဟစ်၊ ကြိမ်းမောင်းပြီး ခိုင်းစေနေသူက မန်နေဂျာနေမျိုးကျော်ပါ။ အဆီတဝင်းဝင်းနှင့် ပွထနေသော နေမျိုးကျော်၏ မျက်နှာကိုကြည့်ပြီး မနေ့ညက သောက်တာများသွားသောကြောင့် အရှိန်မပြေဘဲ စွတ်ဖြုံနေသလားဟုပင် နေလတ်က မည့ာမတာ တွေးမိသေးသည်။

"ဟဲ့ . . နွယ်နီ၊ နင့်ပစ္စည်းတွေကို သေချာစစ်ဦး၊ ကိုယ့်ပစ္စည်းက ပါကင်ဟုတ်ရဲ့လားလို့ တစ်ခါထဲကြည့်သွား၊ ဟိုရောက်မှ မနေ့ကလို ဖင်ပွင့်ကြီးဖြစ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သန္တာအေး . . ဘယ်မလဲ လာဦး၊ နင်နေ့ ကြည့်လိုက်ရင် ပြာပြာ ပြာပြာနဲ့၊ ကြည့်လုပ် ငါသိပ်မပြောချင်ဘူး"

"ဟိုကောင် ကပ္ပလီ၊ အောက်ကိုသွားစမ်း၊ လေးလုံးသူရကို ကားအဆင်သင့်ဖြစ်ပြီလား သွားမေးစမ်း"

"အေးသီတာ . . အေးသီတာ . . ဝက်ပုတ်မ မလာသေးဘူး လား၊ ဒီကောင်မလေးဆို အမြဲနောက်ကျ . . ."

ထိုသို့ပင် ဝရုန်းသုန်းကား ဖြစ်နေကြသည်။ နေမျိုးကျော် အမေးကို ဘယ်သူမှ အရေးတယူ မဖြေကြပါ။ ဖြေမိလျှင် ပိုဆိုးပေ မည်။ ကိုယ့်အလုပ်ကိုယ်မဲကာ လုပ်ချင်ယောင်ဆောင်နေကြသည်။ အစိတ်သားက လှမ်းကြည့်လေ နေမျိုးကျော်က ပါဝါ (ဓါတ်ခဲမဟုတ်ပါ) ပြလေနှင့် ဝန်ထမ်းအသစ်များမှာ ဝင့်ကြွေးအပေါင်းကို နေ့စဉ်နှင့် အမျှ ခံနေရရှာသည်။ သူလခပေးတာမဟုတ်ဘဲ မဆီမဆိုင်နှင့် ရင်နင့် ဖွယ်ပင်။

"ကိုကိုရေ ဖုန်းလာနေတယ်"

"ကိုကိုလို့ ဖုန်းလာနေတယ်လေ"

နေမျိုးကျော် ဆတ်ခနဲ ဖြစ်သွား၏။ အစိတ်သားက ချစ်စနိုး ဖြင့် လှမ်းပြောခြင်းမဟုတ်ပါ။ နေမျိုးကျော်ခါးမှ ဟန်းဖုန်းက အသံ ထွက်လာခြင်း ဖြစ်သည်။ ဒီလို ပေါက်ပေါက်ရှာရှာအသံတွေ ထည့်ထား တာကိုလည်း အစိတ်သားက သိပ်ကြည့်ရသည်မဟုတ်။ ဒါကိုပင် နေမျိုးကျော်က လုံးဝအထာမပေါက်ဘဲ မိုက်လုံးကြီးစွာ ဂုဏ်ယူချင် သေးသည်။ ဝါရင့်မန်နေဂျာ မဟာငတုံးကြီးဟုပင် ဆိုနိုင်သည်။

ခါးက ဖုန်းကို ဖြုတ်ကာနားထောင်ရင်း နေမျိုးကျော်မျက်နှာ ကြည်လင်တောက်ပသွား၏။ ထိုသို့ဆို၍ တိတ်တိတ်ပုန်းမယားဆီမှ ဖုန်းမဟုတ်ပါ။ ကုမ္ပဏီမှ ပစ္စည်းအများဆုံး ဖြန့်ပေးနိုင်သည့် တရုပ်မ ကြီးဝေ့မှူးကျင့်ထံမှ ဖြစ်သည်။ နေမျိုးကျော်က သူမဗူးအောင် ချိုသာ



www.burmeseclassic.com

www.burmeseclassic.com



သောအသံဖြင့် . . .

"ဟလို . . အန်တီကျင့်၊ နေကောင်းတယ်နော်"

" . . . . . . . . . . . . . . . . . . . . "

"ဈေးလား၊ မတက်သေးပါဘူး အန်တီကျင့်ရဲ့၊ တက်ရိပ်ရှိရင် အန်တီကျင့်ကို အရင်ပြောမှာပေါ့၊ ကိုယ့် customer အရင်းကြီးတွေပဲဟာ . . ."

" . . . . . . . . . . . . . . . . . . . . "

"ဒီနေ့လား၊ ငါးဆယ်နော်၊ အင်း . . ရပ့်မလား မသိဘူး၊ ဒါပေမယ့် ရစေရမယ်ဗျာ၊ မနက်စာ ကျွေးရမယ်နော် . . ဟဲ ဟဲ"

" . . . . . . . . . . . . . . . . . . . . "

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ခင်ဗျ၊ လက်ကျန်တွေလား အဲဒါတွေလည်း လဲပေးမှာပေါ့၊ ဒါနဲ့ ဒီနေ့ ပန်းဝတ်မှုန်ကုမ္ပဏီက ဘယ်ဈေးဖွင့်သွားလဲ မသိဘူး . . ."

" . . . . . . . . . . . . . . . . . . . . "

"ဟုတ်လား၊ ကျေးဇူးပဲ အန်တီကျင့်ရေ၊ ဒါပဲနော်၊ မိတ်ဆုံစားပွဲကျရင် ဖိတ်လိုက်ဦးမယ်၊ ဒါပဲ . . ဒါပဲ"

ဖုန်းပြန်ပိတ်လိုက်လိုက်ချင်း နေမျိုးကျော်၏မျက်နှာက နဂိုအတိုင်း ပြန်တင်းမာသွားပါသည်။ အသစ်ကောင်မလေးတွေမှာ နားမလည်နိုင်ကြတော့။ ပစ္စည်းတွေပေါ်လျက်နှင့် ပါကင်ငါးဆယ်လောက်တို ရပ့်မလားဟု လုပ်သေးသည်။ မျက်နှာကလည်း စပရိန်လို အမျိုးမျိုး . . ။ ဂျာကြီး ကြည်လင်ပြီဟုထင်ကာမှ ပုံစံပြောင်းသွားပြန်ပြီ။

"ဟဲ့ . . ပြီးရင် အားလုံးသွားကြတော့လေ၊ ငါ့ကို ကျီးယားမင်းသားမှတ်လို့ ငေးနေကြတာလား"

ထိုသို့ အကြောကြီးနှင့် အော်ထုတ်တော့၏။ သူ့ဘအးကြီးနှင့်သူ့ရွာသားလို ဖြစ်နေသောကြောင့် နေလတ်လည်း မပြောဘဲ အသာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလိုက်သည်။ ဝန်ထမ်းတွေ အားလုံးထွက်သွားလျှင် နေမျိုးကျော်၏မျက်နှာက တစ်မျိုးပြန်ဖြစ်ဦးမည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှင့် စီးပွားပြိုင်ဘက် ပန်းဝတ်မှုန်၏ လျှို့ဝှက်ဖွင့်ဈေးကို တရုပ်မကြီးဝေ့မှူးကျင့်ထံမှ နှိုက်ထုတ်လို့ရလိုက်သည် မဟုတ်ပါလား။ တရုပ်မကြီးဝေ့မှူးကျင့်ကလည်း မြောက်သာပြော ယောက်ျားဆိုလျှင် ဟိုဟာဒုတက်အောင် တမည့်လူစားမျိုး။ ခုတော့ ကျမမှာ မိန်းမသားမို့ တော်သေးပေ၏။ ဒါတောင် ဈေးကောင်းကောင်းမရောင်းဘဲ ဟိုကုမ္ပဏီနှင့် ဒီကုမ္ပဏီ စကားရောင်းပြီး ရန်တိုက်ပေးတတ်သေးသည်။ မည်သို့ပင်ဖြစ်စေ ဝါရင့်မန်နေဂျာနေမျိုးကျော်တစ်ယောက် သူ့ကိုယ်သူ ဂုဏ်ယူစွာနှင့် အစိတ်သားကို ကြည့်လိုက်၏။ အစိတ်သားကတော့ ဖုတ်လေသည့်ငပိ ရှိသည်ဟုပင်မထင်ဘဲ မပြင်ဟန်ဆောင်ထား၏။ ဝါရင့်မန်နေဂျာကြီးက ထိုသို့ထိုပုံ စန်းပွင့်လှပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၄)

အလုပ်ထဲမှာ ဘယ်လောက်စိတ်နှစ်နေမိသည်မသိ။ ဗိုက်က အဆာလွန်ပြီး အောင့်တောင့်တောင့်ဖြစ်လာတော့မှ နာရီကြည့်မိသည်။ နေ့လည်နှစ်နာရီပင် ထိုးပြီ။ ကြည့်နေသော စာရင်းဇယားများကို အသာ အားလိုက်ရင်း နေလတ် ရုံးခန်းထဲမှ ထထွက်လိုက်၏။

မျက်စိဝေ့၍ နေမျိုးကျော်ကို ရှာမိသည်။ မတွေ့။ ကပ္ပလီကို လှမ်းမေးလိုက်၏။

"ကပ္ပလီ . . မင်းဆရာ ဘယာကျော် ဘယ်သွားလဲ . . ."

တစ်ရုံးလုံးက နေမျိုးကျော်ကို ဆရာကျော်ဟုခေါ်သော်လည်း တစ်ခါတစ်ခါ နေလတ်က ဘယာကျော်ဟု နောက်ပြီးခေါ်သည်။ ကပ္ပလီက . . .

"ဆရာကျော် မရှိဘူး ဆရာ၊ မမအစိတ်သားနဲ့ လိုက်သွား တာတွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



အစိတ်သားကတော့ လိုလိုလားလားခေါ်မည် မဟုတ်ချေ။ နေမျိုးကျော်က အတင်းကပ်လိုက်သွားခြင်း ဖြစ်မည်။ ဒီအချိန်ဆိုရင်တော့ အစိတ်သားရဲ့ မကြည်လင်မှုအောက်မှာ နေမျိုးကျော် ဖွတ်ဖွတ်ကျေနေလောက်ပြီဟုတွေးရင်း ဝမ်းသာရသည်။ တစ်ယောက်ထဲမို့ ထမင်းဆိုင်သွားစားရန် ပျင်းသွား၏။ ထိုသို့ဖြင့် ကော်ဖီနှင့်မုန့်တစ်ခုခုပဲ စားလိုက်မည်ဟုတွေးကာ နီဂရိုးအိန်ဂျယ်ဘက်သို့ ထွက်လာခဲ့သည်။

ဆိုင်ထဲမှာ လူသူရှင်းနေပါသည်။ ဘာရယ်မဟုတ်ဘဲ ဟိုတစ်နေ့က ကောင်မလေးနှင့် အချေအတင်ဖြစ်ခဲ့သည့်ခုံသို့ မျက်စိကရောက်သွား၏။ နေလတ်အံ့ဩသွားမိသည်။ သူ့ကိုယ်သူ ကျွန်တော်၊ ကျွန်တော်နှင့်ပြောသော ရန်ကုန်သူ အဲဒီကောင်မလေးပါပဲ။ သူနှင့်နေရာလုခဲ့သောခုံတွင် ကျကျနနထိုင်နေ၏။ ကစားစရာတစ်ခု တွေ့လိုက်ရသလို နေလတ်အူမြူးသွားပြီး ထိုကောင်မလေးထိုင်နေသည့် စားပွဲသို့သွားကာ ခပ်တည်တည်ထိုင်ချလိုက်သည်။ သူ့ကိုတွေ့တော့ ကောင်မလေးက အံ့ဩသွားပုံရ၏။ ပြီးမှ မျက်နှာလေးတင်းကာ တစ်ဖက်ပြန်လှည့်သွားသည်။ ဘာမှတော့မပြော။ ဟိုတစ်ခါ ဝိတ်တာလေးက ရင်ကြားစေ့ပေးထား၍ ဖြစ်မည်။

ခဏနေတော့ ဟိုတစ်နေ့က ဝိတ်တာလေးပဲရောက်လာပြီး နေလတ်ကို ပြုံးစိစိနှင့်ကြည့်ကာ . . .

"အကို ဘာသောက်မှာလဲ"

နေလတ်က တစ်ချက်စဉ်းစားဟန်ပြုပြီးမှ ကောင်မလေးသောက်နေသည့် ကော်ဖီခွက်ကို လက်ညှိုးထိုးပြရင်း . . .

"နာမည်မေ့နေတယ်ကွာ၊ အဲဒီကော်ဖီမျိုးလေ၊ ဘာဆိုလဲ . . ."

"မက်(စ်)ဝဲလ် (Mexwell) ပါ အကို"

"အေး အဲဒါပဲ ပေးကွာ . . ."

ထိုသို့ နေလတ်မှာလိုက်စဉ်မှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဘာဖြစ်လို့ ကျွန်တော်မှာတာကို လိုက်မှာတာလဲ၊ ခင်ဗျား နော် . . ."

ခပ်စွာစွာအသံလေးကြောင့် နေလတ်က ပခုံးကို နိုင်ငံခြား မင်းသားတွေအတိုင်း ဟန်ပါပါတွန့်ပြီး . . .

"ဟာ ဘာဆိုင်လဲ၊ ငါသောက်ချင်လို့မှာတာပေါ့၊ ကော်ဖီ နာမည်မေ့နေလို့ကွ . . ."

"ကိုယ်သောက်ချင်တဲ့ ကော်ဖီတောင် နာမည်မသိဘူး"

ကောင်မလေးက မျက်စောင်းထိုးကာ မကျေမချမ်း ရေရွတ် တော့သည်။ ပြီးမှ MP 4 နားကျပ်ကက်ဆက်လေးကိုထုတ်ပြီး နား ထောင်နေပြန်သည်။ နေလတ်လည်း ကိုယ့်ကော်ဖီကိုယ်သောက်ကာ သူ့လိုနားထောင်စရာ MP 4 မရှိ၍ ကြည့်လို့ရသည့် မျက်လုံးဖြင့် ကောင်မလေးကို ကြည့်နေမိ၏။ ကောင်မလေးက သူ့ကို ဂရုမစိုက်ပါ။ သူ့သီချင်းနှင့်သူ နစ်မျောနေဟန်ရှိသည်။ ထိုအချိန်မှာပဲ နေလတ်၏ ဖုန်းဖုန်းက စူးစူးဝါးဝါးမြည်လာ၍ ကောင်မလေးက အာရုံနောက် သလို မကြည်ကြည့်လှမ်းကြည့်၏။ နေလတ်က မသိကျိုးကျွံပြုကာ ဖုန်းကို နားထောင်လိုက်သည်။ နေမျိုးကျော် ဆက်ခြင်းဖြစ်သည်။ အုတ်ဆိုးထိုးသံလို နားထဲ တိုးဝင်လာ၏။

"နေလတ် ဘယ်တွေလျှောက်သွားနေတာလဲကွာ၊ ဒီညနေ အစည်းအဝေးရှိတယ်လေ၊ ပြန်လာတော့ . . ."

ဒင်းကပဲ တပြန်ကြီး လာပြောနေသည်။ တစ်နေ့ခင်းလုံး အစိတ်သားနောက် အနံ့လိုက်ရှုနေပြီးတော့။ ငပြူးက ပြန်ပြနေသဖြင့် နေလတ်စိတ်ထဲ ခပ်ချဉ်ချဉ်ဖြစ်သွား၏။

"ငါသိတယ် ဟေ့ကောင်၊ မင်းရော နေ့လည်က ဘယ်အရေး ထိုက်နေတာလဲ"

"ကိစ္စရှိလို့ အစိတ်သားနဲ့ အပြင်ခဏသွားတာပါကွာ၊ ခုမင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာရင် ဆေးလိပ်တစ်ဗူးလောက် ဝယ် . . .”

“ဟော့ကောင် တော်တော့ . . .”

နေလတ်အော်လိုက်သဖြင့် နေမျိုးကျော် ကြောင်သွားဟန်တူသည်။ ဘေးက ကောင်မလေးပင် ဆတ်ခနဲ နားကျပ်ဖြတ်ကာ ရှုသိုးသိုးကြည့်၏။ နေမျိုးကျော်က နားမလည်စွာပဲ (နာချင်၍) . . .

“နေလတ် . . ဘာဖြစ်တာလဲ၊ ဆေးလိပ်ကုန်သွားလို့ ငါဆေးလိပ်မှာတာလေ . . .”

“ဟော့ကောင် ထပ်ပြောမနေနဲ့၊ ငါခိုင်းတာပဲလုပ်၊ မင်းဘာမှလျှာရှည်စရာမလိုဘူး၊ ဒီကုမ္ပဏီမှာ ငါအကြီးဆုံး၊ ငါအကုန်သိတယ်၊ ငါအကုန်တတ်တယ်၊ ငါအကုန်နားလည်တယ်၊ ကြားလား ဟော့ကောင်”

ဒေါသတကြီးဟန်ဖြင့် ပြောချင်တာတွေပြောပြီး နေလတ် ဖုန်းပိတ်ပစ်လိုက်၏။ ဟိုဘက်က နေမျိုးကျော်တော့ ဘယ်လိုနေမည်မသိ။ ဆေးလိပ်မှာတာကို နေလတ်စိတ်ဆိုးခြင်း မဟုတ်ပါ။ ဒါပေမယ့် ခုလောလောဆယ် သူ့ဘေးကကောင်မလေး အထင်ကြီးသွားဖို့လိုသည်။ သို့သော်လည်း ကောင်မလေးက နေလတ်၏ ဆောင့်ကြွားကြွားပုံစံကို အမြင်ကတ်ဟန်ဖြင့် မထိမဲ့မြင်ကြည့်ကာ . . .

“ဟော့လူကြီး . . မနေ့က မန်ယူပွဲ ဘယ်လောက်နဲ့ပြီးသွားလဲ”

ခက်ချေပြီ။ အကုန်သိသည်ဟုပြောသည့် နေလတ်လည်း ဒါတော့မသိပါ။ ဘောလုံးပွဲမကြည့်တာပင် ကြာပြီ။ ဒါပေမယ့် ဒီကောင်မလေးကို အလျှော့မပေးချင်၍ ခပ်တည်တည် ပြန်ပြောရသည်။

“ဒါတော့ ဘယ်သိမလဲကွ၊ ငါက မင်းလို အားအားယားယားမှ မဟုတ်တာ၊ အလုပ်တွေ အများကြီး”

“ခုနကတော့ အကုန်သိဆို၊ ဆရာကြီးလိုလို ဘာလိုလိုနဲ့ ဟား . . ဟား . . .”

ထရယ်၍ နေလတ်ရှက်ရှက်နှင့် ဘာပြောရမှန်းမသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကပဲ အပေါ်စီးလေသံနှင့် ထပ်မေးပြန်သည်။

"နေစမ်းပါဦး၊ ခင်ဗျား P 2 ရော သိလား"

"P 2 တော့ မသိဘူး၊ PG ပဲ သိတယ်"

ကောင်မလေးက ကြောင်သွားပြီး . . .

"ဟင် . . အဲဒါက ဘာ Game လဲ"

"ဟာ . . ဘာ Game မှ မဟုတ်ဘူး၊ PG ဆိုတာ Promoter girl တဲ့၊ ငါ့ကုမ္ပဏီက အရောင်းမြှင့်တင်တဲ့ ကောင်မလေးတွေကို ပြောတာ၊ မင်းတို့အရွယ်တွေပဲ"

ကောင်မလေးက PG ကို စိတ်ဝင်စားဟန် မရှိချေ။ သူ့ကို မြှတ်ခနဲ ကြည့်လိုက်ရင်း . . .

"ခင်ဗျားက ကုမ္ပဏီပိုင်ရှင်လား"

"အစစ်ပေါ့ . . ."

နေလတ်၏ ထောင့်မကျိုးသည့် ဖြေသံကို ကောင်မလေးက အူယားသွားဟန်တူသည်။ ကုတ်လို့မရသောကြောင့် . . .

"ဒါဆို ခင်ဗျားနဲ့ကျွန်တော် ဘောလုံးကန်မလား"

ဘာမှလဲ မဆိုင်ပါ။ ဒီအရွယ်ကြီးမှ ဒီကောင်မလေးနှင့် ဘောလုံးကန်ရမည်လား။ ဘယ့်နှာလေးမှန်းကို မသိချေ။

"ဟာ . . ဘာလို့ကန်ရမှာလဲ၊ အဓိပ္ပါယ်မရှိတာ၊ မင်းကကော ကန်တတ်လို့လား"

"Game ဆော့မလို့ပြောတာဗျ၊ ဘယ်သူက ခင်ဗျားနဲ့ ကွင်းထဲမှာ ကန်မှာလဲ . . ."

"ကွင်းထဲမှာလည်း မကန်ဘူး၊ Game လည်း မဆော့ဘူး"

"ဒါနဲ့များ အကုန်သိ၊ အကုန်တတ်တဲ့၊ ကုမ္ပဏီပိုင်ရှင်ပါ၊ စကြောက်ကြီး . . ."

ပြောရင်းဆိုရင်း အနိုင်နှင့်ပိုင်းကာ ကောင်မလေးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ နေလတ်မှာ အူကြောင်ကြောင်နှင့် ကျန်ခဲ့ရ၏။ ဒီကောင်မလေးက သူ့နေရာလုထား၍ သိပ်မကြည်တာ သေချာပြီ။ ခုလည်း မိမိကို စကြောက်ကြီးတဲ့။ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ရသည့်အဖြစ်ကို တွေးမိပြီး နေလတ်ရယ်ချင်လာမိသည်။ ဒီကောင်မလေးနှင့် စကားပြောရတာ ပျော်သလိုလိုရှိသားဟုတွေးရင်း ကုမ္ပဏီသို့ပြန်ခဲ့၏။

ပြန်ရောက်တော့ ရုံးခန်းထဲမှာ ကမ္ဘာပျက်မတတ်ဖြစ်နေပြီ။ အစည်းအဝေးကို ဝါရင့်မန်နေဂျာကြီးက ဦးဆောင်ကျင်းပနေခြင်းဖြစ်၏။ ဖြစ်မြောက်ဟန်တော့ မတူချေ။ နေမျိုးကျော်က ပြောချင်ရာပြော၊ ဝန်ထမ်းတွေကလည်း ပြောချင်ရာပြော ဖြစ်နေသည်။ အထဲမဝင်သေးဘဲ နေလတ်အပြင်က ခဏကြည့်နေလိုက်၏။ နေမျိုးကျော်က သူ့စကားကို အာရုံမစိုက်ကြသဖြင့် ဒေါသတကြီးအော်နေ၏။

"မင်းတို့တွေ ငါပြောတာရော ကြားကြရဲ့လား၊ အမျိုးစပ်ချင်ရင်လည်း နောက်မှစပ်ကြပေါ့၊ ဒီကို ကြည့်ကြဦး"

ဝန်ထမ်းတွေအားလုံး ငြိမ်သွားကြပြီး ဝုန်းဆို နေမျိုးကျော်အားဝိုင်းကြည့်နေကြပြန်၏။ သူတို့မန်နေဂျာ စိတ်ချမ်းသာရင် ကမ္ဘာကြီးငြိမ်းချမ်းသည်ဟု တွေးမိကြလို့လားမသိ။ နေမျိုးကျော်ပြောသမျှကို အားလုံးငူငူကြီးကြည့်ပြီး နားထောင်နေကြပါသည်။ သူပြောသမျှကို ထောက်ခံခြင်းလည်း မလုပ်၊ ငြင်းဆန်ခြင်းလည်း မလုပ်၊ အဆိုတင်သွင်းခြင်းလည်းမပြုသော ဝန်ထမ်းများအား နေမျိုးကျော် တစ်မျိုးမြင်လာပြန်သည်။ ထို့ကြောင့် . . .

"ခက်တယ်ကွာ၊ မင်းတို့ ဒီလိုပဲ နားထောင်နေကြတော့မှာလား၊ မကျေနပ်တာရှိရင် ပြောလို့ရတယ်၊ ကုမ္ပဏီအတွက် ပိုကောင်းမယ်ထင်ရင်လည်း အကြံပေးလို့ရတယ်၊ ပြောကြဦးလေ၊ ငါ့ကိုပဲ ကြည့်မနေကြနဲ့ဦး၊ ဘာလဲ ငါက ကိုရီးယားမင်းသားနဲ့ တူနေလို့လား . . ."

ဘယ်သူမှ မရယ်ကြချေ။ နောက်ဆုံးမှာ နားထောင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပလီပင် ထိုစကားကို တင်းသွားသေး၏။ ဒီလူကြီးက သူ့ကိုယ်သူ ကိုရိုးယားမင်းသားနဲ့ တူလားဆိုပြီး အရှက်မရှိ အမြဲပြောသည်။ ပြော မယ်ဆို မိမိလည်း ကုလားမင်းသား ရှာရွှတ်ခန်းနှင့်တူသည်ပဲ။ သူ့လို ကိုယ့်ကိုကိုယ်ဖော် မသူတော်လုပ်ပြီး တစ်ခါမှမပြောပါ။ ထိုသို့ ကပ္ပလီ တွေးနေစဉ်မှာပဲ . . .

"ပြောကြဦးလေ၊ မင်းတို့ခေါင်းမှာ ဘာဉာဏ်မှ မရှိကြဘူးလား၊ မင်းတို့ပါးစပ်တွေ ပိတ်သွားကြပြီလားကွ . . ."

ငြိမ်နေမှ နေမျိုးကျော်က ပိုဆိုးလာသည်။ ကပ္ပလီက မဝံ့မရဲ ထလိုက်တော့ . . .

"ဟိုမှာတွေ့ကြလား၊ မင်းတို့လောက် ပညာမတတ်တဲ့ ကပ္ပလီ တောင် အကြံဉာဏ်ထွက်သေးတယ်၊ ပြောညီလေး ဘာများတင်ပြချင် လို့လဲ"

"ဘာမှ မတင်ပြချင်ပါဘူး ဆရာကျော်"

"ဘာကွ . . ဒါဆို မင်းဘာဖြစ်လို့ ထရပ်တာလဲ"

"ဒီ . . ဒီလိုပါ ဆရာကျော်၊ ဆရာကျော်က ဟိုကိုရိုးယား မင်းသားနဲ့တူလို့လား ဆိုတဲ့စကားကို အမြဲပြောတယ်နော် . . ."

နေမျိုးကျော် နဝေတိမ်တောင်ဖြစ်သွား၏။ ကပ္ပလီကိုကြည့် ပြီး စိတ်ပေါက်ပေါက်နှင့် . . .

"အေး ပြောတယ်ကွာ၊ အဲဒါ ဘာဖြစ်လဲ . . ."

"ပြောရင်လည်း ပြောစရာပါပဲ ဆရာကျော်ရယ်၊ ဆရာကျော် ကလည်း တူတာကိုး . . ."

"ဟေ . . ဘယ်လို . . ဘယ်လို . . ငါက စကားအဖြစ်နဲ့ ပြောတာပါကွာ၊ အဟဲ . . ."

နေမျိုးကျော် လေသံပျော့ကျသွားသည်။ စိတ်ထဲမှာလည်း တစ်မျိုးလေးဖြစ်သွား၏။ ကပ္ပလီကပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကျော်ကလည်း လျှို့ပြန်ပြီ၊ တကယ်တွေ့တာပါဗျ . . ."

မဖြစ်နိုင်မှန်းသိရက်နှင့် နေမျိုးကျော် စဉ်းစားသွားမိသည်။ ဘယ်သူနှင့်တွေ့တာလဲ . .။ ဒါရိုက်တာရင် ထိုမှ လီယောင်ဂျေး၊ လီယောင်ဂျေးမှသည် ဂျူမုံထိအောင်ရောက်သွား၏။ စဉ်းစား၍မရ။ ထို့ကြောင့် အရှက်ကင်းမဲ့စွာဘဲ ထပ်မေးလိုက်မိသည်။

"ပြောစမ်းပါဦးကွ၊ ဘယ်သူနဲ့များ ငါကတွေ့နေရပြန်တာလဲ"

အားလုံး၏အကြည့်များက ကပ္ပလီထံ စုပြုံရောက်ရှိသွား၏။ ထိုမှ မိုက်လုံးကြီးစွာမေးနေသော မန်နေဂျာအား ကပ္ပလီ မည်သို့ဖြေမည်လဲ။ မသိပါ။ တဖက်မှာ ကိုရီးယားမင်းသားသောင်းလျှာ မန်နေဂျာက အဖြေကို ပြုံးပြုံးကြီး စောင့်နေလေပြီ။ ကပ္ပလီက ခပ်အေးအေးပဲ ဖြေလိုက်ပါသည်။

"ကိုရီးယားမင်းသား ဘာကင်စောပါ ဆရာကျော်၊ ဘာကင်စောနဲ့တွေ့တာပါ"

ဘာကင်စောတဲ့ . .။ ဘယ်ဇာတ်လမ်းတွဲကလဲ။ သူလည်း မကြားဖူးချေ။ ဩော် . . မိမိမှ ဇာတ်လမ်းတွဲကို နေ့တိုင်းမကြည့်ဖြစ်တာကိုးဟုတွေးကာ ဝန်ထမ်းများကို ဝေ့ကြည့်လိုက်၏။ အားလုံးတီးတိုးပြောကြရင်းက ပြုံးစိစိဖြစ်နေကြသည်။ နေမျိုးကျော်တွေခနဲ ဖြစ်သွား၏။ တကယ်မရှိတဲ့ ကပ္ပလီနောက်ပြီလား။ လှမ်းကြည့်လိုက်တော့ ကပ္ပလီက မရှိတော့ချေ။ နောင်တ,တရားက ရင်ထဲလှိုက်ခနဲ ဝင်လာ၏။ မထူးတော့ပြီမို့ ခပ်တည်တည်နှင့် မေးရတော့သည်။

"ဟေ့ . . ဘာကင်စောဆိုတာ ဘယ်ဇာတ်လမ်းတွဲကလဲကွ ဟေ . . ပြောလေ၊ ဘယ်ဇာတ်လမ်းတွဲကလဲလို့"

ဘယ်သူမှ မဖြေကြပါ။ နေမျိုးကျော်က ဖြစ်သမျှအကြောင်း ...ကောင်းချည်းပါပဲဟု နှလုံးသွင်းရင်း ဆို့နစ်စွာဖြင့် . .

"ဖြေကြလေကွာ၊ ဟော့ကောင် သူ့ရ မင်းဖြစ်မိမ်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကင်မဟုတ်သော ဒရိုင်ဘာသူရက လေးတွဲ့စွာ ထရပ်လိုက်၏။ ပြီး . . .

"ဆရာကျော် . . ဟိုလေ . . ဘာကင်စောဆိုတာက . . ဟို . . ဟို . . ဘော . . ဘော . . ဟို ဘောကင် . . ."

ရပါပြီ။ ဇီလောက်ဆို နားလည်လိုက်ပါပြီ။ ဟင့် . . ရှတ် . . ။ ဝါရင့်မန်နေဂျာနေမျိုးကျော် ယူကြုံးမရစွာ သိလိုက်ရပါပြီ။ ဘာကင်စောဆိုတာ . . အမလေးဟဲ့ . . ဘောကင်ဆာပေ့ါ။ သွားပြီ။ ဘဝမှာ ရစရာ ဝင် မရှိတော့။ မေးမိသည်ကိုက မိမိမဟာအမှားပါပေ။ ခုတော့ နှစ်ထောင့်ရှစ်ခုနှစ်၏ အရှက်မရှိဆုံးပုဂ္ဂိုလ်ဖြစ်ရပြီ။ ဆို့နင့်အက်ကွဲစွာပဲ မျက်စိစုံမှိတ်ပြီး- အော်လိုက်မိသည်။

"ကပ္ပလိ . . ."

ကပ္ပလိကား လေနှင့်အတူဆိုသလို လွင့်ပြယ်သွားလေပြီ။ တိုရီးယားမင်းသားကြီး ဘာကင်စောကတော့ ငူငူကြီးရပ်နေဆဲ . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၅)

နေလတ်လည်း အားလျှင်အားသလို နီဂရိုးအိန်ဂျယ် ကော်ဖီဆိုင်သို့သွားသည်။ အေးအေးဆေးဆေး ကော်ဖီကို အရသာခံ သောက်ချင်အားကြီးလို့တော့ မဟုတ်ပါ။ ဟိုကောင်မလေးနှင့် တွေ့ချင်တာလည်း ငါးဆယ်ရာခိုင်နှုန်းလောက်ပါသည်။ ခုလည်း နေလတ်ရောက်သွားတော့ မယ်မင်းကြီးမလေးက ပရိသတ်ကြီးသိထားသော ခုံမှာပဲ သူ့သဘောနှင့်သူ ထိုင်နေလေပြီ။ (နေလတ်ကို အရေးတယူ စောင့်နေခြင်းမဟုတ်ဟု ဆိုလိုပါသည်။)

နေလတ်ကလည်း လာရင်းရည်ရွယ်ချက်နှင့်မို့ ထိုခုံမှာပဲ အနေအထိုင်မတတ်စွာ သွားထိုင်ပါသည်။ ကောင်မလေးကတော့ အသျှက်မရှိစွာပြုံးရင်း ခရီးဦးကြိုမပြုပါ။ ကိုယ့်ဖင်နှင့်ကိုယ် အတင်းဝင်ထိုင်သလိုမျိုး ဖြစ်နေပါသည်။ ဒီနေရာမှာ ပြောစရာရှိလာပါသည်။

နေလတ်က အသက်နှစ်ဆယ့်ကိုးနှစ်စွန်းစွန်းလေး . . .။



www.burmeseclassic.com

www.burmeseclassic.com



ခုခေတ်စကားနှင့်ဆိုလျှင် ရုပ်ရှိ၊ ရေလျှံရုံပင်မက၊ ရည်းစားပင်မရှိသူလည်း ဖြစ်သည်။ ဘလိုင်းကြီးကြွားခြင်းဟု မယူဆစေလိုပါ။ ထိုသို့ပြောရသည်မှာ အကြောင်းရှိပါသည်။

အဘယ့်ကြောင့်ဆိုသော် နေလတ်က သူ့ရှေ့မှာထိုင်နေသော တိုယ့်ထက် အသက်ဆယ်နှစ်လောက်ငယ်မည့် ကောင်မလေးကိုမှ အားမနာစွာ ဆယ်ကျော်သက်ကလေးလို ကမြင်းကြောထနေခြင်းကြောင့်ဖြစ်သည်။ ရုပ်သီချင်းဆိုပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ရှိုးရှိုးဟု လုပ်နေခြင်း မဟုတ်ပါ။ စားပွဲခုံကို လက်နှင့် တတောက်တောက်ခေါက်ကာ ဖွင့်ထားသည့်သီချင်းအတိုင်း စီးချက်လိုက်နေခြင်းဖြစ်သည်။

ကောင်မလေးက သူ့ပုံစံကို ကြည့်မရ၍ ထင်သည်။

"ထိုင်ရင်လည်း ကောင်းကောင်းထိုင်ဗျာ၊ တလောကလုံးမှာ ခင်ဗျားတစ်ယောက်ထဲ မဟုတ်ဘူး"

နေလတ် ဆတ်ခနဲတွန့်သွားပြီး . . .

"ဟာ . . ဆောရီး . . ဆောရီး . . သီချင်းလေးကောင်းတာနဲ့ပဲ တောင်းပန်တယ်နော် . . ."

နေလတ်က မျက်နှာချိုသွေးလိုက်သောကြောင့် . . .

"ရပါတယ်၊ အနှောင့်အယှက်မဖြစ်ရင် ပြီးတာပဲ . . ."

ဒီလိုဆိုတော့လည်း သိပ်မဆိုးပါ။ နေလတ်က ပြောလက်စနှင့် စကားရောဖောရော ဆက်လုပ်လိုက်၏။

"ဟော့ . . မင်းတစ်ခါပြောဖူးတဲ့ Game သွားဆော့မလား၊ အာလုံးကန်တာလေ . . ."

မျက်လုံးလေးလက်သွားကာ ဖြတ်ခနဲ လှမ်းကြည့်ပြီးမှ ကောင်မလေးက မျက်မှောင်ပြန်ကြုတ်ရင်း . . .

"ဘာလဲ၊ ခင်ဗျားမှာ သိပ်အချိန်တွေ ပိုနေလို့လား"

ကိုယ့်စကားနှင့်ကိုယ်မို့ နေလတ်ခံလိုက်ရ၏။ သို့သော် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပေ။ အရှက်ပြေရယ်ပြလိုက်ပြီး . . .

"တစ်ခါတလေ ဒီလိုပဲ ဦးနှောက်ဆေးရစာပေါ့ကွာ၊ မင်းကလည်း . . ."

"ခင်ဗျား ကျွန်တော့်ကို မယုံနိုင်ပါဘူးဗျာ"

"ဒါတော့ ဘယ်ပြောလို့ရမလဲ၊ ငါ့မှာလည်း လက်နှစ်ဖက် ခြေနှစ်ဖက် ရှိတာပဲ"

ကောင်မလေးက ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း . . .

"ဒါဆိုလည်း ရတယ်လေ၊ အလကားကြေးတော့ မဆော့ဘူးနော်"

နေလတ်ခေါင်းစားသွား၏။ သူကလည်း Game ကစားတာကို မြင်ဖူးရုံပဲရှိသည်။ ဘယ်ခလုတ်ကို ဘယ်လိုနှိပ်ရမှန်းပင် သိသည်မဟုတ်။ တော်ကြာ နီကိုရဲ၏ဝတ္ထုထဲကလို တစ်သန်းကြေးဆို ခက်ဦးမည်။ နေလတ်စဉ်းစားနေတုန်းမှာပဲ . . .

"သိပ်လည်း မကြောက်ပါနဲ့ဗျာ၊ နောက်နေ့တွေ့ရင် ကော်ဖီတစ်ခွက်ကြေးပေါ့"

ထိုသို့ဖြင့် ဈေးတည့် အဲ . . လောင်းကြေးညှိပြီးမှ ကောင့်မလေးခေါ်သွားသော Game ဆိုင်သို့ တစ်ယောက်တစ်ဝက်ကားစပ်ငှားပြီး သူတို့ရောက်သွားပါသည်။ ဆိုင်ထဲမှာ ဆယ်ကျော်သက်ကောင်လေးတွေ အများကြီး။ သူ့လိုကြီးကောင်ကြီးမားဆို၍ နှုတ်ခမ်းနီမလေးများအသဲစွဲ စာရေးဆရာဆိုသည့် ဝေမှူးသွင်ဆိုတာပဲရှိသည်။ ဒါတောင်ဟိုကောင်မလေးပြ၍ သိရခြင်းဖြစ်သည်။ စာရေးဆရာဆိုပြီး ကလေးကလား Game လာဆော့နေသည်။ နေလတ်မှာလည်း ကုမ္ပဏီကတန်းလာရ၍ စတိုင်ပင်၊ ရှပ်အကျႌနှင့်နက်တိုင်ပါ စည်းထားသေးသည်။ မတတ်နိုင်။ ဒီပုံစံနှင့်ပဲ ဆော့ရပေမည်။ ဘာပဲပြောပြော ရှုပ်နပ်ဝတ်ပြီး အတင်းကလေးဆန်နေပျိုချင်နေသည့် ဟိုစာရေးဆရာထက်တော့ ဣန္ဒြေ



www.burmeseclassic.com

www.burmeseclassic.com



ရသည် မဟုတ်ပါလား။

ထိုအချိန်မှာပဲ အသံတစ်ခုက ထွက်လာ၏။ သူ့ကိုခေါ်လာသည့် ကောင်မလေးကို လှမ်းပြောခြင်းဖြစ်သည်။

"ဟေ့ကောင် ပြေည့်၊ ဘယ်က ဘဲကျဲကို ခေါ်လာတာလဲကွ"

သွယ်ဝိုက်၍ ပြောခဲလိုက်သည်မို့ နေလတ်စိတ်ထဲက ထောင်းခနဲဖြစ်သွား၏။ ကလေးကလားနှင့် ရန်ဖြစ်ရမည့်အရွယ်လည်း မဟုတ်ပေ။ ကောင်မလေးက သူ့ကို အားနာသလိုကြည့်ပြီး လှမ်းပြောသည့် ကောင်လေးဘက်သို့လှည့်ကာ . . .

"ဟေ့ကောင် လင်းညို့သွေး၊ စကားပြောရင် မရိုင်းနဲ့နော်၊ ခုံနဲ့ကောက်ထုလိုက်မယ်"

"အေးပါကွာ၊ ကြောက်ပါတယ် ပြေည့်ရ . . ."

တဘက်ကောင်လေးက စကားလျှော့ချသွား၏။ ကောင်မလေးက ဒီဘက်ကိုလာဆိုပြီး ခပ်လှမ်းလှမ်းကခုံမှာ နေရာယူလိုက်၏။ ပြီးမှ အသံလေးနှိမ့်ကာ . . .

"တော်ကြာ ခင်ဗျားရှုံးနေရင် ဒီကောင်တွေက လှောင်နေမှာစိုးလို့ ခပ်ဝေးဝေးမှာထိုင်တာ . . ."

နေလတ်ရင်ထဲမှာ နွေးခနဲ ဖြစ်သွား၏။ ဂျစ်ကန်ကန်ကောင်မလေးမှာလည်း စာနာစိတ်ကလေး ရှိပါလား။ သူတွေးနေစဉ်မှာပဲ ပြေည့်ဆိုသည့် ကောင်မလေးက ကစားရန် အသင့်ဖြစ်နေပြီ။ နေလတ်မှာ ရိမုဒ်ပင် မသုံးတတ်၍ သင်ခိုင်းရသေးသည်။ ပွဲအဖြေကတော့ အနိမ့်ဆုံးကြယ်တစ်ပွင့်အဆင့်မှာပဲ ဆယ့်ငါးကိုး၊ ဂိုးမရှိနှင့် ပြတ်ပြတ်သားသား အရှုံးနိမ့်သွားပါသည်။ ဒါတောင် ကောင်မလေးက အားနာလို့လားမသိပေ။ ယှဉ်ပြိုင်ခြင်းသာ အဓိကပါပဲလေဟု စိတ်ကို ဖြေယူရသည်။

ထိုသို့ဖြင့် နေလတ်၏ နှလုံးသားပရီးမီးယားလိဂ်သည် ရာသီ



www.burmeseclassic.com

www.burmeseclassic.com



အစမှာပင် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရပါသည်။

* * * *

P 2 Game စက်ကြီးကိုင်ကာ ရုံးခန်းထဲဝင်လာသည့် နေလတ်ကို နေမျိုးကျော်က တအံ့တဩ ကြည့်နေသည်။ နောက်က ကပ္ပလီကလည်း ဆယ့်ကိုးလက်မတီဗွီကြီးထမ်းလို့။ သူတို့နှစ်ယောက်ကိုကြည့်ပြီး နေမျိုးကျော်က . . .

"ဟေ့ကောင် . . ဘာတွေလဲကွ . . ."

"P 2 လေကွာ၊ Game စက်လေ"

နေမျိုးကျော်က မျက်မှောင်ကုတ်ရင်း ခေါင်းပါထပ်ကုတ်တော့သည်။ နောက်ထပ် ဖင်ပါကုတ်လာနိုင်သည့် အလားအလာတွေ့နေရ၍ နေလတ်က အချိန်မီ ထိန်းလိုက်ရသည်။ လှမ်းမဆွဲပဲ ပါးစပ်ဖြင့် အမြန်ရှင်းပြလိုက်ခြင်း ဖြစ်သည်။

"ရုံးမှာ နေ့လည်အပျင်းပြေ ဆော့ဖို့ပါကွာ"

ခေါင်းတရမ်းရမ်းနှင့် နေမျိုးကျော် ထွက်သွားတော့သည်။ ဖင်တော့ မရမ်းသွားချေ။ ပါးစပ်က အရှူးထပြန်ပြီဟု ဆရာကြီးလေသံနှင့် ရေရွတ်သွားသေးသည်။ မည်သို့ပင်ထင်စေ ဂရုမစိုက်ပါ။ လောလောဆယ် ပြေညှိဆိုသည့် သင်းကလေးကို ဂိုးပြန်သွင်းနိုင်ဖို့က အရေးကြီးနေသည် မဟုတ်ပါလား။

တစ်ရက်လုံး ဘာမှမလုပ်ပဲ Game ထိုင်ဆော့နေမိသည်။ နေမျိုးကျော်က လာကြည့်လိုက်၊ ခေါင်းခါလိုက် လုပ်နေသည်။ ခဏနေတော့ ခေါင်းခါရင်း လာကြည့်ပြန်သည်။ ထိုသို့ပင် မြင်နေရ၍ အစိတ်သားက နားမလည်စွာပဲ နေမျိုးကျော်ကို မေးတော့၏။

"ကိုနေမျိုး . . ဆရာဘာတွေဖြစ်နေတာလဲ၊ တစ်ရက်လုံး

www.burmeseclassic.com



Game တွေပဲ ထိုင်ဆော့နေတယ်"

အစိတ်သားလေးက ရှားရှားပါးပါး ပြေပြေလည်လည်မို့ နေမျိုးကျော်အားတက်သွားပြီး (ခွေးဟိုသင်းမြင်သလို) . . .

"မသိပါဘူး အစိတ်သားရယ်၊ ဒီကောင် ငယ်မူပြန်သွားပြီလား မသိဘူး၊ ငါ့ကိုလည်း အလုပ်တွေ လွှဲထားတယ်၊ ဒီကြားထဲ နင်ငါနဲ့ တွဲလုပ်ပေတော့ . . ."

"ဘာ . . ဘာကိုတွဲလုပ်ရမှာလဲ"

ချက်ချင်းပင် အစိတ်သားက ထအော်၏။ နေမျိုးကျော်က အလျင်မြန်ဆုံး မျက်နှာချိုသွေးကာ . . .

"မဟုတ်ဘူးလေ၊ ဒီကောင့်စာရင်းတွေက ငါ့ဆီမှာမို့ ငါနဲ့ အလုပ်တွဲလုပ်လို့ ပြောတာပါ"

"မရှင်း . . မရှင်း မလုပ်နဲ့နော် ဟင်း . . ."

အစိတ်သား၏ မျက်စောင်းလေးကြောင့် နေမျိုးကျော်က မျက်နှာငယ်ပြလိုက်သည်။ ပြီးမှ ညောင်နာနာလေသံသုံးပြီး . . .

"အစိတ်သားရယ်၊ နင်က ငါ့ဆို အမြဲတမ်း တင်းနေတာပဲနော်၊ ငါ နင့်အပေါ်မှာ ဘာများအမှားလုပ်မိလို့လဲဟာ"

နေမျိုးကျော်စကားက တာသွားလှသည်။ အစိတ်သားတွေခနဲ ဖြစ်သွား၏။ ဟုတ်တော့လည်း ဟုတ်ပါသည်။ နေမျိုးကျော်က သူ့ကို ညည်းစားစကား ပြောထားသည်ကလွဲပြီး ဘာမှအမှားရှိသည်မဟုတ်။ ဒီကောင် တစ်ရှုံးထဲမို့ ရှက်ပြီးရမ်းမိခြင်းဖြစ်သည်။ တွေးရင်း အစိတ်သား အားနာမိသွား၏။

"ဆောရီးနော် ကိုနေမျိုး၊ ကျွန်မရိုင်းသွားတယ်၊ တကယ်ဆို ကျွန်မက ကိုနေမျိုးတို့လက်အောက်က ဝန်ထမ်းပါ၊ နောက်ကို ဆင်ခြင်ပါ့မယ်"

အစိတ်သားက စိတ်မကောင်းစွာ တောင်းပန်လေ၏။ ဒါသည့်ပင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူမ၏ပြင်လို့မရသည့် အမှားဖြစ်လေသည်။ အခွင့်အရေးသမား နေမျိုးကျော်က ဝါရင့်မန်နေဂျာပီသစွာပဲ ချုပ်တော့၏။ (စကားဖြင့်)

"ဟာ . . ဒီလိုသဘောမထားပါဘူး အစိတ်သားရယ်၊ နှင်အော်လို့မက သတ်ရင်တောင် ငါခံရဲပါတယ်၊ ငါက နှင့်ကို ချစ်နေတာကိုး၊ ဒီအတိုင်းကြီးကတော့ ငါ့ဘဝ ဘာမှအဓိပ္ပါယ်မရှိပါဘူးဟာ"

အစိတ်သားမှာ ဘာမှပြန်မပြောနိုင်တော့။ ခေါင်းလေးငုံ့ကာ ငြိမ်သက်သွားပေသည်။ ဒီအခြေအနေကို သဘောပေါက်သော နေမျိုးကျော်က အစိတ်သားလက်ကလေးကို ဖမ်းကိုင်လိုက်ပြီး . . .

"ငါ နှင့်ကို မြတ်မြတ်နိုးနိုးချစ်တာပါ အစိတ်သားရယ်၊ ငါ့အချစ်ကို လက်ခံပါနော်"

အစိတ်သား အာစေးမိသွားပြီ။ မျက်နှာမှာ ရှက်သွေးလေးများယှက်ဖြာပြီး လက်တောင်ကိုင်ထားမှတော့ ဘာဖြေရဦးမှာလဲဟု တွေးနေမိပါသည်။ ပွဲလန့်တုန်းဖျာခင်းခံရသည်ဟု အမိုက်မဲမလေးမှာ မတွေးမိရှာပါ။ ဝဋ်ကြွေးဟုပင် ဆိုရမည်လား။ ဟိုအသစ်ကောင်မလေးဆယ်ယောက်ကလည်း ရွှတတလေးတွေ မဟုတ်ပါလား။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၄)

အပူလှိုင်းများ သိသိသာသာ ဖျော့တော့လာသော ညနေခင်းလေးသည် ဆည်းဆာကောင်းကင်အောက်တွင် ဝပ်ဆင်းဝင်းပနေသည်။ တိမ်ရောင်တို့က ကောင်းကင်ကို ခမ်းနားခန့်ထည်စေ၏။ အမြင်အာရုံမှာ ငြိမ်းချမ်းလှပါသည်။ ဝါပြေသည့် နေညိုချိန်လေးကို ခံစားရင်း နေလတ်က ကပက်ချီနို (capaccino) ကော်ဖီကို တစိမ့်စိမ့်အရသာခံသောက်နေသည်။

ဘေးနားက ပြေည့်ဆိုသည့် ကောင်မလေးမှာ မျက်နှာလေးစူပုတ်ပြီး ထိုင်နေ၏။ ပါးစပ်ကလည်း မကျေမချမ်းနှင့် ရေရွတ်နေပြန်သည်။

"ဟိုလူကြီး . . သိပ်အရသာရှိနေတယ်ပေါ့ ဟုတ်လား"

"ဟဲ ဟဲ အရသာရှိတာပေါ့ကွ၊ ငါ့မှာ တစ်လလုံးရှုံးလာရတာ၊ ခုမှ တစ်ခါပဲနိုင်သေးတာ၊ အောင်မြင်မှုရဲ့ အသီးအပွင့်လေးကို ခံစား



www.burmeseclassic.com

www.burmeseclassic.com



ပါရစေဦးကွာ၊ မင်းကလည်း . . .”

“အချိန်မရှိတော့ဘူးဗျ၊ ပြန်ရဦးမယ်”

ဒီနေ့ရှုံးထား၍ ငပြည့်မကျေနပ် ဖြစ်နေသည်။ ပုံစံလေးက ချစ်စရာပင် ကောင်းသေး၏။ နေလတ်က . . .

“ငါ့ကို ဟိုလူကြီး . . ဟိုလူကြီးနဲ့ မခေါ်စမ်းပါနဲ့ကွာ၊ မင်းနာမည် မိုးပြည့်ဆိုတာလည်း ငါသိပြီးပြီ၊ ပြီးတော့ ငါ့နာမည် နေလတ်လို့ မင်းကိုပြောထားတယ်လေ”

“ခင်ဗျားဘာသာ နေလတ်လို့မက လပဲကြွတ်ကြွတ် မသိဘူးဗျာ၊ ဒီနေ့ ကျွန်တော်ရှုံးတာကို တင်းနေတာဗျ”

နေလတ်က ခေါင်းထဲမှာ အကြံတစ်ခုရသွား၍ ရွှင်မြူးသွား၏။

“မိုးပြည့်”

“ဘာလဲ . . .”

“ငါတစ်ခုပြောမယ်ကွာ၊ ဒီနေ့ ငါနိုင်ပေမယ့် ကော်ဖီကို ငါပဲ တိုက်ပါ့မယ်၊ မင်း ငါ့ကို လောင်းကြေးအဖြစ် အခြားတစ်ခုပေး . . .”

ကောင်မလေးက နားမလည်စွာကြည့်ရင်း . . .

“ဟာ . . ဈေးကြီးတာတွေတော့ မရဘူးနော်၊ ကျွန်တော် ခုရေခန်းနေတာဗျ”

တစ်လလုံးလုံး ကော်ဖီတိုက်ခဲ့ရသည့် သူ့ကိုပင် အားမနာ။ ဒင်းကပဲ ပိုက်ဆံမရှိ ဖြစ်ရသေးသည်။ နေလတ်က တွေးရင်းပြုံးမိလိုက်၏။

“ဘာမှ မဝယ်ပေးခိုင်းပါဘူး မိုးပြည့်ရာ၊ ငါ မင်းကို ယုန်လေးလို့ခေါ်ချင်တယ်၊ အဲဒါပဲ ခေါ်ခွင့်ပေး . . .”

“ယုန်လေး . . ဟုတ်လား”

ပါးစပ်က တိုးတိုးရေရွတ်ရင်း နေလတ်ကို အံ့သြစွာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သာသည်။ ပြီးမှ . . .

"ခင်ဗျားက ဘာဖြစ်လို့ အဲဒီလို ခေါ်ချင်ရတာလဲ"

"မင်းနဲ့စတွေ့တဲ့နေ့ကပဲ မင်းပုံစံလေးက နားရွက်ထောင်ထောင်လေးနဲ့ ချစ်စရာလေးမို့ ယုန်လေးလို့ ခေါ်ချင်နေတာ"

"အာ . . ခင်ဗျားကြီးကလဲဗျာ၊ ဘာမှန်းလဲ မသိဘူး"

ယုန်လေးရှက်သွားတာ ခုမှ စမြင်ဖူးခြင်းဖြစ်သည်။ အဖြူရောင်မျက်နှာလေးမှာ ရှက်သွေ့တွေက နီဆွေးလို့။ နေလတ်ရင်ထဲမှာ တစ်မျိုးလေး လှုပ်ခတ်သွားပြီး ထပ်မေးလိုက်သည်။ အနည်းငယ်ရှက်ခဲ့သော်လည်း မတတ်နိုင်တော့ . .။

"ဘာလဲ . . မင်းက ဒီလောက်လေးတောင် ခေါ်ခွင့်မပြုနိုင်ဘူးလား"

ယုန်လေးက စဉ်းစားပြီးမှ ရှက်ဝါးဝါးလေးပြုံးကာ . . .

"သဘောပဲလေ၊ ကျွန်တော့်ကို ဘယ်သူမှ အဲဒီလို ခေါ်တာမဟုတ်ဘူး၊ တစ်မျိုးကြီးဗျ . . ."

ဆည်းဆာရီညနေခင်းလေးက သူတို့နှစ်ယောက်ကို လှမ်း၍ချောင်းကြည့်နေသည်။ နေလုံးကြီးပင် ယုန်လေးနှင့်အပြိုင် ရှက်သွားပြီလားမသိ။ ကောင်းကင်ထောင့်ချိုးတစ်နေရာမှာ ပုန်းကွယ်သွားလေပြီ။ ခံစားမှုတစ်စုံတရာ ကူးစက်ခံရသည့် ယုန်လေး၏ရင်ထဲမှာလည်း အမည်မသိသော သီချင်းတစ်ပုဒ်ကို မပီမသလေး ကြားနေရမှာ သေချာလှပါသည်။

* * * *

ထိုသို့ဖြင့် . . .။

ဝါရင့်မန်နေဂျာနေမျိုးကျော်နှင့် အစိတ်သား (ခေါ်) သဇင်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်၏ မေတ္တာမျှကြသော သတင်းမှာ ကျောက်ခက်ပွင့်ကုမ္ပဏီ တစ်လအတွင်း ထူးခြားဖြစ်စဉ်အနေအဖြစ် ထိပ်ဆုံးမှ ရပ်တည်နေသော သည်။ ထိုအခင်းဖြစ်ပွားပြီး နောက်နေ့မှစ၍ နေမျိုးကျော်သည် ဘာ ကြောင့်မှန်းမသိဘဲ ဝန်ထမ်းအသစ်ကောင်မလေးများအား မျက်နှာသာ မပေးတော့ချေ။ ခုမှ နှစ်ယောက်သားချစ်လိုက်ကြသည်မှာ မျက်စိ နောက်စရာပင် ကောင်းလှသေး၏။ နေမျိုးကျော်မှာ သူ၏အရှက်ကို ဖြန်းဖြန်းခွဲထားသည့် ကပွလီကိုပင် ရန်လုပ်ရန်မေ့နေ၏။

နေလတ်၏ လူမသိ၊ သူမသိသော ယုန်လေးနှင့် ဇာတ်လမ်း မှာလည်း ရှေ့သို့ချီတက်နေဆဲ။ ယုန်လေးနှင့် TV Game ဆော့တိုင်း လည်း ဆက်တိုက်ရှုံးပွဲခံနေဆဲ။ သို့သော်လည်း နေလတ်မှာ ထိုအဖြစ် ကိုပင် အထူးကျေနပ်နေ၏။ နေမျိုးကျော်ကို ပြောပြချင်သော်လည်း ဟားတိုက်မည်စိုး၍ မပြောပြရဲ။ တော်ကြာ ကလေးကို မဖွယ်မရာ ကြံစီသည်ဟု ပြောချင်ပြောဦးမည်။ ထိုသို့ဖြင့် ကျိတ်ကြံနေရ၏။

ဒီကြားထဲ အမေတစ်ခု သားတစ်ခုသာ ရှိတော့သဖြင့် မေမေ က နေလတ်အား မိန်းမယူစေချင်ပြီ။ မေမေက သူ့နှလုံးရောဂါကို အားကိုးပြီး မသေခင် မြေးချီချင်နေပြီဟုလည်း မနက်တိုင်း မမေ့မလျော့ ပြောနေ၏။ အရင်က ဒီကိစ္စကို နေလတ်သိပ်အရေးမထားခဲ့သော်လည်း ခုဖြင့် မေမေ့စကားကို မြေဝယ်မကျ နားထောင်ရတော့မည်။ ယုန်လေး ကို ချစ်မိသွားသည့် သူ့စိတ်ကိုလည်း အံ့သြနေမိ၏။ သို့သော်လည်း ယုန်လေးကို နီဂရိုးအိန်ဂျယ်မှာ ကော်ဖီလာသောက်တတ်တာကလွဲပြီး သူ့အကြောင်း နေလတ် ဘာမှမသိရသေး။ သိပ်လည်း မသိချင်ပါ။ ဘာပဲဖြစ်ဖြစ် ချစ်မိပြီဆိုမှတော့ ကျန်တာ ဘာများအရေးကြီးရမည်နည်း။

ကိုယ့်အတွေးနဲ့ကိုယ် ပီတိတွေဖြာရင်း နေလတ် ကုမ္ပဏီဝင်း ထဲသို့ ကားချိုးဝင်လိုက်၏။ ရုံးခန်းထဲရောက်တော့ အတော်အံ့သြသွား ရပြန်သည်။ ရုံးခန်းထဲမှာ ကိုယ့်အိမ်ကိုယ့်ယာလို ခန့်ခန့်ကြီးထိုင်နေသူ



www.burmeseclassic.com

www.burmeseclassic.com



တွေက ငယ်သူငယ်ချင်းများဖြစ်သည့် မြတ်ကျော်နှင့် ကျော်စည်သူ။ ဘယ်ကနေဘယ်လိုဆုံပြီး ရောက်လာကြသည်မသိချေ။ မြတ်ကျော်က နိုင်ငံခြားသင်္ဘောသား၊ ဟိုကောင် ကျော်စည်သူက တောင်ကြီးမြို့မှာ အာဝန်ကျနေသည့် အင်ဂျင်နီယာ။ ဒီနှစ်ကောင်ဆုံမိလျှင် နေလတ်သည်း ကြောက်သည်။ တစ်ကောင်က ပင်လယ်ရပ်ခြားက၊ တစ်ကောင်က တောင်ပေါ်ကနေ တကူးတကန့် လာရောက်ဒုက္ခပေးကြမည့် သဘောမှာ ရှိနေသည်။ ဝါရင့်မန်နေဂျာ နေမျိုးကျော်နှင့်ပါသိသဖြင့် ငယ်ပေါင်းနှင့်ကြီးဖော်တွေ တွဲမိလျှင် ဘီယာဆိုင်နှင့် ကာရာအိုကေဆိုင်များ ရောင်းအားတက်ကြပေဦးမည်။

"နေလတ်ရာ . . နောက်ကျလိုက်တာ၊ ငါတို့ မနက်စောစောထဲက မင်းကိုစောင့်နေတာ . . ."

မြတ်ကျော်က အပြုံးနှင့် နှုတ်ဆက်၏။ စောင့်နေသည်ဆိုက ထဲက နေလတ်နှာခေါင်းထဲမှာ အန္တရာယ်အနံ့က လှိုက်ခနဲရသည်။

"မင်းတို့နှစ်ကောင်က ဘယ်လိုဆုံလာကြတာလဲ . . ."

"ဒီကောင် သင်္ဘောပြန်ကပ်တာ တစ်ပတ်လောက်ရှိပြီလေ၊ ငါ့ဆီဖုန်းဆက်တာနဲ့ ငါလည်း မင်းနဲ့ပါဆုံရအောင်ဆိုပြီး ခွင့်ယူဆင်းလာတာ"

ကျော်စည်သူ့စကားကြောင့် နေလတ်က . . .

"ပြန်ရောက်နေတာတောင် မင်းက ငါ့ဆီ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ လဒရဲ့ . . ."

မြတ်ကျော်က ကျော်စည်သူ့ကို အဓိပ္ပါယ်ပါပါကြည့်လိုက်ရင်း နေလှတ်ကို ပြန်ချော့၏။

"ငါလည်း အလုပ်နည်းနည်းများနေလို့ပါကွာ၊ ရာထူးတိုးစာမေးပွဲဖြေရဖို့ ကိစ္စတွေနဲ့လုံးနေလို့ စည်သူရောက်မှပဲ မင်းငြီးသာသွားအောင် အတူလာခဲ့တာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ဝမ်းနည်းတယ် ဟော့ကောင် . . ."

"ဟေ . . ဘာဖြစ်လို့လဲ . . ."

"ဘာဖြစ်ရမှာလဲ၊ မင်းတို့နှစ်ယောက်နဲ့ ဟိုကောင်နေမျိုးကျော် တွဲမိလို့ကတော့ သုံးယောက်ပေါင်းလောင်းကျော်တော့မှာပေါ့၊ ရင်လေး လိုက်တာကွာ"

နေမျိုးကျော်က မကြားတကြား လှမ်းဆဲ၏။ မြတ်ကျော်က တဟားဟားထရယ်ပြီး . . .

"သိပ်စိုးရိမ်မနေပါနဲ့ နေလတ်ရာ၊ မင်း မဆိုစလောက်ကလေး ပဲ စီးပွားပျက်မှာပါ"

စည်သူကလည်း . . .

"အေးလေကွာ၊ ပြေးကြည့်မှ ဒီသူငယ်ချင်းတွေပဲရှိတာကို ဒါနဲ့ နေလတ် အန်တီရော နေကောင်းတယ် မဟုတ်လား"

"ဒီလိုပါပဲကွာ၊ တစ်လတစ်ခါတော့ Medical Check up လုပ်နေရတာပဲ၊ နှလုံးဆိုတော့လည်း ဂရုစိုက်နေရတယ်ကွာ"

စည်သူက ခေါင်းအသာညိတ်ကာ . . .

"အေးကွာ . . ဂရုစိုက်ဦး၊ ငါတို့လည်း အန်တီ့ကို လာတွေ့ ဦးမယ်"

"အေးအေး ဒါဆို မင်းတို့ပြန်တော့လေ"

နှစ်ကောင်သား ကြောင်သွားကြ၏။ ပြီးမှ မြတ်ကျော်က မျက်နှာကြီးမဲ့ကာ . . .

"ဟာ . . ဘယ်ကိုပြန်ရမှာလဲ၊ မနက်စာလိုက်ကျွေးဦး၊ ငါတို့ ညနေပြန်လာမှာနော်၊ ဟဲဟဲ နေမျိုးကျော် . . မင်း ညနေအားတယ် မဟုတ်လား"

နေမျိုးကျော်က ဘယ်တတ်နိုင်ပါ့မလဲ ဆိုသည့်ပုံစံနှင့်သက်ပြင်း ချရင်း စကားကို ခပ်လေးလေးပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"အားပေးရတော့မှာပေါ့ကွာ . . ."

ဟိုနှစ်ကောင်ကတော့ သဘောကျပြီး ရယ်နေကြသည်။ ဒီအတိုင်းဆိုရင် မေမေ့ဆီဖုန်းဆက်ပြီး ရုံးခန်းမှာအိပ်ရမည့် သဘောရှိသည်။ လောလောဆယ် မကောင်းတတ်သလိုလိုနှင့် မနက်စာကို စတိသဘောဖြင့်စားပြီး ကိုယ်တော်နှစ်ပါး ပြန်တော်မူသွားပါသည်။ ညနေကျလျှင် ပြန်လည်ကြွချီလာပြီး သောက်စားမှုရစ် အပျော်ကြူးကြပေဦးမည်။ ရင်မော်လှပါဘိ။

နေ့လည်ထမင်းစားချိန်ရောက်တော့ နေမျိုးကျော်က အစိတ်သားကို ထမင်းသွားစားရန် ဒိုင်လျှိုလေးခေါ်သွားတာ လှမ်းတွေ့လိုက်ရ၏။ မိမိကိုပင် ဟန်ဆောင်ပန်ဆောင် မခေါ်ကြ။ ရပါသည်။ နေလတ်လည်း ကိုယ့်အကြံနှင့်ကိုယ် နီဂရိုးအိန်ဂျယ်သို့ ရောက်သွား၏။ ဆိုင်ထဲမှာလည်း ချစ်သောယုန်လေးက ထိုင်နေပြီ။ ကိုယ့်ကိုစောင့်နေတာ မဟုတ်ပေမယ့် လှိုက်ခနဲ ဝမ်းသာသွား၏။ သူ့အနားရောက်သွားလျှင်ပဲ . . .

"ဟော့လူကြီး . . ဒီနေ့ သွားဆော့ဦးမလား"

နေလတ်က ခေါင်းအသာခါပြကာ ဝင်ထိုင်ရင်း . . .

"ဒီနေ့တော့ မဆော့တော့ပါဘူး ယုန်လေးရာ၊ ငါ့အလုပ်နည်းနည်းများနေလို့ . . ."

"ဟာ . . ဒါဆို ဘာဖြစ်လို့ ဒီကိုလာသေးလဲ . . ."

"ယုန်လေးရှိနေလို့ လာတာပေါ့"

"ဟာဗျာ . . ခင်ဗျားကလဲ . . ."

အသံက အားပျော့ပြီး ရှက်သဲဝဲဝဲပင် ပါသွား၏။ နေလတ်က ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ . . .

"ဟုတ်တယ် . . ယုန်လေးရဲ့ တစ်ရက်တစ်ရက် မင်းနဲ့တွေ့ပြီး ကော်ဖီတစ်ခွက်လောက် သောက်လိုက်ရမှ အလုပ်လုပ်မှာ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ . . .”

“ဘာမှလဲ မဆိုင်ဘူး”

ဟုမျက်စောင်းထိုးကာပြောရင်း ယုန်လေးက တဖက်လှည့်သွား၏။ နေလတ်လည်း ယုန်လေးကို ငေးနေမိသည်။ ထိုအချိန်မှာပဲ ယုန်လေးက ဖြတ်ခနဲ လှည့်လာပြီး . . .

“ဟော့လူကြီး . . ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက်ကြည့်နေတာလဲ”

ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ။ နေလတ် ရှက်ရှက်နှင့် ဖြီးလိုက်ရသည်။

“ဘာမှ မဟုတ်ပါဘူးကွာ၊ ငါ့မှာက ညီအကိုမောင်နှမ မရှိတော့၊ မင်းလို ညီမလေးတစ်ယောက်လောက်ရှိရင် ကောင်းမှာပဲလို့ တွေးနေမိတာ . . .”

“ဟင် . . ခင်ဗျားက တစ်ဦးတည်းသော သားပေါ့ ဟုတ်လား၊ မွေးချင်းတကယ်မရှိဘူးပေါ့”

“ဘာလဲ . . မယုံဘူးလား၊ အိမ်ထောင်စုစာရင်း ပြရမှာလား”

“ဟာဗျာ . . ခင်ဗျားကလဲ . . .”

“ဒါနဲ့ မင်းမှာရော မောင်နှမ မရှိဘူးလား”

“ရှိပါတယ်ဗျာ၊ အမနှစ်ယောက်တောင် ခုတော့ လင်ရကုန်ကြပြီ”

“သြော် . . မင်းက ငါမိတ်ဆက်ခိုင်းမှာစိုးလို့ ကြိုပိတ်လိုက်တာလား”

နေလတ်က ရယ်ရင်းအရွှန်းဖောက်လိုက်သော်လည်း ယုန်လေးက လိုက်မရယ်ပါ။ မျက်နှာလေးပင် မဲ့သွားပြီး . . .

“အမလေး . . အပျိုဆိုရင်လည်း ခင်ဗျားကြိုက်မှာ မဟုတ်ပါဘူး၊ အကျင့်ကောင်းတာတွေ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ယုန်လေးက သူ့အမတွေနှင့် သိပ်အစေးမကပ်မှန်း ခံစားမိသည်။ နေလတ်က စကားကို ဖော့သလိုနှင့် . . .

"အကျင့်မကောင်းပေမယ့် မင်းနဲ့တူရင်တော့ လှမှာပေါ့"

"ကျွန်တော်နဲ့ သိပ်မတူပါဘူး၊ နှစ်ယောက်စလုံးလှလွန်းလို့ လင်စောစောရတာပေါ့"

"မင်းလည်း တော်တော်လှပါတယ်ကွ . . ."

ယုန်လေးက ရှက်ဟန်မရှိဘဲ (အရှက်မရှိခြင်းဟု မယူဆစေလိုပါ) . . .

"သိသားပဲ၊ ကိုယ့်ဟာကိုယ်လှမှန်း . . ."

ထိုစကားကြောင့် နေလတ်အသဲယားသွားပြီး မေးလိုက်သည်။

"ဒါနဲ့တောင် မင်းမှာရည်းစားမရှိဘူးနော်"

"အောင်မာ . . ဘာလို့ထားရမှာလဲ၊ ရည်းစားလည်း မထားဘူး၊ ယောကျ်ားလည်း မယူဘူး၊ ယောကျ်ားလေးသူငယ်ချင်းတောင်ထားတာ မဟုတ်ဘူး"

သွားပြီ။ နေလတ်လည်း ဘာဆက်ပြောရမှန်း မသိအောင်ရှင်လေးသွားမိသည်။ ယုန်လေးက သူစိတ်ဝင်စားနေတာကို ရိပ်မိလို့ဒီလိုပြောတာလား မသိပေ။ ယုန်လေးကပဲ သူဖြစ်သွားသော ပုံစံကိုကြည့်ပြီး အားနာဟန်ဖြင့် . . .

"ခင်ဗျားကိုတော့ ခင်ပါတယ်ဗျာ၊ ကဲ . . ဒီနေ့ မဆော့ရင်လည်း ကျွန်တော်လိမ့်တော့မယ်ဗျာ၊ တာ့ . . တာ . . ."

နှုတ်ဆက်ပြီး ယုန်လေးထပြန်သွားလေသည်။ ယုန်လေး၏နောက်ကျောကိုကြည့်ရင်း နေလတ်သက်ပြင်းသာ သဲ့သဲ့ချမိပါသည်။ ကြည့်အပ်သော နေရာကိုကြည့်ပြီး အားမလိုအားမရဖြစ်မိခြင်း မဟုတ်ပါ။ စိတ်မောသွားခြင်း ဖြစ်ပါသည်။ အင်း . . ဒီခင်တာလေးကိုပဲ အခွင့်ကောင်းယူရတော့မလို ဖြစ်နေ၏။ ဒီစိတ်နဲ့ဖြင့် ခက်လှပါပြီ။

www.burmeseclassic.com



ညနေအပုတ်ချိန်မှာ ထိုထက်ပို၍ စိတ်မောရပါသည်။ စားပွဲပေါ်တွင်တင်ထားသော စားသောက်ဖွယ်ရာများကို အားကြိုးမာန်တက် သောက်စားနေကြသည့် မျက်နှာသုံးခုကိုကြည့်ရင်း မနှမျောပေမယ့် မြန်မြန်ပြီးပါစေဟု နေလတ် ဆုတောင်းနေမိသည်။ ဆုတောင်းက မပြည့်ပါ။ မြတ်ကျော်က ဘီယာလေးခွက်ထပ်မှာပြီး . . .

"ဒါဆို ဒီရုံးက နေနှစ်စင်းမှာ နေတစ်စင်းကတော့ လမင်းလေးကို အလင်းပေးနေပြီပေါ့ ဟုတ်လား"

ရည်းစားရသွားသည့် နေမျိုးကျော်ကို ပြောနေခြင်းဖြစ်၏။ သူနှင့်နေမျိုးကျော်၏ နာမည်တွေက နှစ်ယောက်စလုံး နေနှင့်စ၍ ထိုသို့ပြောနေခြင်းလည်း ဖြစ်သည်။ မြတ်ကျော်က ကျောင်းတုန်းကပဲ ကဗျာရူး၊ စာရူး ဖြစ်သည်။ ဘယ်လိုလုပ်ပြီး သဘော်သားဖြစ်သွားသည် မသိ။ မည်သို့ပင်ဖြစ်စေ ဒီကောင် ကဗျာဆရာမဖြစ်လာတာ စာပေလောကအတွက် ကံကောင်းလှသည်။

မြတ်ကျော်စကားကြောင့် နေမျိုးကျော်က ဘီယာကို တကျိုက်မော့လိုက်ပြီး . . .

"ဒီကောင်က အဖြစ်မှမရှိတာကိုးကွ၊ အချစ်ဆိုတာ ဒီကောင်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပါကွာ၊ ငါကတော့ ငါ့မျိုးဆက်အတွက် ပန်းတစ်ပွင့်ပျိုးထားပြီလေ . . ."

"ဟာ . . နေမျိုးကျော်ရာ၊ မယူသေးဘဲနဲ့တော့ မင်းဒီလိုစည်း မကျော်သင့်ဘူးလေကွာ၊ ဟိုက မိန်းကလေးလေ . . ."

စည်သူ့စကားကြောင့် နေမျိုးကျော်မှာ စင်းနေသော မျက်လုံးပင် ပြူးသွားသည်။ စည်သူက ကဗျာတွေဘာတွေ သိပ်နားလည်သည် မဟုတ်။ အကောင်ပြမှ အရိပ်လောက်မြင်သည့် ကောင်မို့ ခုလည်း တလွဲထင်ပြန်ပြီ။

"စည်သူရာ မသိနားမလည်ရင်လည်း ဝင်မပြောစမ်းပါနဲ့၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကောင် မဟုတ်ဘူးကွ၊ ခုရည်းစားရတာက ငါ့ရဲ့အနာဂတ်အတွက် မြည့်စုံသွားပြီလို့ ပြောတာကွ"

စည်သူဆက်မမေးတော့။ စကားနှင့်မူးရမည့်အစား ဘီယာနဲ့ မူးတာက မြတ်သည်ဟု ဆုံးဖြတ်လိုက်ဟန်တူသည်။ ဘီယာကိုပဲ မဲပြီး သောက်နေ၏။

နေမျိုးကျော်က အချိန်ရလာပြီမို့ ရီဝေဝေနှင့် စကားကို မရပ်တော့ချေ။ နေလတ်နှင့် ကျော်စည်သူကို အထင်သေးသလိုကြည့်ပြီး-

"ဒီကောင်နှစ်ကောင်တော့ ထားလိုက်စမ်းပါ မြတ်ကျော်ရာ၊ မင်းရော ဒီလောက်ကမ္ဘာပတ်နေတာ မင်းကြိုက်တဲ့မိန်းမ မတွေ့သေးဘူးလား"

မြတ်ကျော် ခေါင်းအသာခါပြီးမှ သက်ပြင်းချ၏။

"အေးကွာ၊ ငါလည်း ကမ္ဘာပတ်ပြီး ကဗျာစပ်နေတာပဲ၊ ခုတော့ ကိုယ့်နိုင်ငံရောက်မှပဲ ရင်ထဲက ကဗျာလေးတစ်ပုဒ် ရေးရတော့မယ် ထင်ပါတယ်ကွာ"

နေမျိုးကျော်ကလည်း အနုပညာနှင့် သိပ်မစိမ်းဟု သူ့ကိုယ်သူ အတင်း (ထပ်တောင်မန့်ချင်တော့ပါ) ခံယူထားသူဖြစ်၏။ မြတ်ကျော် စကားကို သဘောပေါက်စွာပဲ . . .

"ဟဲ . . ဟဲ . . ဒါဆို ဒီမှာတွေ့ထားပြီပေါ့"

မြတ်ကျော်က သက်ပြင်းချကာ မူးရစ်ရီဝေနေသော မျက်လုံး အစုံဖြင့် . . .

"ငါ့ရဲ့ကမ်းနားသစ်ပင်လေးတော့ တွေ့နေပြီကွ၊ မျှော်လင့်ခြင်း သစ်သီးကို ဘယ်လိုခူးဆွတ်ရမလဲ ဆိုတာကိုပဲ ရင်ခုန်နေတာ . . ."

စကားတွေနားထောင်ပြီး နေလတ် စိတ်ညစ်လာသည်။ ပိုက်ဆံ ထုန်ရသည့်အထဲ နားဒုက္ခပါပေးနေသေး၏။ ထိုအချိန်မှာပဲ သူ့ထက် ပို၍ သီးမခံနိုင်သည့် စည်သူက ရွဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲကွာ . . သစ်ပင်တွေ၊ သစ်သီးတွေကော မျှော်လင့်ခြင်းတွေ ကမ်းနားတွေပါ စုံနေတာပဲ၊ ဟော့ကောင် အသီးလိုချင်ရင် အပင်ချိုင်တဲ့ မကြားဖူးဘူးလား၊ ဒါမှမဟုတ်လည်း ခါးတောင်းကြိုက်ပြီး တက်သာခူးတော့ကွာ၊ နားငြီးတယ်ကွ . . ."

နှလုံးသားနှင့်ရင်း၍ ခံစားနေသမျှ စည်သူ့စကားကြောင့် နှစ်ကောင်စလုံး အရှိန်ပျက်သွားကြလေသည်။ မြတ်ကျော်က မခံမရပ်နိုင်စွာပဲ စည်သူ့ကို ဘုကြည့်ကြည့်ရင်း . . .

"အေး . . ဒုံးဝေးတဲ့ မင်းကို ဒဲ့ပဲပြောမယ် ဟော့ကောင်၊ ငါချစ်တဲ့လူ တွေ့ထားပြီလို့ ခံစားပြီးပြောနေတာကွ၊ တစ်ခါထဲ ကြေညာလိုက်မယ်၊ နေလတ် . . မင်းကုမ္ပဏီမှာ အလုပ်လုပ်တဲ့ နွယ်နီကို ငါချစ်တယ်၊ အဲဒါ မင်းတို့လည်း ငါ့ကိုကူညီကြ ဒါပဲ"

အရက်မူးလို့ ကျွဲခိုးပေါ်ပြီလား မသိပေ။ ဘယ်သူမှ ရိုက်မစစ်ဘဲ မြတ်ကျော်က ဖြောင့်ကြီးဝန်ခံနေ၏။ ပြီး ဘာမှမဆိုင်ဘဲ မူးမူးရူးရူးနှင့် ကာရာအိုကေဆိုင် ရောက်သွားသေးသည်။ ရင်မဖွင့်ရဲသော နေလတ်မှာပဲ လေပူကြီးကို မှုတ်ထုတ်နေမိသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၇)

နှလုံးရောဂါရှိသော မေမေ့အား တစ်လတခါ ဆေးစစ် (Medical Check up) ရန် ဆေးခန်းသို့ လိုက်ပို့ရသည်။ မိဘဆိုတာက သေမှငို၍မဖြစ်၊ မသေခင် ပြုစုရပေမည်။ ဒီတာဝန်မျိုးတော့ နေလတ်ဘယ်တော့မှ မပျက်ကွက်စေရ။ ဒီအမေနှင့် ဒီသားပဲ ရှိတော့သည်လေ။ ထိုသို့ဖြင့် ဒီနေ့ နောက်ကျမည်ဖြစ်ကြောင်းကို နေမျိုးကျော်အား ဖုန်းဆက်ထားရသည်။ အဆင်ပြေပါသည်။ ခုတလော ကုမ္ပဏီသို့ မြတ်ကျော်တစ်ယောက် အကြောင်းမရှိအကြောင်းရှာ ရောက်နေတတ်တာက လွဲပြီး ကျန်တာပိုနေမြဲ၊ ကျားနေမြဲဟု ဆိုပါသည်။ ဒီလောက်ဆို စိတ်ချရပါပြီ။ (နွယ်နီ့အတွက်တော့ စိတ်ပူစရာ ဖြစ်နိုင်ပါသည်။)

မေမေ့ရောဂါက ပို၍ဆိုးမလာသေးပါ။ ဝမ်းသာရပါသည်။ မေမေ့ကို ပုံမှန်ကြည့်ပေးသော ဒေါက်တာမာန်ထက်သာက စမ်းသပ်စစ်ဆေးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးပုံမှန်ပါပဲ နေလတ်ရာ၊ ဂရုတော့စိုက်ကွ၊ ဒီရောဂါမျိုးက အချိန်မရွေး ဖောက်လာတတ်တာ . . ."

မိသားစုဆရာဝန်လို ဖြစ်နေသည့် ဒေါက်တာမာန်ထက်သာက အပြုံးပါးပါးနှင့်ပြော၏။ ထိုစကားမျိုးကို စောင့်နေသော မေမေကလည်း အခွင့်အရေးရသည်နှင့် အဆိုင်းမတွဘဲ ရင်ဖွင့်တော့သည်။

"အဲဒါပဲ ဒေါက်တာရေ၊ ကျွန်မရောဂါမျိုးဆိုတာက ပြောလို့မရဘူးလေ၊ မသေခင် မြေးလေးချီသွားချင်သေးတာ၊ ဒေါက်တာ့ညီကို နည်းလမ်းလေးပေးလိုက်ပါဦး"

ဒေါက်တာမာန်ထက်သာက တဟဲဟဲဖြင့် ရယ်၏။ ဒေါက်တာက လွန်ခဲ့သည့် တစ်လလောက်ကတော့ လူပျိုကြီးဖြစ်သည်။ ခုမှ ကောက်ခါငင်ကာ အိုသွားခြင်းမဟုတ်ပါ။ ဒီအရွယ်ကြီးရောက်မှ သူ့ထက် အသက်ထက်ဝက်လောက်ငယ်သည့် ကောင်မလေးကို မပြောမဆို ယူလိုက်ခြင်းကြောင့် မေမေက ထိုသို့အားကျစွာ ပြောနေခြင်းဖြစ်သည်။ ဟိုက အဖြစ်ရှိလို့လား၊ မိဘတွေ ပေးစားတာလား၊ ဒါမှမဟုတ် တို့ဆေးတွေ၊ ဘာတွေသုံးပြီး ကြံစည်ထားတာလား မေမေပင် အသေအချာ သိသည်မဟုတ်။ ဒေါက်တာကတော့ ဆရာဝန်ပီပီ ဆရာလုပ်တော့သည်။

"နေလတ်ရာ၊ မင်းမေမေကတော့ ခမဲလိုနေပြီဟေ့၊ မင်းလည်း မငယ်တော့ဘူးလေ၊ မေမေ့အတွက် ချွေးမလေးရှာဦးကွ"

"ဟဲ . . ဟဲ . . လာမှာပေါ့ ဒေါက်တာရယ်၊ မေမေ့ကို ချစ်လို့မဝသေးလို့ဗျ"

"ပြောလိုက်ရင် ဒါပဲ . . ."

ပြောရင်း မေမေက မျက်စောင်းထိုးသည်။ နေလတ်စိတ်ထဲမှာလည်း မဆီမဆိုင် ယုန်လေးကို သတိသွားရ၏။ ယုန်လေးလည်း မေမေ့ချွေးမလေး ဖြစ်လာနိုင်တာပဲလေဟု ကျူးကျူးကျော်ကျော် တွေး



www.burmeseclassic.com

www.burmeseclassic.com



မိသေးသည်။ ယုန်လေးသာ ဒီအတွေးကိုသိရင် ဘယ်လိုနေမည်မသိ။ တိုယ့်မှာတော့ စိတ်ကူးတွေ ယဉ်နေမိပြီ။

ဆေးခန်းကအပြန် မေမေ့မိတ်ဆွေတစ်ယောက်ဆီ ဝင်နေသောကြောင့် အိမ်ပြန်ရောက်တော့ ထမင်းစားချိန်ဖြစ်နေပြီ။ ရေမိုးချိုးပြီး ထမင်းစားလိုက်၏။ ကုမ္ပဏီသွားရန် အဝတ်အစားလဲစဉ်မှာပဲ စိတ်ကူးက ပြောင်းသွားသည်။ ဒီအချိန်ဆို ယုန်လေးကော်ဖီဆိုင်မှာ ရှိနေလောက်ပြီ။ ဒီတစ်ရက်လေး ရုံးလစ်ပြီး ယုန်လေးနှင့် အေးအေးလူလူ ထိုင်လိုက်မည်ဟု တဖက်သတ်တွေးရင်း ကုမ္ပဏီသို့ ဝတ်သွားနေကျ ဝတ်စုံအစား လူငယ်ဆန်ဆန် ဂျင်းဘောင်းဘီနှင့် တီရှပ်ပဲ ပေါ့ပေါ့ပါးပါး ပြောင်းဝတ်လိုက်၏။ နေလတ်က အလုပ်နားရက်ဆိုလျှင် ဒီလိုပဲ လူငယ်ဆန်ဆန်နေတတ်သည်။ ဒီအရွယ်လေးနှင့် အမြဲတမ်း စိတ်လေးလံမနေချင်ပါ။ ပို၍လူငယ်ဆန်အောင် 925 ဟန်းချိန်းလေးပင် ဆွဲတ်လိုက်သေး၏။

ဆိုင်ထဲဝင်လာသည့် သူ့ကို ယုန်လေးက တအံ့တသြ လှမ်းကြည့်နေ၏။ အနားရောက်တော့ . . .

"ဟား . . ခင်ဗျားက ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ၊ လူငယ်ဆန်သွားတာပဲ"

ယုန်လေးအပြောကြောင့် နေလတ်လည်း ယောကျ်ားလေးတန်မယ့် ရှက်တက်တက် ဖြစ်သွားရသည်။

"ဟာ . . ယုန်လေးကလည်း ငါက အလုပ်နားရက်ဆိုရင် ဒီလိုပဲ ဝတ်နေကြပါကွ . . ."

"ဟင် . . ဒီနေ့က ပိတ်ရက်မှ မဟုတ်တာ . . ."

ခက်ချေပြီ။ မသိရင် ကိုယ်ကပဲ အသားလွတ်ကြီး သူ့ဆီကို ခိုးထုတ်လာတာ ကျနေတာပဲ။ ထိုသို့ လားလားမျှ အထင်မခံနိုင်၍ နေလတ်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ပိတ်ရက်မဟုတ်လည်း ငါနားတယ်လေ၊ ဒီနေ့ မေမေ့ကို ဆေးခန်းလိုက်ပို့နေရလို့ ငါရုံးမသွားတော့တာ . . ."

"ခင်ဗျား အမေက ဘာဖြစ်လို့လဲ၊ ဖျားတာလား"

"မေမေက နှလုံးသမားလေ၊ အဲဒါ တစ်လတစ်ခါ (Medical Check up) လုပ်ရတယ်"

"ဩော် . . နှလုံးရောဂါလား"

ယုန်လေးမျက်နှာက စိတ်မကောင်းဟန်ပင် ဖြစ်သွားသေးသည်။ နေလတ်က ယုန်လေးကိုကြည့်ပြီး . . .

"နေပါဦး၊ မင်းကတော့ နေ့တိုင်းအားနေတာပဲလား"

ငြိမ်နေသော ယုန်လေးက သက်ပြင်းဖွဖွချရင်း . . .

"ကျွန်တော့်မှာ အလုပ်မှမရှိတာ"

ယုန်လေးအပြောက ညှိုးညှိုးငယ်ငယ်လေးမို့ နေလတ်ပင် သနားသွားမိသည်။ ဒီကောင်မလေးပုံစံက မပူမပင်နေနိုင်သော အသိုင်းအဝိုင်းကမှန်း သိသာပါသည်။ သို့ပေမယ့် ဘာကြောင့်ညှိုးငယ်သွားမှန်း နေလတ်မသိပါ။ ကိုယ်က နေရင်းထိုင်ရင်း စေတနာပိုနေမိပြီမို့ ယုန်လေးအား မေးမိသည်။

"ဒါဆို ယုန်လေး အလုပ်လုပ်မလား၊ ငါ့ကုမ္ပဏီမှာလေ . . ."

"မဖြစ်ပါဘူးဗျာ"

"ဟာ . . ဘာလို့မဖြစ်ရမှာလဲ၊ ကုမ္ပဏီမှာ မင်းတို့အရွယ်လေးတွေ အများကြီးကွ"

ယုန်လေးက ခေါင်းငုံ့ကာ ကော်ဖီခွက်ကို မွှေနေပြန်သည်။ ခဏနေမှ ခပ်တိုးတိုးလေး အသံထွက်လာ၏။

"ကျွန်တော်က သူများနဲ့ မတူတာတွေ အများကြီးပဲလေ၊ ပြောရမယ်ဆို အလုပ်လုပ်ရအောင် ကျွန်တော်က ဆယ်တန်းတောင် မအောင်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



နေလတ်ရင်ထဲမှာ လှိုက်ခနဲ သနားမိသွားသည်။ သူစာကယ် မထင်ထားမိပါ။ ဒါ ယုန်လေးနှင့်ပတ်သက်ပြီး ပထမဆုံး သူ့အကြောင်း စသိရခြင်းဖြစ်သည်။ ဘယ်လိုပြန်ပြောရမှန်းပင် မသိတော့။ အားပေးသည့်အနေနှင့်ပဲ . . .

"ဘာလဲ . . စာမေးပွဲကျလို့ စိတ်ညစ်ပြီး မဖြေတော့တာလား၊ ယုန်လေးပုံစံက ဉာဏ်ကောင်းမှာပါ"

ယုန်လေးက ခေါင်းလေးမော့ကာ လျော့လျော့ရဲရဲလေး ပြုံးလိုက်၏။ ပြီးမှ . . .

"ဖြေချင်ပါတယ်ဗျာ၊ အိမ်က မထားတော့တာပါ၊ ကျွန်တော်တလည်း စာမလိုက်နိုင်တာပါမှာပေါ့"

ပြောမှပဲ ပို၍စိတ်မကောင်းဖြစ်ရသည်။ စာမလိုက်နိုင်တာနဲ့ပဲ ကျောင်းဆက်မထားရအောင် ဘယ်လိုမိဘတွေလဲ။ ယုန်လေးကြည့်ရတာတော့ ကျောင်းတက်ချင်တဲ့ ပုံလေးပါ။ ယုန်လေးတို့ မိဘတွေလည်း ဒီကျောင်းစရိတ်လောက် အကုန်မခံနိုင်အောင် ဆင်းရဲမည့်ပုံမပေါ်ပါ။ နေလတ်စိတ်ထဲမှာ ယုန်လေးမိဘတွေကို ငြိုငြင်သွားမိပြီး . . .

"ဖြေချင်ထပ်ဖြေပေါ့ ယုန်လေးရာ၊ မဖြစ်နိုင်တာ မရှိဘူးကွ၊ ဖြစ်သေးတာဘဲ ရှိတယ်၊ မင်းသူများတွေလို တက္ကသိုလ်မတက်ချင်ဘူးလား"

တက္ကသိုလ်ဟူသည့်စကားက ယုန်လေးကို ဖမ်းစားလိုက်ဟန်တူသည်။ ချက်ချင်းပဲ မျက်လုံးလေးတွေ လက်ဖြာလာပြီး . . .

"တက်ချင်တာပေါ့ဗျ၊ သူများတွေကြည့်ပြီး အားကျယုံပါပဲဗျာ"

နောက်ဆုံးတော့လည်း ငြိုးငယ်သွားပြန်၏။ နေလတ်စိတ်ထဲမှာ ယုန်လေးအတွက် တစ်ခုခုလုပ်ပေးချင်သည့် စေတနာက လှုံ့ဆော်လာသည်။ ထို့ကြောင့် . . .

"မင်း တကယ်ဖြစ်ချင်စိတ်ရှိရင် ဖြစ်ကိုဖြစ်တယ် ယုန်လေးရာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစိတ်က အမိကပဲ၊ ငါ့ဘဝကိုလည်း အဲဒီစိတ်တစ်ခုထဲနဲ့ ထောင်မတ်ခဲ့တာကွ၊ မင်းဖြေမယ်ဆိုရင် ငါကြိုးစားပေးနိုင်တာတွေ ရှိပါတယ်။ ဘယ်လိုလဲ . . . "

ယုံကြည်မှုအပြည့်ဖြင့် နေလတ် ပြောလိုက်မိသည်။ ယုန်လေးမျက်ဝန်းထဲ လင်းသန့်တောက်ပလာသည့် အချိန်တိုကလေးလည်း ဖမ်းဆုပ်မိလိုက်၏။ ယုန်လေးမှာ ဖြစ်ချင်သည့် စိတ်ကလေး ရှိကိုရှိနေသည်။ နေလတ်ရင်ထဲ နွေးပျလာသလို ခံစားလာရသည်။

အတန်ကြာသည်အထိ ဆိုင်အပြင်ဘက်ကို ငေးရီနေသော ယုန်လေးက ခပ်ယဲ့ယဲ့လေးပြုံးရင်း . . .

"ခုလိုအားပေးတာတော့ ကျေးဇူးတင်ပါတယ်ဗျာ၊ အင်းလေ ကျွန်တော်စဉ်းစားပါဦးမယ်"

စဉ်းစားဦးမယ်ဆိုသည့် စကားကလည်း သိပ်မဆိုးလှပါ။ ကိုယ်ကလည်း မဟုတ်တာကို မြှောက်ပေးနေခြင်းမှ မဟုတ်သည်ပဲ။ သူက ငြိမ်သက်နေသလောက် သူ့အတွက် တက်ကြွနေသည့် နေလတ်ကို ယုန်လေးက အားနာသွား၍ထင်သည်။

"တစ်မျိုးမထင်နဲ့နော်၊ တကယ်ပြောတာပါ၊ ကျွန်တော် အားယူကြည့်မယ်လေ၊ အချိန်နည်းနည်းပေး . . . "

ယုန်လေးအပြောက သူ့စေတနာကို အလေးအနက်ထားကြောင်း ပေါ်လွင်နေပြီ။ ယုန်လေးနှင့် ပိုပြီးနီးကပ်လာသလို နေလတ်ခံစားလာရသည်။ လှိုက်မောကြည်နူးစွာပဲ ယုန်လေးကို ကြည့်လိုက်မိ၏။ နေလတ် ပို၍အံ့ဩသွားမိသည်။ ယုန်လေးကြည့်နေသည့် မျက်ဝန်းတွေထဲမှာလည်း ငွေ့ရည်ဖွဲ့နေသည့် ဝတ်မှုန်လေးများ ခိုနားနေကြသည်။

ထိုနေ့က ယုန်လေးနှင့် သူ Game မဆော့ဖြစ်ကြ။ ထို့ထက်အပျင်းပြေခဲ့သော နေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။ ကျောင်းကင်တွင် တိမ်



www.burmeseclassic.com

www.burmeseclassic.com



ထင်းစင်နေပါသည်။ ယုန်လေးနှင့် သူ၏ကြားတွင်လည်း မိုးသားတစ်စုံ
တစ်ရာ ပိတ်ဖုံးမနေခဲ့ပါ။

* * * *

"နေလတ် . . ငါကြားတာဟုတ်လား"

စောစောစီးစီး နေမျိုးကျော်က စကားကို အရင်းမရှိ၊ အဖျား
မရှိ လာမေးနေသည်။ ပုံစံကလည်း ဆရာကြီးဟန်နှင့်မို့ နေလတ်
ကြောင်သွားရ၏။

"ဘာလဲကွာ၊ မင်းက ဘာတွေကြားမိလို့ ငါက ဘာတွေဟုတ်
ရမှာလဲ"

နေမျိုးကျော်က ဟက်ခနဲ တစ်ချက်ရယ်လိုက်သေးသည်။
ပြီးမှ သူ့ရှေ့က စားပွဲမှာ ပိုင်စိုးပိုင်နင်း တင်ပါးလွှဲတက်ထိုင်လိုက်ပြီး-

"မင်း ယောက်ျားလျာလေးတစ်ယောက်နဲ့ တွဲနေတယ်ဆို၊
အဲဒါကို မေးတာ . . ."

စိတ်ထဲမှ ဒိန်းခနဲ ဖြစ်သွား၏။ သို့သော်လည်း အမူအရာ
မပျက်စေပဲ ခပ်တည်တည်ဟန်လုပ်ကာ . . .

"နေစမ်းပါဦး၊ မင်းကို ဘယ်သူက ဘာပြောလို့လဲ"

မေးသာမေးရသည်။ သိပ်အားမရှိလှ။ ဟိုကောင် ကပ္ပလီ
ဘွတာပဲဖြစ်မည်။ ဒီကောင်က ဒီလမ်းထဲမှာ အပ်ကျတာကအစ ကောက်
ပြီး ရောင်းစားလာသည့်ကောင်ဆိုတာ နေလတ်အသိဆုံး။ သူ့စကား
ကို နေမျိုးကျော်က . . .

"ဟင်း . . ဟင်း . . ဘာလဲ မင်းက ငြင်းချင်သေးလို့လား၊
ငါမေးတာသာဖြေပါ"

နေမျိုးကျော်၏ပုံစံကို သိပ်ကြည့်မရချင်တော့။ ငြင်းနေလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးဆရာလုပ်ဦးမည်။ မခံနိုင်ပါ။ ထို့ကြောင့် . . .

"ဟုတ်တယ်ကွာ၊ ဒါပေမယ့် ယောကျ်ားလျာ မဟုတ်ဘူး ယောကျ်ားလေးလိုပဲ ဝတ်တာကွာ၊ မိန်းကလေးအစစ်ပဲ . . ."

သိပ်မဖြေချင်သော သူ့ပုံစံကိုကြည့်ပြီး နေမျိုးကျော်က ပြီတီတီနှင့် မေးလာပြန်သည်။

"ဘယ်ကလဲကွ"

လေသံကိုက။ မင်းအမေရဲ့ ကြီးတော်အိမ်ကလို့ ဖြေလိုက်လျှင် မကောင်းဖြစ်တော့မည်။ မဖြစ်သေးပါ။ ယုန်လေးကို ပေါ့ပျက်ပျက် အထင်မခံနိုင်ပါ။ လေးလေးနက်နက် ဖြေစရာလည်း စကားက မရှိသေး၍ . . .

"ဘယ်ကလဲဆိုတာတော့ ငါလည်းမသိဘူး၊ နီဂရိုအိန်ဂျယ်မှာ တွေ့တာပဲ"

"ဘာလဲ မင်းနဲ့ကြိုက်နေတာလား"

"ဟာကွာ၊ မင်းကလည်း ကလေးလေးကို . . ."

ဒီစကားကိုတော့ နေလတ်မနည်းအသက်အောင့်ပြီး ဖြေလိုက်ရ၏။ အင်းလေ . . ကိုယ်နဲ့မှ မဆိုင်သေးတာ . . . ။ ထိုသို့ ဖြေလိုက်သော်လည်း နေမျိုးကျော်က မကျေနပ်သေးဘဲ အထွန့်က တက်သေးသည်။

"ဟေ့ကောင် . . ကလေး . . လေး လုပ်မနေနဲ့၊ မြတ်ကျော်လည်း နွယ်နီကို လိုက်နေတာပဲ"

"ဟေ . . အဆင်ပြေသွားပြီလား"

"ဟေ့ကောင် စကားလမ်းကြောင်းမလွှဲနဲ့နော်"

နေလတ်လည်း နေမျိုးကျော်ကိုကြည့်ပြီး သက်ပြင်းကိုအလျှား လိုက်သာချမိတော့သည်။ မေးချင်တာမေးတော့ကွာဟု စိတ်ပေါက်ပေါက် နှင့် တွေးနေစဉ်မှာပဲ မြတ်ကျော်က ရုံးခန်းထဲဝင်လာ၍ နေလတ်



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူချောင်သွားသည်။

မြတ်ကျော်ကို အားရဝမ်းသာကြည့်ပြီး လှမ်းပြောလိုက်၏။

"ဟာ . . အတော်ပဲ၊ မင်းကတော့ သေခဲဦးမယ် မြတ်ကျော်ရာ"

"ဘာလဲ . . ငါ့အကြောင်း ပြောနေတာလား"

"မဟုတ်ပါဘူးကွာ၊ မနက်က ကားတိုက်လို့သေသွားတဲ့ လမ်းထိပ်က ခွေးကြီးအကြောင်း ပြောနေတာကွ"

"ဟာကွာ . . ."

မြတ်ကျော်မျက်နှာက နဂိုက နေလောင်ခံထားရ၍ ခပ်ပြာပြာဖြစ်နေသည့်အထဲ မီးထပ်ဟပ်ခံရသလို တွန့်သွားသည်။

နေလတ်က တဟားဟားရယ်ပြီး . . .

"ဟုတ်ပါတယ်ကွာ၊ မင်းအကြောင်းပါ၊ မင်းအကြောင်း ပြောနေကြတာ . . ."

မြတ်ကျော်၏ အသွင်မှာ ချက်ချင်းပင် လေးနက်သွားသည်။ ပြီး ဘယ်သူမှမမေးဘဲနှင့် . . .

"အေးကွာ၊ မင်းတို့လည်း စားရတော့မှာပါကွာ၊ နှယ်နီက ဒီတစ်ပတ်ထဲမှာ အဖြေပေးမယ်တဲ့ကွ . . ."

ဘာမှလဲ မဆိုင်ပါ။ ဘလိုင်းကြီးလာကြွားနေ၍ နေလတ်က-

"အညာလွယ်လှချည်လားကွ"

"ဟေ့ကောင် . . မစော်ကားနဲ့နော်၊ ငါ အတင်းနားပူနားဆာပြောထားလို့ပါကွ၊ ကပ္ပလီတွန်းပေးတာလဲ ပါတာပေါ့"

ဒီအတိုင်းဆိုရင်တော့ ကပ္ပလီတစ်ယောက် ရုံးထဲမှာ တော်တော်မွှေနေလေပြီ။ ကိုယ်တောင် ကပ္ပလီဆီမှာ အကြံတောင်းရမလိုဖြစ်နေ၏။ မြတ်ကျော်က ရိုက်မစစ်ရဘဲ သူနှင့်နှယ်နီအကြောင်းကိုပဲ အတ်တွေစွာပြောနေ၍ နေမျိုးကျော်မှာ နေလတ်ကို ဆက်လက်စုံစမ်း



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးရန် အခွင့်မသာတော့ချေ။ ဒါသည်ကိုပင် ဒင်းက မပြန်သေးဘဲ ရစ်သီရစ်သီ လုပ်နေသေး၏။

နေလတ်က နာရီကို တစ်ချက်ကြည့်ပြီး နေမျိုးကျော်အား သတိပေးရတော့သည်။

"ဟော့ကောင် . . အလုပ်ရှိရင်သွားလေ၊ မင်း ဒီနေ့ နယ်ကို ပစ္စည်းပို့ရဦးမှာ မဟုတ်လား"

အေးဟု ခပ်ပြတ်ပြတ်ပြောကာ နေမျိုးကျော် ထွက်သွားတော့သည်။ ဒါတောင် မင်း နောက်ငါနဲ့တွေ့ဦးမယ်ဟု ယူဆရသော အကြည့်မျိုးနှင့် ကြည့်သွားသေး၏။ ကောင်းပါသည်။ နောက်မှပဲ ကိုနေမျိုးကျော်နှင့် တွေ့ပါမည်။ ခုလည်း ကောင်မလေးနှင့်ပတ်သက်၍ ကျွန်တော် လုံးဝမပြောချင်သေးပါဟု ခိုင်မာစွာ တွေးမိပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၈)

လကုန်ရက်ဖြစ်သဖြင့် နေလတ်အလုပ်များသည်။ တစ်လလုံး အလုပ်မလုပ်ဟု မယူဆစေလိုပါ။ ဒီရက်ပိုင်းက လချုပ်စာရင်းနှင့် ခန့်ထမ်းလစာကိစ္စတွေရှိနေ၍ အပြင်မထွက်အားချေ။ နိဂုံးအိန်ဂျယ် မရောက်တာပင် သုံးရက်လောက်ရှိပြီ။ လူက မအားပေမယ့် စိတ်က တော့ သတိရနေမိသည်။ သူ မရောက်ဖြစ်၍ ယုန်လေးများ ပျင်းနေပြီ လားဟုပင် ကိုယ့်ဘာကိုယ်ယက်ပြီး တွေးမိသေးသည်။ မတွေ့ရမှ ပိုပြီးတွေ့ချင်နေသည်လား မပြောတတ်။ အလုပ်တွေသာ မြန်မြန်ပြီး ချင်နေတော့၏။

ဆိုင်ထဲရောက်ရောက်ချင်း နေလတ်ရင်ထဲမှာ ဟာခနဲ ဖြစ် သွားသည်။ ယုန်လေးထိုင်နေကျ အချိန်ပါပဲ။ ထိုင်နေကျနေရာလေးမှာ လည်း ယုန်လေးကို မတွေ့ရ။ သက်ပြင်းမောကိုချရင်း တစ်ယောက်ထဲ ထိုင်နေမိသည်။ ဝိတ်တာလေးကို မေးရအောင်လည်း ဟိုးစပ်က သိပ်



www.burmeseclassic.com

www.burmeseclassic.com



မရဲလှ။ လမ်းမဘက်ကို မျှော်ကြည့်နေစဉ်မှာပဲ လာမေးနေကျ ဝိတ်တာလေးက အလိုက်တသိရောက်လာပြီး . . .

"အကို . . အစ်မလေးကို စောင့်ဦးမလား"

နေလတ်က ရှက်ရှက်နှင့် ပြုံးမိလိုက်သည်။ ဝိတ်တာလေးက သဘောပေါက်ဟန်ဖြင့် . . .

"ဟိုရက်တွေက အကိုသာမရောက်တာ၊ အစ်မလေးကတော့ လာထိုင်တာပဲ၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လို့လဲကွ"

"အစ်မလေးက ဒီဆိုင်မှာ အမြဲထိုင်ပေမယ့် တစ်ခါတစ်ခါလည်း ရက်နှစ်ဆယ်၊ တစ်လလောက် လာမထိုင်ပြန်ဘူးဗျ၊ အင်း . . အဲဒါလည်း အကိုနဲ့မတွေ့ခင်တုန်းကပါ"

ဝိတ်တာလေးက အကြောင်းသိမို့ အားပေးသလိုပြောသည်။ နေလတ်မှာပဲ အကြောင်းမဲ့ ရင်မောမိ၏။ ခုလည်း ယုန်လေးရောက်မလာလျှင် ဘာမှမတတ်နိုင်ပါ။ ကိုယ်က သူ့နာမည်နှင့် ဆယ်တန်းမအောင်တာကလွဲပြီး ဘာမှသိသည်မဟုတ်။ ဝိတ်တာလေးက သူ့ကိုတော်တော်ခရီးပေါက်နေပြီဟု ထင်နေသည်။ ကိုယ့်မှာဖြင့် တာတောင်မထွက်ရသေး။

"အေးကွာ . . ဒီအချိန်မှတော့ လာမယ်မထင်တော့ပါဘူး"

"စောင့်ပါဦးဗျ၊ အကိုတို့ဇာတ်လမ်းလေးက တစ်မျိုးလေးနော်တကယ့် Romance ပဲ"

အရေးထဲ သင်းက ဝိုလ်လိုဝင်မှတ်သွားသေးသည်။ ကိုယ့်တော့ ဗမာလိုပဲ လေပူကြီးကို ကကြီးမှ အ,အထိ မှုတ်ထုတ်နေမိသည်။ ထိုအချိန်မှာပဲ ဝိတ်တာလေးပြန်လှည့်လာသည့် ခြေသံကြား၍ . . .

"ညီလေး . . ကိုယ့်ကို အိုင်းရစ်တော်ဖီတစ်ခွက် ပေးကွာ ခါးခါးလေးသာဖျော်ခဲ့၊ ဒီနေ့ ခါးနေတယ်ကွ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပင့်သက်ကိုရှိုက်ရင်း ခံစားချက်အပြည့်နှင့် မှာလိုက်၏။

"ဘာတွေများ ဒီလောက်ခါးနေတာလဲဗျ"

ရုတ်တရက် ကြားလိုက်ရသည့် အသံလေးကြောင့် နေလတ် ပျော်သွား၏။ ချစ်သောယုန်လေး လာပါပြီ။ မခါးတော့ပါ။ နေလတ်က သိသိနဲ့ လှည့်မကြည့်ဘဲ မသိသလို ထပ်ပြောလိုက်သည်။

"ဆောရီးကွာ၊ မခါးနဲ့တော့ ချိုချိုလေးသာ ဖျော်ပေးတော့ကွ"

"ခင်ဗျားကြီးနော်၊ ဗလောင်းဗလဲနဲ့ ခပ်ချဉ်ချဉ်ပဲရတော့မယ်"

ယုန်လေးက ခပ်ငေါ့ငေါ့လေးပြောရင်း ခုံမှာဝင်ထိုင်သည်။ နေလတ်က အရှက်ပြေ ရယ်ပြလိုက်ပြီး . . .

"အဟဲ . . အလုပ်များနေလို့ အရင်နေ့တွေက မလာဖြစ်တာ တွ . . ."

"အောင်မာ . . ဘယ်သူက မေးနေလို့လဲ"

"မသိဘူးလေ၊ ယုန်လေးများ သိချင်နေလားလို့"

"အတင်းကြီးပါလား"

ယုန်လေးက ပြောရင်းရယ်တော့သည်။ နေလတ်လည်း လိုက်ရယ်မိသည်။ ယုန်လေးကပဲ . . .

"ဒီနေ့ Game မဆော့တော့ဘူးဗျ၊ ဒါပေမယ့် ကျွန်တော် ကော်ဖီတိုက်ပါ့မယ်"

"ဘာလဲ . . ကြောက်သွားပြီလား"

"ဟာ . . ဟာ့ . . အဝေးကြီး၊ ဒီနေ့ ကျွန်တော် အသက် တစ်နှစ်ကြီးသွားလို့ဗျ"

"ဟာ . . ဒါဆို . . ဒီနေ့ ယုန်လေးမွေးနေ့ပေါ့၊ ဘယ်နှစ်နှစ် မြောက်လဲ . . ."

နေလတ်ရွှင်မြူးစွာ မေးလိုက်မိသည်။ ယုန်လေးက မျက်နှာ လေးတည်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့တွေ သေနေ့တွေဆိုတာ သတ်မှတ်ချက်တွေပါဗျာ၊ မွေးလာရင် သေရမှာပဲ၊ အရေးမကြီးပါဘူး၊ အချိန်တန်ရင် ကိုယ့်ကို မေ့သွားမှာပဲလေ၊ ကိုယ့်ဘဝမှာ မြေကြီးနဲ့မျက်နှာ ပြန်မထိခင်မှာ ဘာတွေ လုပ်ခဲ့တယ်ဆိုတာပဲ အရေးကြီးတာ မဟုတ်လား"

နေလတ် ယုန်လေးကို အံ့ဩစွာ ကြည့်မိသည်။ ယုန်လေး ဒီလိုအတွေးရှိမယ်မှန်း သူလုံးဝမထင်ထားပါ။ ယုန်လေးစကားကြောင့် နေလတ်ဖျားသွားသည်။ (တုတ်ကွေးမဟုတ်ပါ)

"ယုန်လေးရာ၊ မင်း ဒါတွေလည်း သိတာပဲလား၊ ငါ တကယ် လေးစားတယ်၊ အတည်ပြောတာ . . ."

ယုန်လေးက တစ်ချက်လှမ်းကြည့်သည်။ ကြည်လင်နက်ရှိုင်း လှသည့် အကြည့်အဆုံးက စကားသံသည် သိပ်သည်းလှသည်။

"ခင်ဗျားကို ကျွန်တော် တစ်ခုမေးကြည့်မယ်နော်၊ ခင်ဗျား ကျွန်တော့်ကို ဘယ်လိုမြင်လဲ . . ."

ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိအောင် နေလတ် ဆွံ့အ သွား၏။ ဒီနေ့မှ ယုန်လေးက ထူးထူးဆန်းဆန်းတွေ မေးလာသည်။ အမေးရှိလျှင် အဖြေရှိရမည်ပေါ့။ ရင်ထဲကအတိုင်းတော့ နေလတ် မဖြေရဲပါ။ ထို့ကြောင့် . . .

"ဘယ်လိုပြောရမလဲ ယုန်လေးရာ၊ မင်းကိုငါ ဟို . . ညီမလေး တစ်ယောက်လိုပေါ့ကွာ"

လောလောဆယ်ပေါ့ဟု ရင်ထဲက တိုးတိုးလေး ဆက်ပြောမိ သည်။ ယုန်လေးက မျက်ဝန်းတောက်တောက်လေးနှင့်ကြည့်ကာ လက် ဖျစ်တစ်ချက်တီးလိုက်ရင်း . . .

"OK . . ကျွန်တော်လည်း ခင်ဗျားကို အကိုတစ်ယောက်လို ခင်တာဗျ၊ ဒီတော့ . . ကျွန်တော့်မွေးနေ့မှာ အကိုတစ်ယောက်လက် ဆောင်ရတယ်လို့ သဘောထားလိုက်တော့မယ်၊ ဒါဟာ . . ပျော်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး . . .”

တကယ့် ကလေးလေးတစ်ယောက်လို ပျော်ရွှင်စွာပြောနေသည့် ယုန်လေးကို နေလတ် ငေးကြည့်နေမိသည်။ ယုန်လေး၏ ပျော်ရွှင်မှုကို သူမဖျက်ဆီးရက်ပါ။ ရင်ထဲကသာ ယုန်လေးရယ်ဟု ညည်းနေမိသည်။

ယုန်လေးက နေလတ်ကို ခပ်စူးစူးလေးကြည့်ပြီး ပြုံးလိုက်သည်။ ပြီး အသံတိုးတိုးလေးနှင့် . . .

“ကိုကြီး . . .”

ယုန်လေး၏ခေါ်သံက နေလတ်ရင်ထဲအထိ ဖြူစင်ငြင်သာစွာ တိုးဝင်သွားသည်။ ယုန်လေးက သူ့အပေါ် အကိုတစ်ယောက်လို သတ်မှတ်လိုက်ပြီလား။ ဘယ်လိုမှ မျှော်လင့်မထားမိ၍လည်း တကိုယ်လုံး တုန်ခါသွားပြီး ယုန်လေးကို ပြန်ကြည့်မိလိုက်သည်။ တဒင်္ဂမျှ အချိန်လေးသည် ပီတိများဖြင့် နာကျင်နေတော့သည်။

“ယုန်လေး . . ညီမလေး . . .”

“ကိုကြီး . . .”

ဟိုး ကောင်းကင်ထဲမှာ ငှက်တွေဝဲပျံသွားကြပြီ။ နီစင်လဲ့လဲ့ မိုးကုတ်စက်ဝိုင်း၏ အနားသတ်ဆီသို့လား။ မသိပါ။ ယုန်လေးနှင့် သူ တတော့ အနှောင်အဖွဲ့ကင်းလွတ်စွာ ရယ်မောမိကြသည်။

“ယုန်လေး . . .”

“ဘာလဲ . . .”

“ဒီနေ့ ယုန်လေးမွေးနေ့ဆိုတော့ ဘာလက်ဆောင်လိုချင်လဲ ပြော . . .”

“ဘာမှမလိုချင်ပါဘူး ကိုကြီးရယ်၊ လောကမှာ ကိုယ်လိုချင်တိုင်းရတာမှ မဟုတ်တာ . . .”

ယုန်လေးက ခပ်လေးလေးပဲ ပြောလာသည်။ ဒီနေ့ ယုန်လေး



www.burmeseclassic.com

www.burmeseclassic.com



ပြောသမျှတွေအားလုံး ထူးဆန်းနေသလို ခံစားမိသည်။ နေလတ်က-

"မဟုတ်ဘူးလေ၊ အမှတ်တရ ဖြစ်အောင်လို့ပါ"

"အင်း . . ဒါဆို ပြောမယ်"

မျက်လုံးလေးထောင့်ကပ်ကာ ယုန်လေးစဉ်းစားနေပုံလေးက ချစ်စရာကောင်းလှသည်။ နေလတ် ပင့်သက်ကိုသာ ခိုးရှိုက်မိ၏။

"ကျွန်တော် စာမေးပွဲပြန်ဖြေမယ်၊ အဲဒါအတွက် ကိုကြီး ဘာလုပ်ပေးနိုင်လဲ ပြော . . ."

နေလတ်က ယုန်လေးကိုကြည့်ပြီး ဆုံးဖြတ်ချက် ရဲရဲချမိလိုက်သည်။ သူဘာတွေ ပေးနိုင်သလဲ . .။ အများကြီးပါ။ ယုန်လေး၏ ပျော်ရွှင်မှုတွေဟာ သူ့ရဲ့အမှတ်တရ ဖြစ်စေရမည်။ နေလတ် လင်းလင်းရဲရဲပဲ ပြောလိုက်သည်။

"ယုန်လေး စာမေးပွဲအောင်စေရမယ်လို့ ငါဂတိပေးတယ်၊ ဒါပေမယ့် ငါပြောတာတွေကို လိုက်နာရမယ်၊ ပြီးတော့ ငါလိုက်အပ်ပေးတဲ့ ဆရာနဲ့ပဲသင်ရမယ်၊ ဘယ်လိုလဲ . . ."

"တကယ်နော်၊ အမှတ်တရဆိုတာ တသက်လုံး အမှတ်ရနေမှ ပီပြင်တာ ကိုကြီးရဲ့၊ ကျွန်တော်လည်း ကြိုးစားမှာပါ"

အသွင်ကွဲလာသော ချည်နှောင်ခြင်းအတွက် နေလတ်ဘာကိုမှ ယိုးမယ်မဖွဲ့ချင်တော့ပါ။ ယုန်လေး၏ မျက်ဝန်းများကိုလည်း အနက်ရှိုင်းဆုံးအထိ မစူးစမ်းရဲတော့ပါ။ ယုန်လေး ကာရံထားသည့် အဖြူရောင်ပါးပါးလေးကို သူရိုးကျိုးရမည်။

တစ်ယောက်နဲ့တစ်ယောက် ချည်နှောင်ဖို့ဆိုတာ ခွန်အားသုံးစရာ မလိုပါဘူး ယုန်လေးရယ်။ ကိုယ်စီရင်ထဲအထိ မြင်တွေ့နေရုံလေးပါ။ အပြန်အလှန်တော့ လေးမြတ်ကြမယ်နော် . . ယုန်လေး . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၉)

တစ်ပတ်လုံးလုံး ယုန်လေးနှင့် သူ၏ပတ်သက်မှုကိုမေးရန် နေမျိုးကျော်တစ်ယောက် ကျားချောင်းချောင်းနေ၏။ နေလတ်လည်း သိမသာ ရှောင်နေမိသည်။ နေမျိုးကျော်မှာ အလုပ်တဖက်၊ အစိတ်သား တစ်ဖက်ဖြစ်နေ၍ နှစ်ဖက်စလုံးမအားဘဲ နေလတ်နှင့်ဆုံလျှင် မကြည်ကြည့်သာ ကြည့်နေရရှာသည်။ အခွင့်အရေးရသည်နှင့် မေးမည့်သဘောမှာ ရှိနေ၏။ သို့သော်လည်း အခြေအနေက မပေးချေ။

နေမျိုးကျော်၏ စစ်ဆေးလိုမှုမှာ ထိုမျှနှင့်မပြီးသေးပါ။ ခုလိုနှံပိတ်ရက်ကြီးမှာပင် သူ့အိမ်မှာ သူမနေဘဲ နေလတ်အိမ်သို့ ကိုယ့်ထမင်းကိုယ်စားပြီး ရောက်လာသေးသည်။ မနက်စောစော မေဒမ်သာန္တီးထဲက နေလတ်သဘောပေါက်လိုက်သည်။ ဒီကောင် တို့ကိစ္စ တာမေးတာပဲ ဖြစ်မည်။

နေလတ် မနက်စာစားနေတာကိုပင် မစောင့်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"နေလတ် မင်းတစ်ပတ်လုံးလုံး ငါမေးမှာစိုးလို့ ရှောင်နေတာ မဟုတ်လား"

"မရှောင်ပါဘူးကွာ၊ ဒီရက်ပိုင်း ငါအလုပ်များနေတာ မင်းသိသားပဲ"

"ထားလိုက်ပါတော့၊ ကဲ ပြောစမ်းပါဦး၊ ဟိုကောင်မလေးနဲ့ မင်းကိစ္စ . . ."

နေမျိုးကျော်အသံက အနည်းငယ် ကျယ်သွားသောကြောင့် မေမေကြားသွားဟန်တူသည်။ မသိမသာ လာနားထောင်နေ၏။ နေလတ်က နေမျိုးကျော်ကို မျက်ရိပ်လှမ်းပြရင်း တားရ၏။

"မင်းကွာ တိုးတိုးပြောပါကွ၊ ဒီအကြောင်းလေး မေးဖို့ဟာကို အိမ်အထိတောင် လိုက်လာရတယ်လို့ကွာ"

"မင်းမှ မပြောတာကိုး"

"ကဲ ပြောကွာ၊ မင်းက ဘာကိုဒီလောက် သိချင်နေတာလဲ"

နေမျိုးကျော်က မိန့်မိန့်ကြီးပြုံးကာ အရင်ကြည့်လိုက်သည်။

"မင်းက မိန်းကလေးတွေနဲ့ မပတ်သက်ဘူးတော့ ခံရမှာစိုးလို့ပါကွာ၊ အဟဲ . . အဲဒီကောင်မလေးကို မင်းကြိုက်နေတာလား"

နေလတ်လည်း စိတ်ထဲက ခပ်ချဉ်ချဉ်ဖြစ်လာပြီး . . .

"အေး ဟုတ်တယ်၊ ငါကကြိုက်ချင်နေတာ၊ ဒါပေမယ့် ကြိုက်လို့မရဘူး"

"ဘာဖြစ်လို့လဲ၊ နူနေလို့လား"

ခွေးကောင်။ ပြောပုံကိုက . . .။

"အောင်မာ . . ဘာလို့နူရမှာလဲ၊ မင်းအစိတ်သားနဲ့မှာ ကြိုက်လို့မရဘူးဆိုတာက သူနဲ့ငါ မောင်နှမလုပ်ထားလို့ကွ၊ သိပြီလား"

"ကြံကြံဖန်ဖန်ကွာ၊ မောင်နှမလုပ်တယ်ဆိုတာ အရင်ခေတ်မှာပဲ ကြားဖူးတယ်၊ သွေးသောက်ညီအကိုတို့ မောင်နှမတို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



မချိုမချဉ်ပြောနေသော နေမျိုးကျော်ကို နေလတ်ကြည့်ပြီး စိတ်က မရှည်တော့ဘဲ . . .

"ခုလည်း ရှိတယ်၊ ငါတို့က ကော်ဖီသောက်ရင်း ကော်ဖီ မောင်နှမ လုပ်ထားတာကွ"

"ကော်ဖီမောင်နှမတဲ့ကွာ၊ ဟား . . ဟား . . ဟား . . . ကြောင်ပါ့ နေလတ်ရာ"

အူလှိုက်သဲလှိုက်ရယ်နေသည့် နေမျိုးကျော်ကို ဒီအရေတွေ မြင်၍ မပြောပြလိုခြင်းဖြစ်သည်။ ဒါတောင် မောင်မင်းကြီးသားက မပြီးသေးချေ။

"ဒါနဲ့ Game ကို ရှုံးမှာဆော့နေတာကော၊ ဘာသဘောလဲ"

"အဲဒါလည်း သူနဲ့ငါ ပြိုင်မလို့ ကျင့်နေတာကွ"

"တစ်ခုခုပဲလို့တော့ ထင်သား၊ မင်းဘာတွေ လျှောက်လုပ်နေ တာလဲ နေလတ်ရာ၊ ဒုက္ခပါပဲ"

မတတ်နိုင်တော့ပါ။ ဖြစ်ကြောင်းရယ်ကုန်စင်ကို သံတော်ဦး တင်ရတော့သည်။ ထိုသို့ ရှင်းပြလိုက်မှပဲ ကျေးဇူးရှင်က ခေါင်းလေး ညိတ်ညိတ်နှင့် နားထောင်ပြီး . . .

"ငါနားလည်ပါတယ် နေလတ်ရာ၊ မင်းကို လှောင်နေတာ မဟုတ်ပါဘူး၊ မင်း ကျိတ်လုပ်နေတာကို အသဲယားလို့ကွ၊ ကဲ . . ခု မင်းပြောသလိုဆိုရင် ဘယ်လိုဆက်လုပ်ရှားမှာလဲ"

နေလတ် သက်ပြင်းဖွဖွချမိသည်။

"အချိန်တစ်ခုတော့ စောင့်ရမှာပဲကွာ၊ သူ့ရဲ့ဖြူစင်မှုကို စော် ကားသလိုဖြစ်မှာလည်း စိုးရသေးတယ်၊ ပြီးတော့ အသက်အရွယ်က လည်း . . ."

"ဟော့ကောင် ဘာမှမဆိုင်ဘူး၊ မြတ်ကျော်နဲ့ နွယ်နီတောင် အဆင်ပြေသွားပြီကွ၊ ကြီးရင်မှ ငယ်ရင်ချိုဆိုတာ မင်းမကြားဖူးဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဆိုတာက ဖွဲ့တစ်ဆုပ်နိုင်တဲ့ အရွယ်အထိ မိန်းမဆိုတာ လာထားပဲ၊ ပေါက်တယ်နော် . . ဟဲ . . ဟဲ"

"မင်းကွာ အကောင်းပြောနေရင်းက . . ."

သူ့ကိုကြည့်ပြီး နေမျိုးကျော် အားရပါးရ ရယ်နေတော့သည်။ သိချင်တာတွေ သိသွားရသဖြင့် ကျေကျေနပ်နပ် ပြန်သွားပါသည်။ နေမျိုးကျော်ကို ခြံဝအထိလိုက်ပို့ပြီး အိမ်ထဲပြန်အဝင်မှာ မေမေက ပြုံးပြီး လှမ်းစပြန်၏။

"သား . . နေမျိုးပြောသလို ဖွဲ့တစ်ဆုပ်နိုင်တဲ့ အရွယ်အထိ တော့ မေမေ မစောင့်နိုင်ဘူးနော်"

"ဟာဗျာ . . မေမေကလည်း . . ."

နေလတ် ရှက်ရှက်နှင့် မေမေ့ကို ရယ်သာပြနိုင်တော့သည်။ လက်စသတ်တော့ မာတာမိခင်က သူတို့ပြောတာတွေကို ချောင်းပြီး နားထောင်နေသည်ကိုး . . .။

* * * *

မျက်နှာလေး စူပုတ်ပုတ်နှင့်ထိုင်နေသော ယုန်လေးကိုကြည့်ပြီး နေလတ်စိတ်ထဲ ငါလာတာများ နောက်ကျလို့လားဟု မဆီမဆိုင် တွေးမိသေးသည်။ မဖြစ်နိုင်။ တစ်ခြား တစ်ခုခုကြောင့်ပဲ ဖြစ်မည်။

"ယုန်လေး ဘာဖြစ်နေတာလဲ"

ယုန်လေးက မျက်နှာထားကို မပြင်သေးပဲ . . .

"ဘာဖြစ်ရမှာလဲ၊ ဟို မှန်ကြောင်လေ၊ ဒီကိုအလာမှာ စာ အတင်းလိုက်ပေးနေလို့"

နေလတ်ကြောင်စီစီ ဖြစ်သွား၏။ ရုတ်တရက်တော့လည်း စိတ်ပူ သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် . . ဘယ်က မှန်ကြောင်လဲ . . ."

မှန်ကြောင်တာက အကြောင်းမဟုတ်။ လူကို မကြောင်ဖို့လို သည်။ ယုန်လေးက သူ့ကိုမေးပြန်ငေါ့ဖြစ်ရင်း . . .

"ကိုကြီးနဲ့ Game ဆိုင် စ,သွားတုန်းက ကိုကြီးကို လှမ်းရိတဲ့ လင်းညို့သွေးဆိုတဲ့ ကောင်လေ၊ ရုပ်ကိုက ပျားကို မျက်မှန်တပ်ထား တဲ့ရုပ်နဲ့၊ ဟွန်း . . ဒင်းကပဲ"

"ယုန် . . ယုန်လေးက စာယူလာခဲ့လို့လား"

"အောင်မာ . . ဘာလို့ယူရမှာလဲ"

မျက်နှာထိ မျက်နှာထားနှင့် ယုန်လေးပုံစံကြောင့် နေလတ် ပျော်သွား၏။

"ယုန်လေးက မျက်မှန်လေးကို မကြိုက်ဘူးပေါ့"

"ဝေးသေး၊ ကျွန်တော် ဘယ်ကောင့်ကိုမှ မကြိုက်ဘူး"

ပွဲက တစ်ခါထဲ ပြတ်သွား၏။ မေးမိတာပင် နင်သွားရသည်။ ဘယ်ကောင်မှဆိုတော့ ကိုယ်လည်းပါပြီပေါ့။ အားမလို အားမရနှင့် ယုန်လေးကို ကြည့်မိသည်။ ယုန်လေးက စူးစမ်းဟန်ဖြင့် ချက်ချင်းပဲ ပြတ်ခနဲကြည့်ကာ . . .

"ကိုကြီးက ဘာကိုကြည့်တာလဲ"

"ဩော် . . ယုန်လေးက ချစ်စရာလေးဆိုတော့ ရည်းစားရ သွားမှာ စိုးလို့ပါ"

အနှောင့်အသွားမလွတ်သည့် စကားကိုပြောရင်း နေလတ် ကိုယ့်ကိုယ်ကို အားရသွား၏။ ဒါကိုပင် ယုန်လေးက ရိပ်မိသွားလား မသိ။ မျက်နှာပေါ် ရှက်ရိပ်ကလေးပြေးသွားပြီး . . .

"အဝေးကြီးမှာပါ ကိုကြီးရာ၊ ကိုကြီးညီမက ကိုကြီးအနားမှာပဲ နေမှာဗျ၊ ဘယ်တော့မှ ရည်းစားမထားဘူး"

သက်ပြင်းချရုံမှတစ်ပါး အခြားမရှိတော့ပါ။ သူခုနချင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နေချင်သည့် ပုံစံက စည်းတစ်ခုလို ခြားနေလေပြီ။ ငြိမ်ကျသွားသော သူ့ကို ယုန်လေးက ဖြတ်ခနဲ လက်မောင်းကိုပုတ်ရင်း . . .

"ဘာဖြစ်နေတာလဲ။ Game သွားဆော့မယ်၊ ထ . . ဒီနေ့ ကြယ်ငါးပွင့်ကန်ရမှာ၊ သွားမယ် . . ."

"အင်း . . သွားမယ်လေ၊ ငါရုံးမှာ ကားသွားယူလိုက်မယ်"

"ဟင့်အင်း . . မစောင့်နိုင်ဘူး၊ ခါတိုင်းလိုပဲ ကားစပ်တူငှားသွားမယ်"

ထိုသို့ဖြင့် ကားငှားပြီး Game ဆိုင်သို့ ရောက်သွားပြန်သည်။ တစ်ပွဲပင် ဆော့လို့မပြီးသေး။ အနှောင့်အယှက်က ဝင်လာ၏။ မျက်မှန်တဝင့်ဝင့်နှင့် လင်းညို့သွေးပဲ ဖြစ်သည်။ ဘာကိုများ အားကိုးသည် မသိ။ ယုန်လေးအနားကို ရောက်လာပြီး ရစ်နေသည်။

"မိုးပြည့် . . ငါ့စာလေးတော့ လက်ခံပါဟာ၊ ငါ နင့်ကို တကယ်ချစ်တာပါ ဟ"

နေလတ်စိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။ အေးအေးဆေးဆေး လာပြောနေ၍ ကိုယ်က ထပြောရအောင်လည်း မဖြစ်သေး။ ယုန်လေးက ကစားနေတာကို ရပ်လိုက်ပြီး ခပ်တည်တည်ပဲ ပြောလိုက်၏။

"နင့်ကိုငါ ပြောပြီးသားပဲ လင်းညို့သွေးရာ၊ ငါစိတ်မဝင်စားဘူး၊ ငါ့ကို အဲဒါတွေ လာမပြောနဲ့ဟာ . . ."

ထိုမျှနှင့် မပြီးသေးပါ။ လင်းညို့သွေးဆိုသည့် ငတိလေးက တော်တော်ရှည်ပါသည်။ အနားက မသွားသေးဘဲ . . .

"နင်နဲ့ငါက ငယ်သူငယ်ချင်းတွေပါ မိုးပြည့်ရာ၊ ငါချစ်နေတာ နင်သိမှာပါ၊ ငါနင့်ကို အဆုံးအရှုံးမခံနိုင်လို့ပါ"

ယုန်လေးမျက်နှာက ဒေါသဖြင့်နီလာသည်။ စူးစူးဝါးဝါးပြန်ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"နင် တော်တော့နော်၊ ငါသည်းမခံနိုင်တော့ဘူး၊ နင့်ကိုလည်း ငါဘာမျှော်လင့်ချက်မှ မပေးထားဘူး၊ နင်သွားရင်ကောင်းမယ်"

"လေသံမာလှချည်လား မိုးပြည့်ရ၊ ဘာလဲ နင်က အားကိုး ရနေလို့လား၊ ခုမှ ဘယ်ကပေါက်လာမှန်းမသိတဲ့ ဘီးကျဲဆီကတော့ မျှော်လင့်တာပေါ့"

"နင် . . နင့် မိုက်ရိုင်းလှချည်လား"

ယုန်လေးစကားအဆုံးမှာ နေလတ်လည်း သည်းမခံနိုင်တော့။ စိတ်က လွတ်ထွက်သွားလေသည်။ ဝုန်းခနဲထပြီး လင်းညို့သွေး၏ ရင်ဘတ်က အင်္ကျီစကို စုဆွဲကိုင်ကာ . . .

"ဟေ့ကောင် . . မင်းနှစ်ခါရှိပြီနော်၊ ငြိမ်နေတာ အကောင်းမထင်နဲ့"

ရုတ်တရက် လင်းညို့သွေး အငိုက်မိသွား၏။ ချက်ချင်းပဲ နေလတ်ရင်ဘတ်ကို ပြန်တွန်းလိုက်ပြီး ရမ်းတော့သည်။

"နှစ်ခါဆိုတော့ ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

နေလတ်၏ ခန္ဓာကိုယ်ထဲက သွေးတွေ ဆူပွက်လာသလို ခံစား လိုက်ရသည်။ ဒီငတိကို ဒီထက်ပိုပြီး သူသည်းမခံနိုင်တော့။ ဆတ်ခနဲ နှတ်နှာဆီ လက်ရွယ်လိုက်စဉ်မှာပဲ . . .

"ကိုကြီး . . . "

စိုးရိမ်စွာခေါ်ရင်း ယုန်လေးက သူနှင့်လင်းညို့သွေးကြားမှာ ဝင်ရပ်လိုက်သည်။

"နင် ဘာဖြစ်ချင်တာလဲ လင်းညို့သွေး . . . "

ငတိက အခဲမကျေသေးဟန်ဖြင့် ယုန်လေးကိုကျော်ပြီး သူ့ကို ကြည့်တာ . . .

"မိုးပြည့် နင်ဘေးဖယ်လိုက်ပါ၊ ငါ့အကျီကို ဒီလို ဘယ်ကောင် မှ မတိုင်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ကိုယ်ကပဲ ဗွေဆော်ဦး ကံထူးရှင်ပေါ့။ ယုန်လေးက သူ့ရှေ့က မဖယ်ပေးပါ။ ဂရုစိုက်ဟန်လုံးဝမရှိဘဲ . . .

"ဒါကတော့ နင်အရင်စော်ကားတာပဲလေ"

"ယုန်လေး ဖယ်ပေးလိုက်ပါ၊ ရတယ်"

နေလတ်အပြောကို ယုန်လေးက မကြားဟန်နှင့် ဆက်ရစ်နေသည်။ ထိုငတိကိုလည်း . . .

"နင် ရှင်းချင်ရင် ငါနဲ့ခုရှင်းလို့ရတယ်၊ ပြောလေ . . ဘာဖြစ်ချင်တာလဲ၊ ထိုးချင်တာလား၊ နင် ကိုကြီးကို ဘာမှလုပ်စရာ အကြောင်းမရှိဘူး"

ယုန်လေးရဲ့စကားသံက အေးစက်မာကျောနေသည်။ ငတိက ကိုယ့်ဘဝကိုယ် နားလည်သွားပြီလား မသိပေ။ ယုန်လေးကို ကြည့်ရင်း . . .

"တောက်! မိုးပြည့်ရာ"

လူတွေကပါ ဝိုင်းကြည့်နေကြ၍ ငတိက အခြေအနေမကောင်းမှန်း သိလာဟန်တူသည်။ မကျေမနပ်ရေရွတ်ရင်း နေလတ်ကို ရှုတင်းတင်းကြည့်ကာ လှည့်ထွက်သွားတော့၏။ ဒီပုံစံနှင့်တော့ ဒီငတိ နောင်ဘဝအထိ ရည်းစားရမည့်ပုံ မပေါ်ပါ။ ယုန်လေးက သူ့ဘက်လှည့်ကာ အားနာဟန်လေးနှင့် . . .

"ဆောရီးပဲ ကိုကြီးရာ၊ ကျွန်တော် တကယ်စိတ်မကောင်းဘူး"

"ရပါတယ်၊ ယုန်လေး ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့၊ ကိုယ်မှားတာမှ မဟုတ်တာ"

"ကိုကြီး ရန်ဖြစ်မှာစိုးလို့"

ယုန်လေး၏စကားသံ တိုးတိုးလေးက နေလတ်ရင်ထဲအထိ ဆွတ်ပျံ့လိုက်မောသွားစေသည်။ ယုန်လေး၏ခေါင်းကို ခပ်ဖွဖွလေး ပွတ်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ . . လာ ပြန်ရအောင်"

လမ်းမပေါ်ရောက်တော့ ယုန်လေးက နာရီကြည့်လိုက်ပြီး-

"ကိုကြီးက ပြန်တော့မှာလား၊ ဒါဆို ကျွန်တော်လည်း အဲဒီဘက် ကော်ဖီလိုက်သောက်ဦးမယ်"

သူ့ဖာသူပြောရင်းနှင့် လူတွေပြည့်ကျပ်နေသော Bus ကားတွေကိုကြည့်ကာ ယုန်လေး၏မျက်နှာလေး လက်သွား၏။

"ကိုကြီး Bus ကားစီးသွားရအောင် . . ."

"ဟာ . . ဒီလောက်ကျပ်နေတာ ယုန်လေးရာ၊ ခါတိုင်းလိုပဲ ကားငှားသွားတာပေါ့"

"ဟာဗျာ . . မရဘူးဗျာ၊ စီးမှာပဲ၊ မလိုက်ချင်နေခဲ့ . . ."

နှုတ်ခမ်းလေးစူကာ တောက်ဆတ်ဆတ်နှင့် ယုန်လေး ကားမှတ်တိုင်ဆီ ထွက်သွားတော့သည်။ နေလတ်လည်း မလွန်ဆန်နိုင်ဘဲ Bus ကား လိုက်စီးရပြန်၏။ ထုံးစံအတိုင်း ကားက မပြောင်းမလဲ ကျပ်ပိတ်နေပါသည်။

တစ်မှတ်တိုင်ကျော်ကျော်လောက်မှာပင် ယုန်လေးကြည့်ရတာ အိပ်မဟန်ချင်တော့။ ချွေးလေးတွေ စို့လာပြီး အသက်ရှူမဝသလို ဖြစ်နေပြီ။ နေလတ် စိတ်မအေးနိုင်တော့။

"ယုန်လေး ရရဲ့လား၊ မရရင် ဆင်းလိုက်မယ်လေ"

"ရပါတယ် ကိုကြီးရဲ့"

ရပါတယ်ဆိုသော ယုန်လေးက နေလတ်ဆွဲခါသည့် အပေါက်ဘက်သို့ပင် ခဲယဉ်းစွာ တိုးလိုက်လာသည်။ Bus ကား စီးတာစီးနေကျရဲ့လား မသိ။ ကားမှတ်တိုင်တစ်ခုမှာ ဆင်းလိုက်ချင်းပဲ ယုန်လေး ဆောင့်ကြောင့်လေး ထိုင်ချလိုက်ပါသည်။ နေလတ်လည်း ရှုံ့ကာသောသောနှင့် ပြောမိတော့သည်။

"အဲဒါကြောင့် ပြောတာပေါ့၊ မစီးဖူးရင် မစီးပါနဲ့ဆိုတာကို၊

www.burmeseclassic.com



ခု လမ်းတောင်မလျှောက်နိုင်တော့ဘူး မဟုတ်လား"

ယုန်လေးက ဆတ်ခနဲ မော့ကြည့်ပြီး . . .

"ဘာလို့ မလျှောက်နိုင်ရမှာလဲ၊ ကြည့်နေပါ၊ ဒီကနေ နီဂရိုအိန်ဂျယ်အထိ လျှောက်ပြမယ်"

မခံချင်စိတ်ကလေးနှင့်ပြောရင်း ရပ်လိုက်သဖြင့် ရုတ်တရက် ယိုင်သွားသော ယုန်လေးကို နေလတ် အမြန်လှမ်းဆွဲလိုက်ရသည်။

"ဟာ . . ယုန်လေး"

နွေးထွေးအိစက်သော ကိုယ်လုံးလေးက နေလတ်ရင်ခွင်ထဲကို အလိုက်သင့် ပြိုကျလာသည်။ စိုးရိမ်စိတ်နှင့်ဖက်ထားရင်း ယုန်လေးကို ငုံ့ကြည့်လိုက်၏။ ထိုအချိန်မှာပဲ ယုန်လေးက ရှက်ရှက်နှင့် နေလတ် အင်္ကျီစကိုကိုင်ကာ မော့အကြည့် . . ။ ဖြတ်ခနဲ . . ။ နေလတ်၏ဝင်သက်ထဲ ရနံ့တစ်ခုက အလိုက်သင့်တိုးဝင်လာပါသည်။

"အာ . . ကိုကြီး"

"ဟာ . . ယုန်လေး . . ဆောရီးကွာ၊ ယုန်လေးရဲ့လားလို့ စိုးရိမ်ပြီး ငုံ့ကြည့်ရင်း . . ."

". . . . . . . . . ."

နှစ်ဦးသား စကားဆက်မဆိုမိကြ။ ယုန်လေး အမူးကောပြေသွားပြီလား။ နေလတ်တော့ ရနံ့တစ်ခုဖြင့် ရူးသွပ်သွားလေပြီ။

ထိုနေ့က ရန်ကုန်မြို့၏ ကားမှတ်တိုင်တစ်ခုတွင် အမည်နာမမရှိသေးသော ပန်းတစ်ပွင့် အချိန်စောပြီး ပွင့်သွားခဲ့ပါသည်။ ရှက်သွေးတွေ ရစ်သိုင်းလူးပေနေသည့် ဂယောင်ခြောက်ခြား ပန်းကလေး . . ထို့ထက် ယုန်လေး၏ပါးပြင် . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ထိုအကြောင်းများကို နေလတ်က မအောင့်အီးနိုင်ဘဲ နေမျိုးကျော်အား ရင်ဖွင့်မိသည်။ နေမျိုးကျော်က ဝါရင့်မန်နေဂျာပီသစွာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပေးပါသည်။ ပြီးမှ သူပဲ ရည်းစား ဆယ်ယောက်လောက် ထားဖူးသံလို မျက်နှာပေးနှင့် အကြံပေးလာသေးသည်။ လောလောဆယ်တော့ သည်းခံရမည်။ ကိုယ်က လျှာရှည်မိသည်ကို . . ။

"အခြေအနေကတော့ မဆိုးဘူးဘဲကွ၊ ဒီတစ်ခေါက် မင်း ကော်ဖီဆိုင်သွားရင် ငါတို့ကိုပါခေါ်လေ . . ."

"ဟာ . . ဖြစ်ပ့ါမလားကွ"

နေမျိုးကျော်က မင်းမသိသေးပါဘူး ဆိုသည့်ပုံစံဖြင့် ခေါင်းခါပြန်သည်။ ပြီးမှ . . .

"ငါပြောတာကို နားထောင်စမ်းပါ၊ ငါတို့ကိုပါခေါ်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့လည်း သိသွားမယ်၊ အကဲခတ်လို့လည်း ရတာပေါ့ကွ၊ ပြီးတော့ မင်းဘက်က သူ့ကို မင်းအသိုင်းအဝိုင်းနဲ့ ထိတွေ့ပေးတော့ မင်းရင်ထဲမှာ သူ့အပေါ် တန်ဖိုးထားကြောင်း သူသိသွားမှာပေါ့"

"မင်းပြောတာလည်း ဟုတ်သလိုလိုပဲကွ၊ ဒါပေမယ့် ဒီတစ်ရက်နှစ်ရက်တော့ ငါမသွားရဲသေးဘူးကွ၊ မနေ့က ကိစ္စကို မျက်နှာပူနေတုန်းပဲ"

"ဒါကတော့ မင်းသဘောပဲ၊ သွားမယ့်နေ့ ငါ့ကိုပြောလိုက်ပေါ့"

ဒီတစ်ခါ နေမျိုးကျော်၏ ဆရာကြီးစတိုင်ကို နေလတ်ပြုံးစူခြင်း မရှိတော့ပါ။ ကျေးဇူးပင် တင်မိလိုက်သည်။

BURMESE CLASSIC ထိုသို့ဖြင့် သုံးရက်လောက်ကြာပြီးမှ နေလတ်တို့ နီဂရိုးအိမ်ဂျယ်သို့ သွားကြ၏။ နေမျိုးကျော်က သူ့ကောင်မလေး အစိတ်သားကိုပါ ခေါ်လာသေးသည်။ ထိုသို့ခေါ်လာမိခြင်းအတွက် ယုန်လေးက သူ့အပေါ် တစ်မျိုးမြင်သွားမှာလားဟု နေလတ် စိုးရိမ်မိသေး၏။ သို့သော်လည်း ဟိုရောက်တော့ အခြေအနေက ပိုရင်မော စရာ ဖြစ်လာသည်။

"ဟိုတစ်ရက် အကိုနဲ့ထွက်သွားပြီးထဲက အစ်မလေး မလာဘူးဗျ၊ အကိုလည်း ဒီကိုမရောက်တော့ ကျွန်တော်တောင် အကိုနဲ့အစ်မလေး အဆင်ပြေသွားလို့ လျှောက်ဖိုးနေကြပြီ ထင်နေတာ . ."

- နေလတ်လည်း ဘာပြန်ပြောရမှန်း မသိတော့ပေ။ သက်ပြင်းကိုပဲ အလုံးလိုက်ချလိုက်မိသည်။ နေမျိုးကျော်နှင့် အစိတ်သားကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း သူ့အတွက် သက်ပြင်းကူချပေးနေကြ၏။ ဒီအတိုင်းဆိုလျှင် ယုန်လေး သူ့အပေါ် စိတ်ဆိုးသွားကြောင်း သူတို့ရိပ်မိပါလိမ့်မည်။ နေလတ်ရင်ထဲမှာ တစ်ခုခုဆုံးရှုံးသွားသလို ခံစားလိုက်ရ၏။ မတော်တဆတစ်ခုဟာ သူ့ကိုနာကျင်စေခဲ့ပြီ။

နေမျိုးကျော်က သူ့ကိုကြည့်ရင်း အားပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာလည်း တစ်ခြားအကြောင်းလေးတွေ ရှိချင်ရှိမှာပေါ့ကွာ၊ တစ်ဖက်သတ်ကြီး ခံစားမနေနဲ့ဦး"

"ဟုတ်သားပဲ၊ ကောင်မလေးက ရှက်ပြီး မလာရဲတာလည်း ဖြစ်နိုင်တာပဲ ဆရာရဲ့"

အစိတ်သားကလည်း တွေးတွေးဆဆလေး ဝင်ပြောသည်။ ဘယ်စကားကို လက်ခံရမှန်း မသိအောင်ပင် နေလတ်စိတ်ထဲ ရီဝေမှုန်ဝါးလာသည်။ ယုန်လေး၏ သဘောထားကို သူသိချင်လှသည်။ ဒါတွေလည်း ယုန်လေးနှင့်တွေ့မှ သိရပေမည်။ သူ့မှာဖြင့် ယုန်လေး၏ လိပ်စာကိုပင်မသိ။ ဆိုင်အပြင်ဘက်ကို လှမ်းကြည့်ရင်း တံလျှပ်များအောက်မှာ သူ့စိတ်ခါတ်များ မရေမရာ လောင်ကျွမ်းနေမိသည်။

* * * *

၈

နောက်နေ့တွေမှာလည်း နီဂရိုးအိန်ဂျယ်သို့ နေလတ် မှန်မှန်သွားစောင့်သည်။ ယုန်လေးရောက်မလာခဲ့ပါ။ ကော်ဖီခါးခါးနှင့်အတူ နေလတ်စိတ်တွေ ခါးသက်နေရဆဲ။ တစ်ယောက်ထဲ ပြန်ခဲ့ရသည့် ညနေများသည်ပင် ခံရခဲဆစ်ဖြင့် များခဲ့ပြီ။ ကော်ဖီတစ်ခွက်ကို ရှေ့မှာချပြီး လမ်းမဆီ ငေးရီနေတတ်သော လူတစ်ယောက်၏ အလွမ်းများက မညီမညာနိုင်လှသည်။

"တစ်ခါတလေ အစ်မလေးက ဒီလိုပဲ ပျောက် . . ပျောက်နေတတ်တာ အကိုရဲ့"

စိတ်တာလေး၏ နှစ်သိမ့်လာသော ထိုစကားက နေလတ်ရင်ကို ပို၍ရှတစေသည်။ ယုန်လေးအပေါ် ပျော်ဝင်နေခဲ့သည့် သူ့အချစ်များသည် ဒီလိုပဲ လွင့်ပြယ်ပျောက်ဆုံးသွားရတော့မှာလား။ လောလောဆယ်မှာ မသေချာသည့် အလွမ်းများဖြင့် စောင့်ကြည့်ရန်



www.burmeseclassic.com

www.burmeseclassic.com



သာ ရှိပါတော့သည်။

* * * *

မနေ့က မေမေ့ကို ဆေးခန်းလိုက်ပို့ရသောနေ့ ဖြစ်သည်။ ဆေးခန်းမှာ ဒေါက်တာမာန်ထက်သာကိုပင် မေမေက ကြွားခဲ့သေး၏။

"ဒေါက်တာ့ညီကတော့ နီးစပ်လာပြီ ထင်ရတာပဲ ဒေါက်တာရေ ကျွန်မ မြန်မြန်မြေးချီရအောင် မြှောက်ပေးလိုက်ပါဦး"

"ဟာ . . တယ်ဟုတ်ပါလား နေလတ်ရဲ့ ကြိုးစားကွာ . . ကြိုးစား၊ အဟဲ . . ကိုယ်တောင် နှစ်လရှိနေပြီကွ"

"ဗျာ . . ဆရာ ကိုယ်တိုင် ကိုယ်ဝန်ဆောင်နေတာလား"

"ဟာကွာ . . မင်းကလည်း . . ."

ထိုသို့ စိတ်ပေါက်ပေါက်နှင့် နောက်ခဲ့သေးသည်။ မေမေက ဘာမှန်းမသိဘဲ သူ့သားကို အတင်းအထင်ကြီးနေသလို ဒေါက်တာမာန်ထက်သာကလည်း သူကိုယ်တိုင်ပဲ ကိုယ်ဝန်ဆောင်ရသလို မာန်တက်နေ၍ဖြစ်သည်။ အင်းလေ . . နာမည်ကိုက မာန်ထက်သာကိုး။ အတိုကောက်ဆိုလျှင် မ. ထ. သ ဟုခေါ်ရမည်။ ထိုမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးနှင့် စကားကို မနည်းဖြတ်ခဲ့ရ၏။ ထိုသို့ဖြင့် အတော်နောက်ကျသွား၍ ကော်ဖီဆိုင်ကို မရောက်ဖြစ်တော့။ အိမ်မှာ မေမေ့တရားကို နာနေရသေးသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြသည့်ဘဝမှာ သူမြေးမြန်မြန်ချီရရေးပေါ့။ စိတ်လျှော့ထားရသည်။

နောက်နေ့ ကော်ဖီဆိုင်ထဲဝင်ဝင်ချင်း အကြောင်းသိနေသော ဝိတ်တာလေးက အားရဝမ်းသာ ဆီးပြော၏။

"အကိုရာ . . မနေ့ကတော့ အကိုက မလာဘူး၊ မနေ့က အစ်မလေး လာတယ်ဗျ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဘာလာတာလဲဟု မေးစရာမလိုပါ။ နေလတ် လှိုက်ခနဲ ပျော်ရွှင်သွားမိသည်။ ခုံမှာ မထိုင်ရသေးသောကြောင့် ထရပ်မိလောက် အောင် မဖြစ်လိုက်ရ။ မတ်တပ်ကြီးပင် ဝမ်းသာလုံးဆို့သွားသည်။

"ဘာ . . ဘာတွေ မေးသွားသေးလဲကွ . . ဟေ"

အငမ်းမရ မေးလိုက်ပြီးမှ စိတ်ကိုထိန်းကာ ခုံမှာ အသာ ဝင်ထိုင်ရ၏။ သူတစ်ခါမှ ဒီလောက် ကြွေမွှေမမဲ့ဘူးပါ။ ဝိတ်တာလေး ကတော့ ပြောချင်နေဟန်နှင့် သူ့အဖြစ်ကို သတိမထားမိဘဲ . . .

"မေးတာပေါ့ အကိုရာ၊ အကို အရင်ရက်တွေက လာသေး လားတဲ့"

"မင်း . . မင်း . . ဘယ်လိုပြောလိုက်လဲ"

နေလတ်မရှက်နိုင်တော့ပါ။ ဝိတ်တာလေးက အားရပါးရပင် ပြုံးပြီး . . .

BURMESE CLASSIC

"ဘယ်ရမလဲဗျာ၊ ကျွန်တော်လည်း အကိုပုံစံကြည့်ပြီး သဘော ပေါက်ပါတယ်ဗျ၊ အရင်နေ့တွေက အကိုနေ့တိုင်းလာတယ်လို့ ငူငူ ငိုင်ငိုင်နဲ့ လမ်းမကိုပဲ ကြည့်နေတာပဲလို့ သာသာထိုးထိုးလေး ပြောလိုက် တာပေါ့၊ အစ်မလေးမျက်နှာလေးကို ညိုးသွားတာပဲ"

ဒီကောင် နည်းနည်းတော့ ပိုပြီလားမသိပေ။ မည်သို့ပင်ဖြစ် စေ နားထောင်လို့ ကောင်းလှပါသည်။ ယွန်းလေးလာတယ်ဆိုရုံလေးနှင့် နေလတ်စိတ်တွေ ကြည်နူးလို့ မဆုံးတော့။ မနေ့က တစ်ရက်လေး မရောက်ဖြစ်ခဲ့တာနဲ့ လွဲရပြီ။ ဒါ . . ဟို ဒေါက်တာ မ. ထ. သ ကြီး လေကြောရှည်နေလို့ . . ။ တွေးရင်း အသဲနာလှသည်။ နောက်တစ်ခါ ဆိုရင် ဆောရီးပဲ ဒေါက်တာ မ. ထ. သ။

မနေ့က လာသည်ဆိုသောကြောင့် ဒီနေ့လည်း မျှော်လင့်ရ ပေမည်။ နေလတ် ကော်ဖီတစ်ခွက်မှာပြီး ရင်တဒိတ်ဒိတ်နှင့်စောင့်နေ မိသည်။ အချိန်တွေက တရွေ့ရွေ့နှင့် ကုန်လာပြီ။ ယွန်းလေးကို အစ



www.burmeseclassic.com

www.burmeseclassic.com



အနမ္ဗျပင် မတွေ့ရသေး။ နောက်ဆုံးမှာ သက်ပြင်းမော်ပဲချရပြန်၏။ ဒီအချိန်မှ ယုန်လေး လာတော့မည်မဟုတ်။ အစိမ်းတေးကိုဆိုရင်း မငြိမ်းအေးစွာ ပြန်ရပေမည်။ ဘာတတ်နိုင်ဦးမည်နည်း။

နောက်ဆုံးတစ်ချက် လမ်းမဆီ ငေးမျှော်ပြီး ထရပ်စဉ်မှာပဲ ရန့်လေးတစ်ခုကို ရွရွလေးခံစားလိုက်မိသည်။ သူ့နောက်ကျောက ရန့်သည် အနံ့အရသာမရှိသော မက်စ်ဝဲလ်ကော်ဖီ (max well) တစ်ခွက်ထံမှမဟုတ်။ သေချာပါသည်။ သူတစ်ကိုယ်စာ အရည်ပျော်ကျနိုင်သော ယုန်လေး၏ ကိုယ်သင်းနံ့လေး . . ။

နေလတ် အတိုင်းမသိအောင် ပျော်ရွှင်သွားမိပြီး စိတ်ကိုထိန်းကာ လှည့်မကြည့်ဘဲ ခုံမှာ ပြန်ထိုင်လိုက်သည်။

"ယုန်လေး . . ထိုင်လေ . . ."

မျက်ဝန်းထဲက အံ့ဩရိပ်တွေနှင့်အတူ ယုန်လေးက သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ ဒီလို သူ့အပေါ် အလွတ်ရနေခြင်းကိုလည်း ယုန်လေး ပျော်ရွှင်သွားကြောင်း မျက်ဝန်းလေးတွေက မဖုံးဖိနိုင်ပါ။

ယုန်လေးက . . .

"ကိုကြီးက ကျွန်တော်မှန်း ဘယ်လိုသိလဲ"

နေလတ် ချက်ချင်းပြန်မဖြေဖြစ်။ ယုန်လေးကို တရှိုက်နင့်နင့် ငေးကြည့်ရင်း သူ့အပေါ်စိတ်ဆိုးနေလားဟု ဘာသာပြန်နေမိသည်။ မျက်ဝန်းလေးတွေက အရင်အတိုင်းပင်။ နေလတ်က တစ်ခုခုပြောရန် အားယူလိုက်၏။

"ယုန်လေး . . ဟိုလေ . . ဟိုတစ်ခါက . . ."

"ကိုကြီး မပြောနဲ့တော့နော်၊ မတော်တဆ ဖြစ်သွားတာပဲ၊ ကျွန်တော် စိတ်မဆိုးပါဘူး"

မပြောနဲ့တော့ဆိုတာက တစ်သက်လုံး မပြောရတော့ဘူးလား ယုန်လေးရာ။ ပျော်ရွှင်မှုတွေထဲကို သက်ပြင်းက ရောစွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ယုန်လေးဆီက အကြည့်ကို လွှဲလိုက်ရသည်။ တဆက်ထဲ နေလတ် စိတ်ထဲ စဉ်းစားမိသွား၍ . . .

"နေပါဦး၊ ယုန်လေးက စိတ်မဆိုးဘူးဆိုရင် ဒီဆယ့်သုံးရက်နဲ့ နေ့တဝက်တိတိ ဘာဖြစ်လို့ ရှောင်နေရတာလဲ"

ယုန်လေးက သူ့စကားကြောင့် အပြုံးနုနုနှင့် မျက်စောင်းလေး ထိုးသည်။ ပခုံးလေးပါ ကြောက်သလိုတွန့်ပြပြီး . . .

"အမလေး ကိုကြီးက တကျလှချည်လား၊ မရှောင်ပါဘူးဗျာ၊ ကျွန်တော် ခရီးသွားနေလို့ပါ"

ခုမှပဲ ယုန်လေးမျက်နှာလေးနွမ်းပြီး အနည်းငယ် ချောင်ကျ သွားတာ သတိထားမိလိုက်သည်။ ခရီးပန်းလို့ ဖြစ်မည်။ ဒီမှာ ကိုယ့် ဟာကိုယ် စွတ်လွမ်းနေရတာပင် မအီမလယ်ကြီး ဖြစ်သွား၏။ မည်သို့ ပင်ဖြစ်စေ ဥစ္စာမှန်လို့ ပြန်ရောက်လေပြီ။ သိပ်အတွေးခေါင်နေ၍ မဖြစ်။ ဒီလိုပဲ ပါးပါးပုတ်ရပေမည်။ ယုန်လေးကို ကြည့်ပြီး . . .

"ဒါနဲ့ ယုန်လေးက ဘယ်ကိုခရီးသွားတာလဲ"

"တောင်ကြီးဘက်ကိုပါ"

ယုန်လေးက ခပ်နွမ်းနွမ်းလေးဖြေသည်။

"ဒီလိုပဲ ခဏ . . ခဏ သွားတာလားဟင် ယုန်လေး"

"ကိစ္စရှိမှပါ၊ အဲဒါ ခဏထားလိုက်ပါ ကိုကြီးရာ၊ ခု ကိုကြီးကို ပြောစရာရှိတယ်"

"ပြောလေ . . ."

"ကျွန်တော် စာမေးပွဲပြန်ဖြေမယ်လေ၊ ကိုကြီးပဲ ကောင်းတဲ့ ဆရာဆီမှာ လိုက်အပ်ပြီး ကူညီမယ်ဆို၊ အဲဒါပြောမလို့ . . ."

နွမ်းလျဖြူလျော်နေသည့် ယုန်လေးမျက်နှာမှ မျက်ဝန်းလေး များက အရောင်တောက်လာကြသည်။ နေလတ်လည်း ယုန်လေးဆန္ဒ ကို အစွမ်းကုန်ဖြည့်ဆည်းပေးရန် ဆုံးဖြတ်ထားပြီးပြီမို့ ခေါင်းအသာ



www.burmeseclassic.com

www.burmeseclassic.com



ညိတ်ပြရင်း . . .

"ဝမ်းသာတယ် ယုန်လေးရာ၊ တကယ်ပါ၊ ယုန်လေး အောင်ကိုအောင်စေရမှာပါ၊ ဒါဆို နောက်နေ့ပဲ စကြမလား၊ ငါစီစဉ်လိုက်မယ်လေ"

"ဟင့်အင်း . . ဒီရက်ပိုင်း ကျွန်တော်မအားသေးဘူးဗျ၊ နောက်တစ်ပတ်မှ စကြတာပေါ့၊ ခုတောင် အဲဒီကိစ္စ ကိုကြီးကိုလာပြောတာ"

ဒါဆို ဒီရက်ပိုင်း မတွေ့ရတော့ဘူးပေါ့ ဟုတွေးကာ နေလတ်ရင်ထဲ ဟာသွားမိသည်။ ယုန်လေးကတော့ ဘယ်လိုနေမည်မသိ၊ ကိုယ်ကတော့ ပိုနေမိပြီ။ ချက်ချင်းပဲ အတွေးဝင်လာ၍ . . .

"ဒီရက်ပိုင်း မလာဖြစ်ရင်လဲ ယုန်လေးဖုန်းနံပါတ် ပေးထားလေ"

"ဟင့်အင်း . . ကိုကြီး ဖုန်းနံပါတ်ပဲ ယူသွားမယ်"

ယုန်လေးငှားသွားသည့်ကားကို နေလတ် မျက်စိတဆုံးကြည့်နေမိသည်။ သူလိုက်ပို့မယ် ပြောတာကိုလည်း ယုန်လေးက လက်မခံပါ။ တစ်ခါတစ်ခါ ယုန်လေးစိတ်က ထူးဆန်းလှသည်။ ပေါ့ပေါ့ပါးပါးပြောရင်းဆိုရင်းမှ ဒဿနဆန်လာတာမျိုး၊ အဆင်ပြေတဲ့ ဘဝကို နာကျည်းသလိုလိုမျိုး၊ တစ်ခါတစ်ခါ ကလေးဆန်ပြီး တစ်ခါတစ်ခါ ရဲရင့်ပြတတ်တာမျိုး၊ အဝေးကို ရီဝေနေတတ်သည့် ယုန်လေး၏ မျက်ဝန်းဖျော့ဖျော့များ၊ ခုလည်း မကြာခဏ ကိစ္စရှိရင် ခရီးသွားရတာပေါ့ဆိုသည့် စကားသံများကို နေလတ်နားထဲ ကြားယောင်မိပြန်သည်။

ဘာပဲဖြစ်ဖြစ် ယုန်လေးနှင့် ပတ်သက်သော ထိုအရာများအားလုံးကို သူချစ်မိပါသည်။

နေရောင်ခြည်က လမ်းမပေါ် အလျားလိုက် ခပ်ဖျော့ဖျော့ဖြန့်ခင်းထားသော အချိန်လေးဖြစ်သည်။ မွန်းလွဲခဲ့ပြီ။ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေပူတစ်ချို့မှအပ ရာသီဥတုမှာ သင်းသန့်



www.burmeseclassic.com

www.burmeseclassic.com



သာယာပါသည်။ ပတ်ဝန်းကျင်နှင့် လိုက်ဖက်စွာ နေလတ်ရင်ထဲမှာလည်း တငြိမ့်ငြိမ့် နွေးပျနေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

တစ်ပတ်ဆိုသော အချိန်သည် ဒီလောက်ကြာတတ်မှန်း နေလတ် မတွေးမိခဲ့ဖူးပါ။ ဒီကြားထဲ ယုန်လေးက ဖုန်းနံပါတ်ယူသွားပြီး ဖုန်းလည်းမဆက်။ ပို၍စိတ်မောရသည်။ ယုန်လေး ခပ်တည်တည်နှင့် သူ့ကို ဦးနှောက်လာစားသွားတာလား မသိပေ။ မျှော်နေရတာ မတင်မကျကြီး ဖြစ်နေရ၏။ ဝိတ်တာလေးပင် လာမေးနေပြီ။ ယုန်လေး တကယ်ရော လာဦးမှာလား။ နေလတ်မှာလည်း သစ်ကုလားအုတ်ဘဝ ပြန်ရောက်ကာ လည်ပင်းရှည်နေရတော့၏။ ချစ်လှစွာသော လဒမလေး က ကိုယ့်အဖြစ်ကိုမှ သိရဲ့လားမသိ။ ဒီအတိုင်းကြာလျှင် လုံးပါး ပါး လိမ့်မည်။

လူမှာဂတိ၊ မင်းမှာသစ္စာ ဆိုသည့်စကားကိုများ မြေပယ်မကျနားထောင်နေလား မသိ။ ယုန်လေးက သူပြောခဲ့သည့်အတိုင်း တစ်ပတ်တိတိပြည့်မှပဲ ရောက်လာခဲ့သည်။ လက်ထဲမှာလည်း စာအုပ်ထုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ထုပ်နှင့်။ နေလတ်စိတ်ထဲက အတိုင်းမသိ ဝမ်းသာသွားသော်လည်း တစ်ပတ်လုံးလုံး ရင်တဒိတ်ဒိတ်နှင့် စောင့်နေခဲ့ရ၍ ယုန်လေးကို စိတ်ခု မိသည်။

"ယုန်လေးက နိုင်ငံခြားသူအတိုင်းပဲနော်"

"ဟင် . . ဘာဖြစ်လို့လဲ"

ယုန်လေးက သူ့ကိုယ်သူ မလုံမလဲငုံ့ကြည့်ပြီး အလန့်တကြား ပြန်မေး၏။ ဟိုပေါ်ဒီပေါ် ဝတ်ထားခြင်းကြောင့် မဟုတ်ပါ။

"ဩော် . . အချိန်အရမ်းတိကျလို့လေ"

နေလတ်က ရွဲ့သလို ပြောလိုက်၏။ ယုန်လေးက စိတ်ဆိုး ဟန်မရှိဘဲ သူ့စကားကို သဘောပေါက်စွာ ပြုံးပြီး . . .

"ကိုကြီးက စိတ်ကောက်နေတာလား၊ ကျွန်တော်လည်း ဖုန်း ဆက်ပြောမလို့ပါဗျာ၊ အိမ်မှာ အခက်အခဲလေးတွေ ရှိနေလို့၊ ခုလာပြီပဲ ကဲပြော . . စာသင်ဖို့ ဘယ်ဆရာနဲ့ အပ်ပေးမှာလဲ"

သူ့ကိုချော့သလိုနှင့် ရှင်းပြနေသည့် ယုန်လေးကို နေလတ် စိတ်မဆိုးရက်ပါ။ သူတစ်ပတ်လုံးလုံး ယုန်လေးဆီက ဖုန်းကိုမျှော်ရင်း သတိရနေခဲ့ကြောင်းကိုတော့ ယုန်လေးသိစေချင်သည်။ ဒါကြောင့်မို့ လည်း ပြောမိခြင်းဖြစ်၏။ ယုန်လေးရှင်းပြတာကို နားလည်ပေးရမည်။ ကိုယ့်အရွယ်ကြီးနှင့် စိတ်ကောက်နေလို့မဖြစ်။ ယုန်လေး ကျောင်းကိစ္စ က ရှိသေးသည်။

ယုန်လေးယူလာသည့် စာအုပ်ထုပ်ကြီးကို လှမ်းကြည့်လိုက် ရင်း . . .

"စာအုပ်တွေက များလှချည်လား ယုန်လေးရာ၊ ဘော်ဒါဆွဲထား နေမှာ ကြနေတာပဲ"

"များမှာပေါ့ ကိုကြီးရဲ့၊ ဒါ တစ်နှစ်စာအတွက် လိုအပ်တာ အကုန်လုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



နေလတ်အူကြောင်ကြောင် ဖြစ်သွား၏။ ယုန်လေးကို သိပ်နားမလည်သလိုကြည့်ကာ . . .

"မဟုတ်သေးဘူးလေ၊ တစ်ရက်စာသင်ရမယ့် စာအုပ်လောက်ပဲ ယူလာပေါ့၊ ကျက်ရမယ့်စာအုပ်တွေကို အိမ်မှာထားခဲ့တာ မဟုတ်ဘူး။ ယုန်လေးသယ်လာရတာ ပင်ပန်းတာပေါ့"

ယုန်လေးက သက်ပြင်းသဲ့သဲ့ချ၏။ ပြီး ခပ်လေးလေးပဲ ပြောလာသည်။

"မယူလာလို့ မရဘူးလေ၊ အပြင်မှာသင်ပြီး အပြင်မှာပဲ စာကျက်ရမှာ၊ အိမ်ကသိလို့ မဖြစ်ဘူး"

"ယုန်လေးရာ၊ စာမေးပွဲပြန်ဖြေတာက မဟုတ်တာလုပ်တာမှ မဟုတ်ပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို စာမလိုက်နိုင်လို့ အိမ်က ဆက်မထားတာလေ၊ ခုလိုပြန်ဖြေရင် သူတို့စိတ်ဆိုးမှာထက် ကျွန်တော်က အောင်,အောင်လုပ်ပြချင်တာ"

မခံချင်စိတ်လေးနှင့် ပြောနေသည့် ယုန်လေး၏ ခံစားချက်ကို နေလတ်နားလည်သွားသည်။ ယုန်လေးကိုလည်း ပိုပြီးသနားမိသွား၏။

"ဒါဆို ယုန်လေးက ဘယ်မှာစာကျက်မှာလဲ"

"သင်ရင်းနဲ့လည်း ကျက်မယ်လေ၊ ဒီမှာ ကော်ဖီသောက်ရင်းလည်း ကျက်လို့ရတာပဲ"

ဒီလောက် စိတ်ထက်သန်နေသော ယုန်လေးကို နေလတ်အစွမ်းကုန်ကူညီဖို့သာ ရှိတော့သည်။ အဆင်ပြေနိုင်ဆုံး အနေအထားကို နေလတ်အပြေးအလွှား စဉ်းစားမိ၏။ ကော်ဖီဆိုင်မှာ စာထိုင်ကျက်နေလို့တော့ ဖြစ်မည်မဟုတ်။ လူမြင်လို့လည်း မကောင်းပါ။ အေးအေးဆေးဆေးနှင့် လွတ်လွတ်လပ်လပ် နေရာမျိုးမှ အဆင်ပြေနိုင်မည်။ နေလတ် အစထဲက တွေးထားသော အစီစဉ်ထဲမှာလည်း ဒီကိစ္စအတွက်

www.burmeseclassic.com



သိပ်ခေါင်းစားရန် မလိုလိုက်။ နေလတ်တွေးရင်း ပြုံးမိလိုက်သည်။

ဒါကိုပင် ယုန်လေးက မြင်ဖြစ်အောင်မြင်သွားပြီး . . .

"ကိုကြီးက ဘာတွေပြုံးနေတာလဲ၊ ကျွန်တော့်ကို မဖြစ်နိုင်ဘူးလို့ ထင်လို့လား"

"ဟာ . . မဟုတ်ပါဘူး၊ ယုန်လေးအတွက် အဆင်အပြေနိုင်ဆုံးကို တွေးမိလို့ပါ"

"ပြောပါဦး"

နေလတ်က မပြောပါ။ ယုန်လေးကို တွေတွေလေး ငေးကြည့်နေမိသေး၏။ ပြီးမှ . . .

"နောက်တော့ ယုန်လေးသိရမှာပေါ့၊ ဒီနေ့တော့ ယုန်လေးနဲ့ငါ နောက်ဆုံးကွင်းပိတ်ပွဲအနေနဲ့ Game သွားဆော့မယ်လေ၊ မနက်ဖြန်မှ စာသင်မယ့်ကိစ္စ စီစဉ်တာပေါ့"

ယုန်လေးမျက်ဝန်းလေးများ လက်သွားသော်လည်း ချက်ချင်းပင် ခေါင်းလေးခါလိုက်၏။

"ဆော့တော့ ဆော့ချင်ပါတယ် ကိုကြီးရာ၊ ဒါပေမယ့် မဖြစ်ပါဘူး၊ Game ဆိုင်သွားရင် ဟိုမှန်ကြောင်နဲ့ တွေ့နေဦးမယ်၊ တော်ကြာ ဒီကောင်က လာရိနေဦးမှာ၊ မဆော့တော့ပါဘူးဗျာ"

ယုန်လေးက ဆော့ချင်ပေမယ့်လည်း သူနှင့်လင်းညို့သွေးတွေ့ကြလျှင် ငြိမှာစိုးရိမ်နေပုံရသည်။ ဒီငတိလောက်တော့ နေလတ်မမှုပါ။ သို့သော်လည်း ထို Game ဆိုင်သို့ သွားစရာမလိုပေ။

"အဲဒီဆိုင် သွားစရာမလိုပါဘူး ယုန်လေးရဲ့"

"ဟင် . . ဒီနားမှာလည်း Game ဆိုင်ရှိလို့လား"

နေလတ် ကျိတ်ပြုံးလိုက်သည်။

"ရှိတာပေါ့၊ ဆိုင်သစ်ပဲ၊ လာသွားမယ်"

"သွားမယ်လေ၊ ဟာ . . ဒီစာအုပ်ထုပ်ကြီးလဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



နေလတ်က စာအုပ်ထုပ်ကို ဖြတ်ခနဲ လှမ်းဆွဲပြီး . . .

"စာအုပ်တွေကို ငါ့ရုံးမှာ ခဏထားခဲ့လေ၊ ပြီးရင် သွားတာပေါ့၊ ယုန်လေးကိုလည်း ရုံးကို ရောက်ဖူးစေချင်လို့"

နေလတ်စကားအဆုံးမှာ ယုန်လေးက ကျေနပ်စွာပဲ ပြုံးပြုံးလေး ခေါင်းညိတ်ပြပါသည်။ ဒီကစားနည်းက သူတို့နှစ်ယောက်အား ပို၍နီးကပ်စေကြောင်း ယုန်လေးမသိဘဲ နေမည်မဟုတ်ပါ။

* * * *

အရောင်းကားများ ထွက်သွားကြသောကြောင့် ရုံးမှာ လူသိပ်မရှိပေ။ စာရင်းကိုင်ကောင်မလေးများက သူ့အလုပ်နှင့်သူ ရှုပ်နေကြသည်။ ဒါတောင် နေလတ်နှင့် ယုန်လေးဝင်လာတော့ လှမ်းအကဲခတ်ကြပြီး ရအောင်သတင်းဖြန့်နေကြသည်။ မည်သို့ပင်ဖြစ်စေ နေလတ်က ဂရုမစိုက်ပါ။ ကိုယ်ကပဲ သတင်းပေးလိုက်ဦးမည်။

"ဟဲ . . အားလုံးပဲ မှတ်ထားကြနော်၊ ဒါ ငါ့ညီမလေး မိုးပြည့်တဲ့"

နေလတ်က တစ်ရုံးလုံးကြားအောင်အော်ပြီး မိတ်ဆက်ပေးလိုက်၏။ မထင်မှတ်ထားသောကြောင့် ယုန်လေးမနေတတ် ဖြစ်သွားပုံရသည်။ ခပ်သွက်သွက် စာရေးမလေးတစ်ယောက်က ဆရာ့ညီမလေးက ချစ်စရာလေးဟု လှမ်းပြော၏။ ဖားစရာမလိုပါ။ ထိုသို့ပြော၍လည်း လစာမတိုးပေးပါ။ ယုန်လေးလှတာ သူသိပြီးသား။ နေလတ်က ယုန်လေးကိုခေါ်ပြီး သူ့ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

"လာလေ ယုန်လေး၊ Game ဆော့မယ်ဆို"

"ဟင် . . ဘယ်မှာဆော့မှာလဲ"

နေလတ်က ရုံးခန်းအတွင်းထဲမှ တံခါးတစ်ခုကို ထပ်ဖွင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သပ်ရပ်လှပသော အခန်းလေးကို ယုန်လေး အဝကချောင်းကြည့်ပြီး . . .

"ဟာ . . အတွင်းခန်းလေးက ချစ်စရာလေးပဲ"

ဒီအခန်းလေးက နေလတ် တစ်ခါတလေ အလုပ်များ၍ မပြန်ဖြစ်သည့် ညများတွင် အိပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ အပေါင်းအသင်းများနှင့် စားကြသောက်ကြပြီး မပြန်နိုင်သော ရက်များတွင်လည်း နေလတ် ဝင်အိပ်တတ်သေး၏။ မေမေက အရက်သောက်တာ မကြိုက်၍ ထိုသို့ အဆင်ပြေအောင် ဖန်တီးထားရသည်။ နေလတ်က အခန်းထဲဝင်လိုက်ရင်း ယုန်လေးကို လှမ်းခေါ်လိုက်၏။

"ယုန်လေး လာလေ၊ ဒီမှာ လာကြည့်ဦး"

ယုန်လေးက မဝံ့မရဲလေး ဝင်လာ၏။ အခန်းထဲရောက်တော့မှ . . .

"ဟာ ဒီမှာ P 2 ရှိတာကိုး၊ ပျော်စရာကြီး၊ ဟင် . . ဘြော ကိုကြီးက ဒီမှာ ကျိတ်ကျင့်ပြီး ကျွန်တော့်ကို ဖွဲ့နေတာပေါ့လေ"

Game စက်ကိုကြည့်ပြီး ယုန်လေး နှုတ်ခမ်းစူနေတော့သည်။

"ဒါက အရေးမကြီးပါဘူး ယုန်လေးရာ၊ ခု ဒီအခန်းကို ယုန်လေးအတွက် ပေးလိုက်ပြီ"

"ဟင် . . ဘာဖြစ်လို့လဲ"

တအံ့တဩမေးသည့် ယုန်လေးကို နေလတ်က . . .

"ယုန်လေး စာသင်ဖို့နဲ့ စာကျက်ဖို့အတွက်လေ၊ မကောင်းဘူးလား"

မျက်လုံးလေးများဝိုင်းကာ ယုန်လေးက သူ့ကိုကြည့်နေတော့သည်။ ပြီးမှ သတိရဟန်ဖြင့် . . .

"ဒါဆို စာသင်မယ့်ဆရာက ဒီကိုလာသင်မှာပေါ့"

"ဟုတ်တာပေါ့၊ ခုတောင် ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ဘယ်မှာလဲ"

နေလတ်က ရင်ကော့ပြီး ခပ်တည်တည် ပြောလိုက်သည်။

"ဒီမှာလေ၊ ဆရာနေလတ်ဆိုတာ အီဖေကိုပေါ့"

"တကယ် . . ကျွန်တော့်ကို စာသင်ပေးမှာ ကိုကြီးပေါ့"

ရုတ်တရက် ပျော်ရွှင်သွားပြီးမှ ယုန်လေးက သူ့ကို မယုံသင်္ကာ ဟန်နှင့်ကြည့်ကာ . . .

"ဟုတ်မှလည်းလုပ်ပါ ကိုကြီးရာ၊ တော်ကြာ ကြားထဲက ကျွန်တော် စာမေးပွဲရှုံးနေဦးမယ်"

"အောင်မာ၊ မနှစ်ကပဲ ငါသင်ပေးလိုက်တာ တန်းလုံးကျွတ်ပဲ"

"ဘယ်နှစ်ယောက် အောင်လို့လဲ"

"တစ်ယောက် . . ."

"အာ . . ."

ယုန်လေးမျက်နှာလေး ရှုံ့မဲ့သွား၏။ နေလတ်က တဟားဟား ရယ်ရင်း . . .

"တကယ်ပြောတာပါ ယုန်လေးရာ၊ မနှစ်က ငါ့ညီဝမ်းကွဲ တစ်ယောက်ထဲကို သင်ပေးတာပါ၊ သူအောင်သွားတော့ တန်းလုံးကျွတ် ပေါ့၊ အဲဒီအခံလေးရှိလို့လည်း ယုန်လေးကို စာသင်ပေးရဲတာပေါ့"

ခုမှပဲ မရွှေချောလေးက သဘောပေါက်ကာ ဘဝင်ကျသွား ပါသည်။ နောက်နေ့မှ စာစသင်မည်ဟုဆိုရင်း တစ်ညနေလုံး Game ထိုင်ဆော့ကာ ယုန်လေးပြန်သွားလေ၏။ ကလေးလေးတစ်ယောက်လို ပျော်ရွှင်မြူးတူးနေသော ယုန်လေးကိုကြည့်ပြီး နေလတ် တလောက လုံးကို မေ့နေခဲ့ပါသည်။ 'အချစ်' ဆိုသောအရာကို တွေးမိတိုင်းသည်း အဖြူရောင်မျက်ဝန်းများက နေလတ်ကို သက်ပြင်းချစေတော့ပင်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

နေလတ်၏ အထူးရှယ် ကိုယ်ဖိရင်ဖိ စာသင်ဝိုင်းအတွက် အလုပ်ချိန်တစ်ချို့ကို ဖဲ့ပေးထားရသည်။ တစ်ရက်လုံးသင်ရမည်ဆို လည်း နေလတ်က ရေကူနိုရေခန်း သင်မည့်သဘောမှာ ရှိနေ၏။ နေမျိုးကျော်ကလည်း အစိတ်သားနှင့် အလုပ်တွဲလုပ်နေရလျှင်ပြီးရော ဆိုပြီး မြှောက်ပေးနေသည်။ ဒါပေမယ့်လည်း ယုန်လေးက အလုပ် တစ်ဖက်နှင့် သူ့ကိုအားနာလို့လား မသိပေ။ နေ့လည်ထမင်းစားချိန် ပြီးမှ စာသင်မည်ဟုဆို၏။ အားမနာလည်း ကိစ္စမရှိပါ။ ယုန်လေးနှင့် အတူရှိနေရလျှင် နေလတ်အတွက် အရာရာပြည့်စုံနေခဲ့ပြီ။

တစ်နာရီလောက် စာသင်ပြီးသွား၍ ယုန်လေးစာကျက်လို့ ရအောင် နေလတ်က အခန်းအပြင်သို့ထွက်ကာ အလုပ်စားပွဲမှာ ဝင် ထိုင်လိုက်သည်။ စေ့ထားသည့် တံခါးအတွင်းမှ ယုန်လေး၏စာကျက် သံသဲ့သဲ့ကို ကြားနေရ၏။ နေလတ်က အလုပ်လုပ်ဦးမည်ဟုတွေးကာ



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာကို ဖွင့်လိုက်သည်။ ပထမဆုံး မော်နီတာမှာ ပေါ်လာတာက ယုန်လေး၏ ဂျစ်ကန်ကန်မျက်နှာလေး။ ဟိုးအရင် နီဂရိုးအိန်ဂျယ်မှာ ယုန်လေးနှင့် ရန်ဖြစ်နေသည့်အချိန်က နေမျိုးကျော်ဆီမှ ဖုန်းဝင်လာ၍ ဖုန်းပြောအပြီး ခိုးရိုက်ထားခြင်းဖြစ်သည်။ ယုန်လေး၏ မျက်နှာလေးကို တစိမ့်စိမ့်ငေးနေမိ၏။ ဘယ်လောက်နစ်မျောနေမိသည် မသိ။

"ကိုကြီး . . ."

ရုတ်တရက် ယုန်လေးခေါ်သံကြောင့် နေလတ်လန့်သွားသည်။ ကွန်ပျူတာပိတ်ရန်လည်း မမှီတော့။ သူခိုးလူမိလေပြီ။ ယုန်လေးက ကွန်ပျူတာမော်နီတာကို ကြည့်ပြီး . . .

"ကိုကြီးက ကျွန်တော့်ကို ခါတ်ပုံခိုးရိုက်ထားတာပေါ့ ဟုတ်လား"

ရှက်သံတစ်ဝက်၊ ဒေါသသံတစ်ဝက်နှင့် ယုန်လေးမျက်နှာက နီရဲနေသည်။ နေလတ်က မုသားတစ်ဝက်နှင့် ပြာပြာသလဲ ရှင်းပြလိုက်၏။

"မရည်ရွယ်ပါဘူး ယုန်လေးရာ၊ ဟိုတစ်ခါ ယုန်လေးနဲ့ရန်ဖြစ်နေတုန်းက အမှတ်တမဲ့ ရိုက်မိသွားတာပါ"

"ခုဖျက်ပေး . . ."

ဒေါသသံကြောင့် နေလတ်တွန့်ခနဲ ဖြစ်သွား၏။ သူနှင့်ယုန်လေးကြားက ဒီအမှတ်တရပုံလေးကို နေလတ် မဖျက်ပစ်ချင်ပါ။ သို့သော်လည်း ယုန်လေးက စိတ်ဆိုးနေလေပြီ။ ပင့်သက်ကိုရှိုက်ရင်း ကွန်ပျူတာ (mouse) ကို လှမ်းကိုင်လိုက်သည်။ ပိုင်ရှင်က ဖျက်ခိုင်းတော့လည်း ဖျက်ပေးရတော့မည်။ စိတ်ထဲက နှမျောနေမိသေး၏။ နေလတ် လက်ကို လှုပ်ရှားလိုက်စဉ်မှာပဲ . . .

"ကိုကြီးက တကယ်ဖျက်တော့မလို့လား၊ ကိုယ့်ညီမလေးပုံပဲ ထားချင်ထားလေ၊ ကျွန်တော်က သဘောထားကြီးပါတယ်ဗျ၊ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



နေလတ် လှိုက်ခနဲ ပျော်မိသွား၏။ ခွေးမလေး . . ။ သူ့ကို စ,နေခြင်းဖြစ်သည်။ လှည့်ကြည့်တော့ ယုန်လေးက ရယ်ကျဲကျဲလေး ကြည့်နေ၏။ ခုနက သောကများခဲ့တာကိုပင် အသဲယားသွားသည်။

"ယုန်လေးက စာမကျက်ဘဲ ငါ့ကိုလာချောင်းတာပေါ့၊ ဟုတ်လား"

"အောင်မယ်၊ မချောင်းပါဘူး၊ မျက်စိညောင်းလို့ ခဏထွက်လာတာ၊ ဒါတောင် မဟုတ်တာလုပ်ထားတာ လာမိနေသေးတယ်"

"မဟုတ်တာတော့ မဟုတ်ပါဘူး ယုန်လေးရာ၊ ဒါက . . ."

"စာသွားကျက်ဦးမယ်ဗျာ"

ယုန်လေးက စကားကို အတင်းဖြတ်ပြီး ပြန်ဝင်သွားလေသည်။ ထိုသို့ဖြင့် ရက်တွေသာ လွန်မြောက်လာခဲ့သည်။ နေလတ်မှာ သူ့ခံစားချက်ကို ယုန်လေးအား မပြောပြဖြစ်သေး။ သူ့မျက်လုံးများကိုတော့ ယုန်လေးနားလည်လိမ့်မည်ဟု ခံစားမိသည်။ ယုန်လေး၏ခင်မင်မှုကို အခွင့်အရေးယူမိသလိုဖြစ်မှာလည်း နေလတ်စိုးရိမ်မိသည်။ ယုန်လေးမျက်ဝန်းတွေထဲက တစ်စုံတရာကို သူမြင်နေရပါလျက် ယုန်လေးဘာကြောင့်ဒီလောက်အထိ တားဆီးချင်နေလည်းဆိုတာက မဟေဠိတစ်ခု ဖြစ်နေခဲ့သည်။

* * * *

နေလတ်က ယုန်လေးနှင့် သူ၏အကြောင်းကိုတွေးရင်း အားမလိုအားမရ ဖြစ်နေမိသည်။ ယုန်လေးကိုချစ်ကြောင်း အကြည့်နှင့်သက်သေပြရုံမှအပ ဘာမှကို မပြောဖြစ်သေး။ လောလောဆယ် ကိုယ်ကလည်း ဆရာဖြစ်နေသည်။ ယုန်လေးကပဲ အာခရိယက် ရိုက်မှာစိုးတာလားဟု ခပ်ကြောင်ကြောင် တွေးမိသေးသည်။ မဖြစ်နိုင်ပါ။ ယုန်လေး



www.burmeseclassic.com

www.burmeseclassic.com



က ပဟေဠိတွေ များလွန်းလှသည်။ ယုန်လေး၏ မိသားစုနှင့်ပတ်သက်လျှင်လည်း အမနှစ်ယောက်ရှိခြင်းနှင့် သူ့ကို ကျောင်းမထားပေးတာက လွဲပြီး နေလတ်မှာ ဘာမှမသိရ။ သူ့အိမ်နေရာ သိမှာစိုးလို့လားလည်း မသိပေ။ နေလတ်မှာ တစ်ခါမှ လိုက်ပို့ခွင့်မရပါ။ သူ့အပေါ် ခံစားချက် မရှိလို့လား။ လောလောဆယ် အသုံးချလို့ရ၍ ခုလိုနေနေတာလားဟု ပင် တွေးမိသေးသည်။

နေမျိုးကျော်နှင့် တိုင်ပင်ကြည့်တော့ . . .

"သူ့ဘက်မှာလည်း အကြောင်းလေးတွေ ရှိချင်ရှိမှာပေါ့ကွာ၊ မိုးပြည့်ပုံစံက ဒီလိုမဟုတ်ပါဘူး၊ အစိတ်သားကတောင် ပြောသေးတယ်၊ သူနဲ့စကားပြောကြည့်တော့ မိုးပြည့်က အားငယ်နေပုံရတယ်တဲ့၊ မင်း အပေါ်လည်း တွယ်တာနေတာ သေချာတယ်လို့ ငါ့ကိုပြောပြသေးတယ်"

သက်ပြင်းသာချရတော့သည်။

"ငါ့စိတ်ထဲ တစ်မျိုးဖြစ်နေလို့ပါကွာ၊ ခုအနေအထားနဲ့လည်း ဘယ်လိုဖွင့်ပြောရမှာလဲ၊ ငါချစ်နေတာတော့ ယုန်လေးသိတာ သေချာ တယ်ကွာ၊ ဒါပေမယ့် ငါ့ကို မပြောဖြစ်အောင် တား,တားနေတယ်ကွ"

နေမျိုးကျော်က နားလည်စွာပဲ ဖျောင်းဖျပါသည်။

"အချစ်ဆိုတာ အရမ်းပါးလွှာပါတယ်ကွာ၊ တကယ်ချစ်ရင် သူလည်း ကြာရှည်တင်းမခံနိုင်ပါဘူး"

"ငါ့စိတ်ထဲ ဒီအတိုင်းကြီးနဲ့ ဝေးသွားမလားလို့လည်း စိုးရိမ် နေမိတယ် နေမျိုးကျော်ရာ၊ ယုန်လေးလုပ်ရပ်တွေက နားလည်ရခက် လွန်းလို့"

"အေးကွာ၊ ငါလည်း သိပ်အကြံမပေးတတ်တော့ဘူး၊ မင်း အဆင်ပြေပါစေပဲ ဆုတောင်းတော့မယ်၊ ဩော် . . ဟော့ကောင် တယုန် ထဲ ယုန်မနေနဲ့ဦးနော်၊ နောက်တစ်ပတ် ကုမ္ပဏီတစ်နှစ်ပြည့် နှစ်ပတ် လည်ရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ မင်းပဲ စီစဉ်လိုက်လေ"

အားနာနာနှင့်ပင် ပြောရသည်။ နေမျိုးကျော်က . . .

"စီစဉ်တာက စီစဉ်လို့ရတယ်ကွ၊ အလုပ်တွေလည်း ငါလုပ်နိုင်ပါတယ်၊ အဲဒီနေ့မှာ မင်းရှိနေဖို့ပြောတာ၊ တနင်္ဂနွေဆိုတော့ မင်းယုန်လေးနဲ့ ဒိုးနေမှာစိုးလို့"

နေလတ် ခေါင်းသာ အသာညိတ်ပြလိုက်သည်။ ပြောလည်းပြောစရာပင်။ ပိတ်ရက်ဆို ယုန်လေးနှင့် အပြင်လျှောက်လည်နေမိတာကိုး။ နီဂရိုးအိန်ဂျယ်မှ ရုပ်ရှင်ရုံ၊ ကန်ပေါင် စသည်ဖြင့် နားရသည်ကိုမရှိပေ။ ယုန်လေးပူဆာသမျှ ပျော်ပျော်ကြီး လိုက်ပို့နေမိသည်။ ပြီးခဲ့သည့် တနင်္ဂနွေကလည်း အင်းယားကန်ပေါင် ရောက်ခဲ့သေးသည်။ တစ်ခြားအတွဲတွေကိုကြည့်ပြီး နေလတ် အားကျနေမိသော်လည်းယုန်လေးက ကန်ရေပြင်ကိုကြည့်ရင်း သူ့ကိုပြောလာသည်။

"ကိုကြီး . . . ဒီကန်ကြီးတို့၊ ဒီရေတွေဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ဘူးနော်"

"ဘာဖြစ်လို့လဲ ယုန်လေးရဲ့ . . ."

"ဩော် . . လူတွေထက် သဘာဝရဲ့ရှင်သန်မှုက ပိုကြာတယ်လို့ ပြောတာလေ . . ."

ယုန်လေး၏ ဒဿနတွေကိုတော့ နေလတ် သက်ပြင်းအခါခါချယူရသည်။ အလာတုန်းက ရွှင်မြူးနေသလောက် အဲဒီလိုပြောပြီးလျှင်တော့ ယုန်လေး ငြိမ်သက်နေလေသည်။ နေလတ်လည်း ယုန်လေးဘေးမှာထိုင်ရင်း နေဝင်ချိန်ကြည့်နေရန်မှတစ်ပါး ဘာမှမတတ်နိုင်တော့ပေ။ အချစ်ဆိုတာ နေဝင်ချိန်ကို အတူထိုင်ကြည့်ခြင်းထက် ပို၍ဝေယျာဝစ္စတွေရှိကြောင်း ယုန်လေးကို သိစေချင်လှသည်။

* * * *

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

အပူလှိုင်းများ ရက်ဖောက်အားကောင်းသော ကောင်းကင်သည် တံလျှပ်များကို လမ်းမတိုင်းတွင် ဖြန့်ခင်းပြထားပြန်၏။ နွေရာသီ၏ခေါင်မိုးကို မြင်ကွင်းကျယ်ရုပ်ရှင်ကဲ့သို့ မျက်စိတဆုံး လှမ်းမြင်နေရသည်။ သူ့ကိုခံစားမှုအသစ်တွေ တင်သွင်းလာသော နွေရာသီကာလများပင် တလှည့်ကြွေတော့မည်။ သူနှင့်ယုန်လေး၏ နွေရာသီဖူးဖူးလေးက အပြောင်းအလဲမရှိသေး။ ယိုးမယ်ဖွဲ့၍မရသော နွေသည် အပြင်မှာပူလွန်းသည်။

အအေးလှိုင်းများ ပြန့်နှံ့နေသည့် နီဂရိုးအိန်ဂျယ်ကော်ဖီဆိုင်ထဲတွင် နိုင်ငံခြားသီချင်းသံ သဲ့သဲ့ကလည်း စနစ်တကျ လွင့်ပျံ့လို့ဝေနေသေးသည်။ စာသင်တာခဏနားပြီး နေလတ်နှင့်ယုန်လေးတို့ကော်ဖီလာသောက်နေကြခြင်းဖြစ်သည်။ ကော်ဖီအရသာကို သိပ်မခံစားနိုင်အားဘဲ ယုန်လေးကို ခဏခဏကြည့်ရင်း နေလတ်ပါးပြင်တွေ ယားလာ



www.burmeseclassic.com

www.burmeseclassic.com



၏။ ကော်ဖီခွက်ထဲ ခွေးလှေးယားသီးမှုန့် ထည့်ဖျော်ပေးလိုက်ခြင်းကြောင့် မဟုတ်ပါ။ ယုန်လေးကို မေးစရာတွေရှိနေ၍ ဖြစ်သည်။ ကိုယ်ကသာ စိတ်ထဲမှာ ရှုစိရှုစိ ဖြစ်နေရသည်။ ယုန်လေးက ဂရုပင်မစိုက်ချေ။ ကိုယ်တိုက်သည့် ကော်ဖီကို သူကြိုက်သည့်မုန့်နှင့် အားရပါးရ တွဲဖက်သုံးဆောင်ရင်း အတော်လေး မြိန်ရှက်နေပုံရ၏။ ရပါသည်။ ဒါနကုသိုလ်ပေါ့။

နေလတ်က ယုန်လေးပါးစပ်ထဲက မုန့်ကို ကော်ဖီနှင့်မျှောချပြီးသည့်တိုင် စောင့်လိုက်ပြီး၊ နားပါအားသော အချိန်ရောက်မှ . . .

"ယုန်လေး . . ."

"အင် . . ဘာလဲ ကိုကြီး . . ."

"ဪ . . ယုန်လေး အဆင်ပြေရဲ့လားလို့ပါ"

"ပြေတယ်လေ၊ ကော်ဖီတစ်ခွက်နဲ့ ဒီမုန့်နှစ်ခုဆို ကွက်တိပဲ"

နေလတ် စိတ်ညစ်သွား၏။ အမေးနှင့်အဖြေက တခြားစီ။ အရေးထဲ သင်းကလေးက စားသောက်ပြီးစီး၍ နှုတ်ခမ်းပါးနားပင် သပ်နေသေးသည်။ မိမိမှာဖြင့် အဆင်မပြေတော့။ မျက်နှာချင်းဆိုင်ထိုင်ရင်း တည့်တည့်မေးရတော့သည်။

"မဟုတ်သေးဘူးလေ၊ ယုန်လေးကို ငါ့ဆီမှာ စာသင်ရတာ၊ စာကျက်ရတာ အဆင်ကောပြေရဲ့လားလို့ မေးတာ . . ."

ထိုအခါမှ ယုန်လေးက ရှက်ဝါးဝါးလေးရယ်ပြီး . . .

"အာ . . ဘာများလဲလို့ ပြေပါတယ် ကိုကြီးရာ၊ အတိုင်းထက်အလွန်ပါပဲ၊ ဟိုလေ ကိုကြီးဖက်က အဆင်မပြေတာရှိလို့လား"

"အင်း . . ."

"ဟင် . . ဘာဖြစ်လို့လဲ ကိုကြီး"

မျက်နှာပေါ် စိုးရိမ်သော အရိပ်တစ်ချို့ ဖြတ်သန်းသွားပြီး ယုန်လေးက မျက်လုံးလေးအဝိုင်းသားနှင့် ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလတ်က မျက်နှာကို အတည်နိုင်ဆုံး တည်ထားလိုက်ရင်း-

"ယုန်လေးနဲ့ ငါနဲ့ဆို သိတာအတော်ကြာပြီနော်"

ထိုစကားကြောင့် ယုန်လေးက ပြုံးရင်းနှင့် . . .

"ဟုတ်တယ်လေ၊ ကျွန်တော်နဲ့ ကိုကြီးက မောင်နှမတော်ထားတာပဲ ကြာလှပြီ"

"ဒါပေမယ့် ယုန်လေးအကြောင်း ငါ့ကို တစ်ခါမှ မပြောပြဘူးနော်၊ ဘာဖြစ်လို့လဲ"

နေလတ်စကားအဆုံးမှာ ယုန်လေးမျက်နှာလေး ညှိုးကျသွားသည်။ ဘာမှပြန်မဖြေဘဲ ပင့်သက်ကိုရှိုက်ပြီး ဆိုင်အပြင်ဘက်ကို ငေးကြည့်နေပြန်၏။ ယုန်လေး၏ တိတ်ဆိတ်နေမှုကို ဖတ်ခွင့်မရှိသော စာအုပ်တစ်အုပ်ကဲ့သို့ နေလတ်နားလည်လိုက်ပါသည်။ ထို့ကြောင့် . .

"ယုန်လေး မပြောချင်လဲ နေပါ၊ ငါက ဒီလိုပဲ ရင်းနှီးနေတော့ သိချင်တာသက်သက်နဲ့ မေးကြည့်တာပါ ယုန်လေးရာ၊ ဘာလဲ ငါ့စပ်စုလို့ စိတ်ရှုပ်သွားတာလား"

သူ့ကြောင့် ယုန်လေးစိတ်မညစ်စေချင်ပါ။ နေလတ်က စကားကို လျှောချပစ်လိုက်၏။ ယုန်လေးက ခေါင်းလေးအသာရမ်းပြီး သူ့ကို ပြန်လှည့်ကြည့်လိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အကြောင်း ပြောပြရအောင်လည်း စိတ်ဝင်စားစရာ မရှိလို့ပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ယုန်လေးရဲ့၊ ယုန်လေးအပေါ် အလေးအနက်ထားတဲ့ လူတစ်ယောက်အတွက် ယုန်လေးရဲ့ အသေး အမွှားတွေဟာလည်း ကြီးကျယ်နေမှာပဲလေ"

ယုန်လေးက နေလတ်ကိုကြည့်ရင်း ရှက်စနိုးလေးပြုံးသည်။ ပြီးမှ . . .

"ကိုကြီးကို ပြောပြဖူးတယ်လေ၊ အစ်မနှစ်ယောက်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဖေရှိတယ်၊ ပြီးတော့ အမိုးကြီးရှိတယ်"

"အမိုးကြီးဆိုတာ အမေကို ပြောတာလား"

"ဟင့်အင်း၊ အမိုးကြီးက ငယ်ငယ်ထဲက ကျွန်တော့်ကို ထိန်းလာတဲ့ ကရင်မကြီး . . ."

"ဒါဆို ယုန်လေး အမေကကော . . ."

"ဟိုးအဝေးကြီးမှာ"

ရုတ်တရက် နေလတ်နားရှုပ်သွား၏။ ပြီးမှ တခါက ယုန်လေး တောင်ကြီးသွားတယ်ဆိုတာကို ဆက်စပ်တွေးမိပြီး . . .

"ဟို ယုန်လေးအမေက တောင်ကြီးမှာနေတာလား"

"ဒီကမ္ဘာထဲမှာ ရှာလို့မရတဲ့ အဝေးကြီးမှာပါ ကိုကြီးရာ၊ မေမေက မရှိတော့ပါဘူး၊ ဆုံးသွားပြီလေ"

"ဟာ ဆောရီးနော် ယုန်လေး"

ယုန်လေးက ခပ်လေးလေးပဲ ခေါင်းညိတ်ကာ . . .

"ရပါတယ်ဗျာ၊ ဘာမှမဖြစ်ပါဘူး၊ သေတယ်ဆိုတာ လူတိုင်းရဲ့ လူသွားလမ်းပဲလေ၊ ရှောင်လွှဲလို့မှ မရတာ၊ အချိန်ဆိုတာလေးကပဲ ပိုင်းခြားနေတာ မဟုတ်လား"

မေးမိသည့် ကိုယ်ကပဲ စိတ်မကောင်းဖြစ်ရပြန်သည်။ ယုန်လေးက ဆက်ပြီး . . .

"ပိုက်ဆံကို အမဲလိုက်သလိုရှာနေတဲ့ အဖေတစ်ယောက်ရယ်၊ ကျွန်တော့်ကို နားမလည်ကြတဲ့ အစ်မနှစ်ယောက်ရှိတယ်၊ ဒါပါပဲ၊ သူတို့က ကျွန်တော့်ကို ချစ်ကြပါတယ်၊ ဒါပေမယ့် လိုချင်တာရနေတဲ့ လူတစ်ယောက်ရဲ့ဘဝမှာ ဘာလိုနေသေးလဲဆိုတာ သူတို့မသိကြဘူး အင်းလေ . . ဒါလည်း အပြစ်ပြောလို့ ဘယ်ရမလဲနော်၊ လူတိုင်းမှာက ကိုယ့်အတ္တနဲ့ကိုယ်ပဲလေ၊ ကျွန်တော်တောင် ကျွန်တော့်ပတ်ဝန်းကျင်နဲ့ ပျော်အောင် နေနေသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အထီးကျန်ဆန်သော ယုန်လေးဘဝကို နေလတ် နားလည်စပြုလာသည်။ ယုန်လေးစိတ်တွေ ဘယ်လောက်ဒဏ်ရာရနေခဲ့ပြီလဲ။ ယုန်လေး၏မိသားစုက ယုန်လေးလိုချင်သည့် နွေးထွေးမှုကို မေ့လျော့နေသူတွေ ဖြစ်မည်။ ယုန်လေးကို ဘယ်လိုအားပေးရမှန်း မသိအောင်ပင် ရုတ်တရက် စကားက ရှာမရ။ ယုန်လေး၏ကွက်လပ်သည် သူ့အတွက် နေရာတစ်ခု ဖြစ်နိုင်ပါသေးသည်။ နေလတ်က ယုန်လေးကို နွေးထွေးစွာ ကြည့်လိုက်မိ၏။ ယုန်လေးမျက်ဝန်းတွေက အဝေးဆီအံ့ဆိုင်းမှိုင်းပျနေကြသည်။

"ကဲ ယုန်လေး၊ စိတ်မကောင်းစရာတွေ တွေးမနေနဲ့တော့၊ ဘဝဆိုတာ ဒီလိုပါပဲ၊ ဒါပေမယ့် အမြဲတမ်းချည်းပဲ ဝမ်းနည်းစရာတွေ ပေးနေမှာလည်း မဟုတ်ပါဘူး၊ ယုန်လေးဖြစ်ချင်တာတွေလည်း ဖြစ်လာဦးမှာပါ၊ အခုပဲ ယုန်လေးအောင်ချင်တဲ့ စာမေးပွဲပြန်ဖြေဖို့ လုပ်နေပြီ ဘယ်လိုလဲ အောင်ပါ့မလား၊ ယုံကြည်လား . . ."

နှစ်သိမ့်သလိုနှင့် စကားလမ်းကြောင်း ပြောင်းလိုက်၏။ ယုန်လေးစိတ်က ဖြတ်ခနဲ လက်ရှိအနေအထားကို ပြန်ရောက်လာပုံရသည်။ မျက်နှာလေးပင် အရောင်ပြောင်းသွားပြီး . . .

"ယုံတာပေါ့၊ ကျွန်တော် အောင်ကို အောင်စေရမယ်၊ ဂတိပေးတယ်ဗျာ၊ ကိုကြီး စာသင်ပေးတာ အချည်းအနှီး မဖြစ်စေရပါဘူး၊ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ ကျွန်တော်လည်း စိတ်ညစ်စရာတွေပဲ တွေးမနေတော့ပါဘူး၊ အရာရာကို လက်ခံနိုင်အောင်ပဲ ကြိုးစားတော့မယ်"

သူ့ကိုယ်သူ ပြန်ဖြေသိမ့်နေသော ယုန်လေးကိုကြည့်ပြီး၊ နေလတ် ဂရုဏာသက်နေမိသည်။ ယုန်လေးကို သာယာချမ်းမြေ့စေချင်သည့် စိတ်တွေက ရင်ထဲမှာ ဆူပွက်ယိုစိမ့်လာ၏။

နှစ်ဦးသား ခဏတိတ်ဆိတ်သွားကြသည်။ သီချင်းသံသဲ့သဲ့က



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာ ပို၍ပီပြင်လာသလို ရှိနေသည်။

"ယုန်လေးကို ပြောစရာရှိသေးတယ်၊ သိလား . . ."

ဘာလဲဆိုသည့် ပုံစံနှင့် ယုန်လေးက မျက်ခုံးလေး အသာပင့်ပြသည်။ နေလတ်က . . .

"ဒီနေ့ ယုန်လေးကို စိတ်ညစ်အောင် လုပ်မိတဲ့အတွက် ဒီညနေ စာမသင်တော့ဘူး၊ ယုန်လေးစိတ်ပြေလက်ပျောက် သွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးမယ်"

"ဟာ . . တကယ်လား"

မျက်လုံးလေးများ အရောင်တောက်လာသည့် ယုန်လေးကို ကြည့်ပြီး နေလတ်လည်း ပျော်သွား၏။ သူတကယ်ပဲ ဒီကောင်မလေးကို အရည်ပျော်နေခဲ့ပြီ။

"တကယ်ပေါ့၊ ဘယ်သွားချင်လဲ ပြော . . ."

"အင်း . . သွားချင်တဲ့နေရာ သိပ်မရှိပါဘူး၊ မြို့ထဲသွားမယ်၊ မြေအိုးမြီးရှည်စားမယ်၊ ရုပ်ရှင်တစ်ကားလောက်ဝင်ကြည့်၊ ပြီးရင် တန်ပေါင်ခဏသွားမယ်၊ ဒီလောက်ပါပဲ . . ."

သိပ်မသွားချင်ရှာပါ။ ဒီလောက်က မိုးချုပ်သွားနိုင်သည်။ မည်သို့ပင်ဖြစ်စေ နေလတ်က ပျော်ပျော်ကြီး လိုက်ပို့ပေးမည်ဟု ဆုံးဖြတ်ပြီးပြီ။ ယုန်လေးအတွက်ဆိုလျှင် ဒီတစ်ညနေလုံးပင်မကပဲ တစ်ဘဝလုံး အပိုင်ပေးချင်ပါသည်။ ထိုသို့တွေးနေစဉ်မှာပဲ သီချင်းတစ်ပုဒ်က ထပ်ပြောင်းသွားသည်။ နေလတ်စိတ်ထဲက သီချင်းသံနားထောင်ပြီး အလိုလို ပြုံးမိသွား၏။ ကောင်တာဘက် လှမ်းကြည့်လိုက်တော့ သူတို့ကိုသိနေသည့် ဝိတ်တာလေးက နေလတ်ကို မသိမသာ လက်မထောင်ပြသည်။ အိုကေ . . သဘောပေါက်သွားပြီ။ ဒါ စားသုံးသူကို ကျေးဇူးတုန့်ပြန်တာပဲ။

"ယုန်လေး . . ခုဖွင့်ထားတဲ့သီချင်း နားထောင်ကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံကို နားစွင့်ကာ . . .

"ကောင်းသားပဲ၊ ငြိမ့်ငြိမ့်လေးနော်"

ယုန်လေးက အလိုက်သင့်လေးဖြေသည်။ နေလတ်က ယုန်လေးကို ချစ်မြတ်နိုးစွာကြည့်ကာ . . .

"ဒီသီချင်းက နားထောင်လို့ကောင်းတာထက်၊ အဓိပ္ပာယ်က ပိုလေးနက်တယ် ယုန်လေးရဲ့၊ CREED ရဲ့ Lullaby လေ၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ"

မချင့်မရဲအပြောကြောင့် ယုန်လေးက . . .

"ဟင် . . ဘာကိုတိုက်ဆိုင်လို့လဲ"

ယုန်လေးပုံစံက တကယ်နားမလည်သော ပုံစံလေး။ နေလတ်က ထိုပုံစံလေးကိုပဲ သဘောကျကျေနပ်သွားပြီး . . .

"ဒီလိုလေ၊ ဒီ လပ်လဘိုင် (Lullaby) ဆိုတဲ့ အဓိပ္ပာယ်က ကလေးချော့သီချင်းတဲ့၊ တိုက်ဆိုင်တာပေါ့နော်"

"အာ . . ကိုကြီးကလည်း . . ."

အရှက်ငွေ့ငွေ့က ယုန်လေးမျက်နှာပေါ် ခုန်တက်သွားသည်။ တိုးတိုးလေးပြောရင်း ခေါင်းလေးငုံ့နေတော့၏။ သူ့ကိုချော့နေကြောင်း ယုန်လေးမသိဘဲနေမှာ မဟုတ်ပါ။ ဒီလောက်ဆို ယုန်လေးရင်ထဲမှာ တစ်ခုခုရှိနေတာ သေချာနေပြီ။ 'အချစ်' ဟု သူက ရိုးစွပ်ချင်လိုက်သည်။ တိတ်ဆိတ်နေတာက ဝန်ခံနေတာလားဟုပင် မေးလိုက်ချင်သေး၏။

* * * *

ခရမ်းရင့်ရောင် တိမ်အုပ်တစ်ချို့က ကောင်းကင်အနားသတ်ဆီ ချိတ်ဆွဲအိပ်စက်ရန် ထိုးတက်နေကြပြီ။ အုပ်ဖွဲ့ပျံသန်းသွားသော



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးများကို အစက်အပျောက်လောက်သာ တွေ့ရတော့၏။ ရေပြင်ပေါ် လေပြေလမ်းလျှောက်သွားသည့်အခါ လှိုင်းခြေရာခပ်ဖွဖွလေးများက အထင်းသား။ နေဝင်လုပြီ။ အဝေးက ကလေးချော့သီချင်းသံက မဆုံးနိုင်သေး။

လိမ္မော်ရောင်နေလုံးကြီးက ကောင်းကင်ထောင့်ချိုးမှာ မေးတင်နေသည်။ ငုတ်လျှိုးပျောက်ကွယ်သွားသော အလင်းအောက်မှာ ဆည်းဆာက ဖျော့တော့မှေးမှိန်သွား၏။ ငေးကြည့်ခံစားနေသော ယုန်လေးကို စောင့်နေလိုက်သည်။ အမှောင်နုနုပင် သန်းလာချေပြီ။

နေလတ်က ခပ်တိုးတိုးလေး ခေါ်လိုက်၏။

"ယုန်လေး . . ."

"ဘာလဲ . . ကိုကြီး ပြန်တော့မှာလား"

"ပြန်မယ်လေ၊ ယုန်လေးကို မှာစရာတစ်ခု သတိရလာလို့"

"ပြောလေ . . ."

"လာမယ့် တနင်္ဂနွေမှာ ငါတို့ကုမ္ပဏီ နှစ်ပတ်လည်ဒင်နာရှိတယ်၊ အဲဒါ ယုန်လေးလာရမယ်နော်"

ခေါင်းလေးညိတ်လိုက်ပြီးမှ ယုန်လေးက သတိရဟန်ဖြင့် . .

"ဟာ . . ဖြစ်မှာ မဟုတ်ဘူးနော်၊ ကျွန်တော်က အဲဒီလိုမျိုးတွေ သွားဖူးတာမဟုတ်ဘူး၊ ကျွန်တော့်ပုံစံနဲ့ မဖြစ်ပါဘူးဗျာ"

အမြဲတမ်း ယောကျ်ားလေးလို ဝတ်တတ်သည့် သူ့ပုံစံနှင့် အဆင်မပြေမှာ စိုးရိမ်နေပုံရသည်။ ချက်ချင်းပဲ ငြင်းတော့၏။ နေလတ်အတွက်က ယုန်လေးမလာ၍ မဖြစ်ပါ။ ထို့ကြောင့် . . .

"ဘယ်လိုပဲ ဖြစ်ဖြစ်ကွာ၊ ယုန်လေးလာတယ်ဆိုရင်ပဲ လုံလောက်ပြီ . . ."

"ကိုကြီးကလည်း တစ်ခြားဧည့်သည်တွေ လာဦးမှာမဟုတ်လား၊ တော်ကြာ လူတွေကြားထဲ ကျွန်တော့်ပုံစံက ထောင့်မကျိုးသလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာ"

ဒါတော့ သိသားပဲလို့ နေလတ်တွေးမိသည်။ ဒီလို အတွေးလေးရှိတာကိုပဲ နေလတ်ကျေနပ်သွား၏။ ယုန်လေးကို မိန်းကလေးလို ဝတ်ရင် ဘယ်လိုနေမလဲဟု ခန့်မှန်းကြည့်သည်။ အလှနတ်သမီးဟု တင်စားကြသော ဗီးနပ်(စ်)ထက်တော့ လှနိုင်ပါသည်။ အရပ် ၅ ပေ ၃ လက်မရှိသော ဗီးနပ်(စ်)သည် ရင် ၃၇၊ ခါး ၂၆ နှင့် တင် ၃၈ ရှိသည်ဟု ကြားဖူးသည်။ ထိုထက်တော့ ယုန်လေးက ပိုပြီးအချိုးအစားကျလောက်သည်ကို အားနာနာနှင့်ပင်ကြည့်ကာ စိတ်ထဲပုံဖော်လိုက်မိသည်။

နေလတ်က ထိုကိစ္စကို ရဲရဲဝင့်ဝင့်ပင် ယုံကြည်လိုက်ပြီး . . .

"ဒါဆိုလည်း ယုန်လေးက မိန်းကလေးလို ဝတ်လာခဲ့ပေါ့"

"မဝတ်ချင်ပါဘူးဗျာ၊ စိတ်ကျဉ်းကျပ်လွန်းလို့ ဒီအတိုင်းပဲ လာခဲ့မယ်လေ၊ ဖြစ်မလား . . ."

ယုန်လေးအပြောကြောင့် နေလတ်က မျက်လုံးပြူးပြကာ . .

"ဟာ . . ဒီအတိုင်းချည်းတော့ မလာနဲ့လေ၊ တစ်ခုခုတော့ ဝတ်လာခဲ့ဦးပေါ့၊ တော်ကြာ နွေခေါင်ခေါင်ကြီး လျှပ်စီးတွေ လက်နေဦးမယ်"

"ဟာဗျာ . . ကိုကြီးနော်၊ ဒီအတိုင်းဆိုတာ ဒီအတိုင်းကို ပြောတာ"

မျက်နှာတစ်ခုလုံး ရဲရဲနီကာ ယုန်လေးအော်တော့သည်။ ဝတ်ထားသော တီရှပ်ပွပွကြီးကို ဆွဲဆန့်ပြနေသည့် ယုန်လေးကိုကြည့်ပြီး နေလတ်ရယ်ချင်စိတ်ကို မထိန်းနိုင်တော့။ နေလတ်အားရပါးရ ရယ်မိလိုက်ပါသည်။ ယုန်လေးကပါ ဘာလုပ်ရမှန်းမသိဘဲ ရှက်ရှက်နှင့် လိုက်ရယ်နေပါတော့သည်။

ကန်ရေပြင်ကို ဖြတ်သန်းသွားလာခွင့်မရှိဟု တားမြစ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော် ဆည်းဆာချိန်ရယ်သံလေးနှစ်ခုကိုတော့ အမိုက်အမဲလေးများ အဖြစ် ခွင့်လွှတ်ပေးစေချင်ပါသည်။ ထိုရယ်သံချိုချိုလေးများသည် တစ်ယောက်ဘဝထဲ တစ်ယောက်တိုးဝင်ရန် အစပျိုးသော တံခါးခေါက်သံများလည်း တစ်ခါတရံ ဖြစ်နေနိုင်ပါသည်။

'ချစ်တယ်' ဟု ထုတ်ဖော်မပြောဘဲ နှုတ်ခမ်းလေးများလှုပ်ခြင်းဖြင့် ကမ္ဘာဦးအစကပင် ပန်းတွေပွင့်ခဲ့ပြီးပါပြီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

တစ်နေ့တာ အလင်းရောင်မှေးမှိန်သွားပြီး အပြင်မှာ မှောင်ရိပ်တို့ စွန်းပေလာသည်နှင့်အမျှ ကျောက်ခက်ပွင့်ကုမ္ပဏီ၏ ရုံးရှေ့မြက်ခင်းပြင်တွင် တစထက်တစ အလင်းစီးကြောင်းများ ပြန့်နှံ့လာသည်။ ထိုညသည် ကုမ္ပဏီ၏ နှစ်ပတ်လည်ညစာစားပွဲပင် ဖြစ်၏။ တစ်ခြားဖိတ်ကြားထားသော ကုမ္ပဏီများမှ ဧည့်သည်များကိုလည်း တဖွဲဖွဲတွေ့နေရသည်။ ရင်းနှီးစွာ နှုတ်ဆက်သံများနှင့် စည်ကားဝေစီလျက်။ ခဏနေလျှင် အစီအစဉ်စတော့မည်။

တစ်ချို့သော ဧည့်သည်များကို ကိုယ်တိုင်နေရာလိုက်ချပေးရင်း နေလတ်တစ်ယောက် ယုန်လေးကို မျှော်နေမိသည်။ ခုထိ အရိပ်အယောင်မျှပင် မတွေ့ရသေး။ ဒီကြားထဲ ဒေါက်တာမာန်ထက်သောတသူ့မိန်းမ၏ ဗိုက်စူစူကိုပြပြီး မာန်တက်ပြနေသေး၏။ ကိုဖြိုးအထုပ်ကိုကိုယ်ဖြေနေသလိုပင်။ တစ်ဝိုင်းရှေ့ကျော်မှာတော့ နေမျိုးကျော်က တရုပ်မ



www.burmeseclassic.com

www.burmeseclassic.com



ဝေ့မှုးကျင့်ကို ပလီစီခြောက်ချက်တွေပြောရင်း ငြည့်ခံနေသည်ကို တွေ့ရသည်။ ကပ္ပလီ၏ အသံစာစာကိုလည်း နားညည်းအောင်ကြား နေရ၏။ သူကပဲ ရွှေနှလုံးသားဂျာနယ်မှ သတင်းလာယူသော သတင်း ထောက်လေးဝိုင်ချိုကို ဆရာလိုလိုနှင့် ခါတ်ပုံတွေ လိုက်ရိုက်ခိုင်းနေ သေးသည်။ ဝိုင်ချိုလေးခမြာမှာ ချွေးတလုံးလုံးနှင့် သိပ်မစားသာလှ ချေ။ သို့သော်လည်း သတင်းလည်းရ၊ ပုလင်းလည်းမ ဟုတွေးကာ အားကြိုးမာန်တက် ဖြစ်နေပုံရ၏။

ဝါရင့်မန်နေဂျာနေမျိုးကျော်က ကုမ္ပဏီနှင့်ပတ်သက်ပြီး ကျေးဇူး တင်စကား ပြောပြီးချိန်မှာ ပုလင်းသံ၊ ခွက်သံများက စတင်လာပါ သည်။ ထို့ထက်ပို၍ စိတ်ဝင်စားနေကြသည့် အစီအစဉ်က ကုမ္ပဏီ ဝန်ထမ်းများအား ကံစမ်းမဲဖောက်ပေးခြင်း ဖြစ်သည်။

ထိုအချိန်အထိ ယုန်လေးရောက်မလာသေးပါ။ နေလတ်လည်း သက်ပြင်းချရတာ ဘယ်နှစ်ကြိမ်ရှိနေပြီ မသိတော့။ နာရီကို တစ်ချက် ကြည့်လိုက်ပြီး ဒီအချိန်မှတော့ ယုန်လေး မလာလောက်တော့ပါဘူးဟု နွမ်းလျစွာ တွေးမိသည်။ ယုန်လေးကို လက်ဆောင်ပေးရန် ရည်ရွယ် ပြီးယူလာသော လက်ဆောင်ဗူးကလေးကိုစမ်းရင်း မွတ်သိပ်စွာ တမ်းတ မိသည်။

ခြံဝင်းအပြင်ဘက်ကိုငေးကာ နေလတ်မှိုင်တွေ နေမိသော် လည်း ခြံဝင်းထဲမှာတော့ တစ်ယောက်နှင့်တစ်ယောက် ကိုယ်မဲပေါက် သည့် ပစ္စည်းများကို အပြန်အလှန်ကြည့်ပြီး ပျော်ရွှင်ဆူညံနေကြပါသည်။ နေလတ် တင်းထားသောစိတ်ကို လျှော့ချ လိုက်၏။ ခဏာနေလျှင် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သည့် သူက ကျေးဇူး တင်စကား ပြောရဦးမည်။ နီးရာထိုင်ခုံတစ်ခုမှာ အသာဝင်ထိုင်ပြီး ကိုယ့်အလှည့်ကို စောင့်နေလိုက်သည်။ လွတ်လပ်ပျော်ရွှင်စွာရယ်မော နေကြသော အသံများက ပို၍အသက်ဝင်လာကြ၏။ ကိုသန့်ပင် မဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သလိုပင်။

"ကိုကြီး . . ."

တစ်ကိုယ်လုံး လေထဲမြောက်တက်သွားမတတ်ပင် နေလတ် ဝမ်းသာသွား၏။ ကိုယ်ဖော့ပညာမတတ်၍ မတ်တပ်သာ ဝုန်းခနဲ ထရပ်နိုင်လိုက်သည်။ ယုန်လေးဆိုသောအသိနှင့် ကသောကမျော လှည့်ကြည့်မိသည်။ နေလတ်မျက်လုံးတွေ ပြူးသွားရသည်။ ဟိုတစ်နေ့က သူပြောခဲ့သလို ယုန်လေး ဒီအတိုင်းချည်းလာခြင်းကြောင့် မဟုတ်ပါ။ အဖြူဆွတ်ဆွတ် ဂါဝန်ရှည်ကလေးနှင့် ညွတ်ပျောင်းလှပသည့် ယုန်လေး ဖြစ်နေပြီ။ ဆံနွယ်မျှင် မတိုမရှည်လေးများကို ကျစ်ဆံမြီးသေးသေးလေး များ ကျစ်ထားသည်ကပင် ပို၍ချစ်စရာကောင်းနေသေးသည်။

တရှိုက်မက်မက်လေးငေးကြည့်ရင်း နေလတ် ဆွံ့အနေမိသည်။ အံ့ဩမှုနှင့်ဝမ်းသာမှုက ရင်ထဲမှာ ယိမ်းထိုးကခုန်ပြီး ရုတ်တရက် စကားမဆိုမိ။ သူ့အကြည့်ကြောင့် ယုန်လေးက မနေတတ်တော့ဘဲ-

"ဘာဖြစ်လို့ ဒီလောက်ကြည့်နေတာလဲ ကိုကြီးရာ၊ ပြူးတူးပြဲတဲနဲ့"

"ဟာ . . ဆောရီး . . ဆောရီး ယုန်လေးရာ၊ ဒီပုံစံမျိုးနဲ့ မမြင်ဖူးလို့ သတိလစ်သွားတာ ဟဲ . . ဟဲ . . ."

မျက်နှာလေးအမ်းသွားကာ ယုန်လေး မျက်လွှာလေးကျသွားသည်။

"ကျွန်တော်လည်း ကိုကြီးမျက်နှာပျက်မှာစိုးလို့သာ ဝတ်လာရတာဗျာ၊ ဒါမျိုးမဝတ်တာ ကြာပြီဆိုတော့ နေရတာ ယားစိ၊ ယားစိနဲ့"

ယုန်လေးယားတာကိုပဲ ကျေးဇူးတင်ရပေမည်။ မဟုတ်လျှင် ဒီလိုမြင်ရဖို့က လွယ်မည်မဟုတ်။ ယုန်လေး၏ ခန္ဓာကိုယ်လှလှလေးကို ရိုးသားစွာခိုးကြည့်ပြီး 'ခုတော့ ကျွန်တော်သိလိုက်ရပါပြီ' ဟု ဗီးနပ်(စ်) ထက်လှသည့် ခန္ဓာကိုယ်အချိုးအစားကို ကြေညာရမလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုန်လေးကို သီးသန့်တစ်ဝိုင်းထဲ နေရာချပေးလိုက်ပြီး စားစရာတွေ သွားယူပေးလိုက်၏။ ဒါကိုပင် ကပ္ပလီက မြင့်ဖြစ်အောင်မြင်သွားပြီး သတင်းထောက်ကလေးဝိုင်းချိုကို တိုးတိုးကပ်ပြောနေသည်ကို တွေ့လိုက်သည်။ ဓါတ်ပုံရိုက်ခိုင်းခြင်း ဖြစ်မည်။ တော်ကြာ ဂျာနယ်ထဲမှာ ကျောက်ခက်ပွင့်ကုမ္ပဏီဒါရိုက်တာ နေလတ်၏ ဘာညာဆိုပြီး ပါလာဦးမည်။ ကောင်းပါသည်။ ယုန်လေးနှင့် ဘေးချင်းယှဉ်ပြီး မသိမသာပင် ထိုင်ပေးလိုက်၏။ မြန်မြန်ရိုက်ပါ ဝိုင်းချို . . . ။

စင်ပေါ်မှ နေမျိုးကျော်၏ ပျော်ရွှင်စရာသီချင်းသီဆိုမှု အစီအစဉ် ကြေညာသံကြားလိုက်ရသည်။ ပြီးတော့ ဝါရင့်မန်နေဂျာဆိုပြီး သူ့အရင်ဆိုလေသည်။ နေမျိုးကျော်၏ ကြောက်ခမန်းလိလိ အနုပညာပြသပြီးချိန်မှာတော့ တစ်ယောက်ပြီးတစ်ယောက် တက်ကြကြတော့သည်။ တဝုန်းဝုန်းနှင့် ပျော်စရာကောင်းနေပါသည်။

ကြည့်ရင်းနှင့် ယုန်လေးလည်း အပျော်ကူးစက်လာပုံရ၏။ လက်ခုပ်လေးများပင် လိုက်တီးနေသေးသည်။ နေလတ်က မေးလိုက်၏။

"ယုန်လေး . . သီချင်းဆိုမလား"

"အာ . . ကျွန်တော်မဆိုတတ်ပါဘူးဗျာ၊ ကိုကြီးတက်ဆိုပါလား၊ အားပေးမယ်လေ"

သူ့ကို မဆိုရဲဘူး ထင်နေလားမသိ။ ယုန်လေးက မထီတရီလေး ပြန်မေးသည်။ နေလတ်လည်း လက်ဆောင်ဗူးလေးလှမ်းပေးရင်း မပြောမဆိုနှင့် ထရပ်ကာ ထွက်လာခဲ့သည်။ ယုန်လေးအံ့သြပြီး ကျန်ခဲ့မှာ သေချာသည်။ ခဏနေလျှင် ပိုအံ့သြရပါလိမ့်မည်။

စင်ပေါ်ကနေပြီး နေလတ်က ယုန်လေးရှိရာခုံသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ယုန်လေးသူ့ကို ပြန်ကြည့်နေ၏။

"ကျွန်တော် သီချင်းလေးတစ်ပုဒ်လောက် ဆိုပြချင်ပါတယ်၊ အားလုံးပဲ ဒီသီချင်းကို ကြားဖူးမှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီသီချင်းက တစ်ယောက်ကိုရည်ညွှန်းပြီး ကျွန်တော်ကိုယ်တိုင်ရေးထားတာ ဖြစ်လို့ပါပဲ၊ သီချင်းလေးနာမည်က ကလေးချော့သီချင်းပါ၊ နားထောင်ပေးကြတာ ကျေးဇူးပါပဲ"

နေလတ်က ခပ်တည်တည်ပဲ ပြောလိုက်၏။ ယုန်လေးကတော့ ဘယ်လိုနေမည်မသိ။ အကြောင်းသိသော ဝန်ထမ်းများက ယုန်လေးကို လှမ်းလှမ်းကြည့်နေကြပြီ။ ယုန်လေးက ရှက်သွားဟန်ဖြင့် ခေါင်းလေးငုံ့ချလိုက်စဉ်မှာပဲ ဂီတာသံလေးက သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာ၏။ နေလတ်ရင်ကို ဖွင့်ပြလိုက်ပြီ၊ ယုန်လေး နားထောင်ပါတော့။

ကလေးချော့သီချင်း

□ မျက်လုံးလေးမှိတ်လို့ ×× ပခုံးထက်မှီကာ ×× အိပ်တော့ ချစ်သူရယ်
ငယ်ငယ်တုန်းက အမေ့ရဲ့ ကလေးချော့တေးနဲ့ ×× ဆိုပြီးတော့
သိပ် ပါမယ်
နဖူးလေးဖွဖွ ငုံ့လို့နမ်းမယ် ××× လန့်နိုးမှာကိုလည်း စိုး . . စိုးတယ်
အပြစ်ကင်းလို့ ကလေးလို ×× အိပ်နေသူကို
ကျွန်တော်ငေး . . ကြည့်မဝအောင်
ရင်ထဲအေးချမ်းတယ်
(အိပ်တော့) ချစ်သူရယ် . . . .။

တေးရေး။ နဂျီ

ငြိမ်ငြိမ်လေးထိုင်နေသော ယုန်လေးဘေးမှာ နေလတ်အသာပင် ဝင်ထိုင်လိုက်၏။ ဒီသီချင်းကြောင့် ယုန်လေး စိတ်ဆိုးသွားပြီလား။ မျက်နှာလေး မသာမယာဖြစ်နေသည့် ယုန်လေးကို စိုးရိမ်စွာ ကြည့်မိသည်။ မေးရန်ကြံလိုက်စဉ်မှာပဲ ယုန်လေးက . . .

"ကိုကြီး . . ."

www.burmeseclassic.com



ခပ်တိုးတိုးခေါ်သံလေးကြောင့် နေလတ်အားတက်သွား၏။

"ဘာလဲဟင် . . ယုန်လေး၊ ဟို ငါ့ကို စိတ်ဆိုးလို့လား"

ယုန်လေးက ခေါင်းကိုအသာခါသည်။ ယုန်လေးမျက်ဝန်းထဲမှာ မျက်ရည်ဝဲနေတာလား . .။ မဆိုင်သည့် စကားကို ယုန်လေးက ဆိုလာ၏။

"ကိုကြီး ကျွန်တော့်ကို ပြန်လိုက်ပို့ပေး . . ."

သူ့အမေးကို မဖြေဘဲ ယုန်လေးက လိုက်ပို့ခိုင်းနေ၏။ နေလတ်လည်း ထပ်မမေးရက်တော့။ ယုန်လေးမဖြေချင်လို့ ဖြစ်မည်။ ခုလိုလိုက်ပို့ခိုင်းပုံကို ထောက်ခြင်းအားဖြင့် ယုန်လေးက သူ့ကိုစိတ်ဆိုးတာတော့ မဟုတ်နိုင်ပါ။ ညှိုးငယ်နေသည့် ယုန်လေးမျက်နှာကိုကြည့်ပြီးနားမလည်နိုင်ပေမယ့် ယုန်လေးရဲ့အိမ်ကို သိရပြီဟုတွေးကာ ဝမ်းသာမိသေးသည်။

ညလမ်းမပေါ် ကားလေးကို တရိပ်ရိပ်ပြေးလျက်။ သစ်ရွက်ကြားမှ ယိုစိမ့်ကျနေသော လ၏အရိပ်ပျောက်ကလေးများကို လမ်းဘေးဝဲယာမှာ တွေ့နေရသည်။ တိုးဝင်လာသည့် လေက အနည်းငယ်အေးသော်လည်း လတ်ဆတ်ပါသည်။

ကားထဲမှာ တိတ်ဆိတ်နေကြသည်။ နေလတ်က စကားပြောချင်လှသော်လည်း ယုန်လေးက လမ်းတစ်လျှောက်လုံး မျက်လုံးလေးမှိတ်ကာ ကားကူရှင်ပေါ် ခပ်ယှဲ့ယှဲ့လေးမှီနေ၍ စကားပြောရန် မဝံ့မရဲ ဖြစ်ရသည်။ ယုန်လေး စကားမပြောချင်လို့လား။ နေလတ်အလိုက်တသိငြိမ်နေရန် ဆုံးဖြတ်လိုက်သည်။ ဒီညမှာ ကိုယ့်အပြစ်နှင့်ကိုယ်ဖြစ်နေ၍ မပြောရဲတော့။

အတန်ကြာမှ အသက်မှန်မှန်ရှူရင်း မှိန်းနေသော ယုန်လေး၏ မျက်ဝန်းလေးက ပွင့်လာ၏။ အသံတိုးတိုးလေးကလည်း . . .

"ကိုကြီး . . ရပ်လိုက်တော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ယုန်လေးရဲ့အိမ်က ဒီနားမှာလား"

ကားကို အရှိန်လျှော့ရင်း နေလတ်က မေးလိုက်၏။ ယုန်လေးက နွမ်းလျသံဖြင့် . . .

"အိမ်က လိုပါသေးတယ်၊ ဒါပေမယ့် ဒီမှာပဲ ဆင်းတော့မယ်"

"ဟာ . . ယုန်လေးကလည်း မှောင်နေပြီကွာ၊ အိမ်အထိ လိုက်ပို့မယ်"

"ဟင့်အင်း . . တော်ပြီဗျာ ရပ်တော့၊ ကိုကြီးလိုက်ပို့တာ စီးချင်လို့ ဒီအထိလိုက်လာတာ၊ ကျွန်တော်ဒီကပဲ ကားငှားပြန်တော့မယ်၊ ထပ်မပြောနဲ့တော့ . . ."

ကားကို အသာရပ်ပေးလိုက်ရ၏။ ယုန်လေးကို နေလတ် နားမလည်တော့ချေ။ သူ့အိမ်ကို မသိစေချင်တာလား။ ဒါမှမဟုတ် သူ့အိမ်က ဆူမှာစိုးလို့လား။ ဘာကိုမှ ဝေခွဲမရ။ စိတ်ထဲမှာ တစ်မျိုးလေးဖြစ်မိသည်။

ကားပေါ်ကဆင်း၍ ယုန်လေးက ပြုံးကာ လက်လှမ်းပြပြီး-

"တာ့တာနော် ကိုကြီး၊ ဒီကပဲ ကားပြန်ကွေ့သွားတော့၊ ကိုကြီးကားကို မျက်စိတဆုံးကြည့်ပြီးမှ ကျွန်တော်ပြန်မှာ၊ ကိုကြီးအရင်သွား"

နေလတ်လည်း ဘာမှထပ်မပြောနိုင်တော့ပါ။ ယုန်လေးကို စိတ်မချစွာဘဲကြည့်ရင်း . . .

"ယုန်လေး . . မနက်ဖြန်မှ တွေ့မယ်နော်"

ယုန်လေးက ခေါင်းလေးအသာညိတ်ပြသည်။

ရင်ထဲမှာ နားမလည်ခြင်းများစွာနှင့် အိမ်ပြန်ခရီးက ရှတင်ခဲ့သည်။ ညဦးလေ၏ လတ်ဆတ်သော အထိအတွေ့ကလည်း မွန်းကျပ်သည့်ရင်ကို မဖြေလျှော့စေနိုင်တော့။ လရောင်သည် မပီဝိုးတဝါးနိုင်လှသည်။ ဆုံမှတ်တစ်ခုသည်လည်း လရောင်သို့ပင် လင်းတလှည့် ဖျော့တလှည့်နှင့် . . ။

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ယုန်လေးကိုစောင့်ရင်း နေလတ်စိတ်ထဲမှာ မရိုးမရွဖြစ်လာ၏။ ဒီအချိန်ဆို ယုန်လေးစာသင်ရန် ရောက်သင့်နေပြီ။ မနေ့ညကလည်း သေသေချာချာမှာခဲ့၏။ သူ့ကိုစိတ်ကောက်ပြီး စာလာမသင်ဘဲ နီဂရိုးအိန်ဂျယ်မှာ သွားထိုင်နေပြီလားမသိ။ ကော်ဖီဆိုင်သို့ လိုက်သွားလိုက်သည်။

နီဂရိုးအိန်ဂျယ်မှာလည်း ယုန်လေးက ရှိမနေပါ။ ဘာဆက်လုပ်ရမှန်း မသိတော့ပဲ နေလတ်ထိုင်စောင့်နေမိသည်။ ညနေစောင်းသည်အထိ စောင့်ပြီးမှ နေလတ်စိတ်မောစွာ ပြန်ခဲ့၏။ ယုန်လေးလုံးဝရောက်မလာခဲ့ချေ။

နောက်နေ့တွေမှာလည်း နေလတ် သွားစောင့်ပါသေးသည်။ ရောက်မလာသည့်တိုင်အောင် ယုန်လေးဖုန်းပင် မဆက်ခြင်းကို နားမလည်နိုင်။ သွားရှာရအောင်လည်း လိပ်စာကမသိ။ ယုန်လေးသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသတ်မှတ်ပြီး ခြေရာဖျောက်သွားပြီလဲ။ ယုန်လေး သူ့အချစ်ကို လက်မခံချင်သည့်တိုင်အောင် ဒီလိုဇာတ်လမ်းပြတ် မလုပ်သင့်ပါ။ ယုန်လေးအနားမှာသာ နေခွင့်ရမည်ဆိုလျှင် သူပြောသည့်အတိုင်း မောင်နှမလို ဖြူဖြူစင်စင်နေနိုင်ပါသည်။ နေလည်း နေချင်ပါသည်။ ဒါ သူ့ဆန္ဒဖြစ်၏။ ခုတော့ ယုန်လေးက တဖက်သတ်ကြီး အဆက်အသွယ်ဖြတ်သွား၏။ မရေရာသော မျှော်လင့်ချက်နှင့် နီဂရိုးအိမ်ဂျယ်မှာ ထိုင်စောင့်နေရန်မှတစ်ပါး အခြားမရှိတော့ပါ။ ကိုယ်က မေ့မရတော့လည်း ဒီလိုပဲ စောင့်ရမည်လေ။

ထိုကိစ္စများကို နေမျိုးကျော်အားတိုင်ပင်ရန် စိတ်ကူးမိသေးသည်။ ကိုယ့်အလုပ်တွေပါ ဖိစီးပြီးလုပ်နေရသည့်အထဲ ကိုယ့်အပူကို ထပ်မပေးချင်တော့ချေ။ ထို့သို့ဖြင့် နီဂရိုးအိမ်ဂျယ်ကိုသာ နေ့တိုင်းသွားစောင့်နေမိတော့သည်။

ငါးရက်မြောက်နေ့မှာတော့ ထူးခြားလာသည်။ ဖုန်းဝင်လာပြီး နံပါတ်က သူမသိသောနံပါတ်ကြောင့် ဖြစ်သည်။ ရင်ခုန်စွာ နားထောင်လိုက်စဉ်မှာပဲ . . .

"ကိုကြီး . . ."

နေလတ် တော်တော်ဝမ်းသာသွား၏။ အားမလိုအားမရပင် ပြောလိုက်သေးသည်။

"ဘာဖြစ်လို့ မလာတာလဲ ယုန်လေးရာ၊ စိတ်ဆိုးနေရင်လည်း ယုန်လေးကြိုက်တဲ့အပြစ်ပေး၊ ငါ့ဆီကိုတော့ ပြန်လာခဲ့နော်၊ စာမေးပွဲ ကိစ္စက ရှိသေးတယ်"

စာမေးပွဲကိစ္စနှင့်ရောပြီး ပြောရသည်။ တဖက်မှ ယုန်လေးက တိတ်ဆိတ်နေသဖြင့် . . .

"ယုန်လေး . . ယုန်လေး . . ယုန်လေး . . ကြားလား"

သက်ပြင်းချသံသဲ့သဲ့နှင့်အတူ တိုးဖျော့သည့် ယုန်လေးအသံ



www.burmeseclassic.com

www.burmeseclassic.com



လေးက ထွက်လာသည်။

"ကိုကြီး . . ကိုကြီးကို ကျွန်တော်စိတ်မဆိုးပါဘူးဗျာ၊ ကျွန်တော် ခရီးသွားစရာ ကိစ္စလေးရှိလို့ပါ၊ ပြန်ရောက်ဖြစ်ရင်တော့ ကိုကြီးဆီလာခဲ့မယ် . . ."

"ဟာ . . ယုန်လေး နေဦးလေ"

ပြောရင်း ယုန်လေးက ဖုန်းပါတစ်ခါထဲ ချသွားလေသည်။ နေလတ် အမြန်ပြောလိုက်တာပင် ယုန်လေး ကြားဟန်မတူပါ။ ငိုင်နေမိပြီးမှ ရုတ်တရက် သတိရသွားသဖြင့် Rceived call ကိုကြည့်ပြီး ယုန်လေးဖုန်းနံပါတ်ကို ပြန်ခေါ်လိုက်သည်။ ဖုန်းလိုင်းက ဝင်သွားပါသည်။ နေလတ်က . . .

"ဟလို . . ယုန်လေး၊ အဲ . . မိုးပြည့်ကို ခေါ်ပေးပါ"

"ခေါ်ပေးလို့ မရပါဘူးရှင်"

"ဗျာ . . ဘာဖြစ်လို့လဲ"

"ဒီဖုန်းက P.C.O (အများသုံးဖုန်း) ကြောင့်ပါ"

ဘာဆက်ပြောရမှန်းပင် မသိတော့ပေ။ လမ်းစက ပျောက်သွား၏။ ပြီးမှ သတိရသွား၍ . . .

"ဟလို . . ခဏလေးပါ၊ အဲဒီဖုန်းက ဘယ်မြို့နယ်၊ ဘယ်နားက ဖုန်းလည်း မသိဘူး"

တဖက်မှ သိပ်စိတ်ရှည်ဟန် မတူတော့ချေ။ စိတ်ဆေးမေးမြန်းနေသည့် သူ့ကို ဆူအောင့်အောင့် ပြန်ဖြေသည်။

"မြို့နယ်က အလုံ၊ ရပ်ကွက်က ဆယ်ရပ်ကွက်၊ ဒါပဲ . . ."

ဂွပ်ခနဲ ဖုန်းချသွားသည်။ ပြီးရော၊ ပြတ်ရောပေ့ါ။ မြို့နယ်ကသည်း အလုံဆိုတော့ လမ်းစကပိတ်ပြီ။ ပြီး ဆယ်ရပ်ကွက်ဆိုတော့ ဘူတဏန်းရပ်ကွက်ကြီး။ ဘူပိတ်သည့် သဘောလား။ ကိုယ့်ကံကြမ္မာကိုက ဆိုးလွန်းသည်။ ဖြစ်နိုင်လျှင် ပြည်လမ်းကို လူကူးမျဉ်းကျားအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မီးပွိုင့်လေးမိတုန်း ဖြတ်ပြေးလိုက်ချင်၏။

ကိစ္စက ထိုမျှနှင့် မပြီးသေးပါ။ စိတ်မော၊ လူမောနှင့် ရုံးပြန်ရောက်ရောက်ချင်း နေမျိုးကျော်က မေးတော့သည်။ ယုန်လေး ရုံးကို မလာတာလည်း သူသိနေသည်ကိုး။

"ဟေ့ကောင်၊ မင်းယုန်လေး မလာတော့ဘူးလား၊ ဝန်ထမ်းတွေတောင် ငါ့ကို လာလာမေးနေကြပြီ"

လေပူကြီးကို ထပ်မံမှုတ်ထုတ်ရသည်။

"အေးကွာ၊ ဟိုညက ငါသီချင်းဆိုလိုက်တာကိုများ စိတ်ဆိုးသွားလား မသိဘူး"

"မင်းဆီကို အဆက်အသွယ်ကို မလုပ်တော့တာလား"

သက်ပြင်းကိုထပ်ချကာ ယုန်လေး ဖုန်းဆက်သည့်အကြောင်းကိုပါ ရှင်းပြလိုက်သည်။ နေမျိုးကျော်က အတန်ကြာအောင် စဉ်းစားပြီးမှ . . .

"မင်းကလည်းကွာ၊ တကယ် ခရီးသွားလို့ ဖြစ်မှာပါ၊ မင်းပြောတဲ့အထဲမှာ မင်းကို စိတ်မဆိုးဘူးဆို . . ."

နေလတ်က ခေါင်းခါရင်း . . .

"ဒါကတော့ သူ့အပြောလေ . . ."

နေမျိုးကျော်က ခုမှပဲ သက်ပြင်းလိုက်ချပြီး . . .

"မင်းကို ငါတစ်ခုမေးမယ်နော်၊ မင်း ပွင့်ပွင့်လင်းလင်းဖြေ၊ မင်းအပေါ် ယုန်လေးရဲ့ခံစားချက် အဲ သဘောထားပေါ့ကွာ၊ ဘယ်လိုရှိလဲ၊ မင်းဘယ်လိုမြင်မိလဲ"

နေလတ် တော်တော်ဦးနှောက်စားသွား၏။ ယုန်လေးနှင့် သူ၏ပတ်သက်သမျှကို သိရက်နှင့် ပြန်စဉ်းစားရသည်။

"ဒီလိုကွာ၊ ယုန်လေးက ငါသူ့ကို ချစ်နေတာကို သိတယ် သူ့မျက်ဝန်းတွေထဲမှာလည်း ငါ့အပေါ် ခံစားချက်ရှိတာကို ငါသိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်ကွာ ယုန်လေးက ငါနဲ့မောင်နှမလို နေမယ်ဆိုတာမျိုးပေါ့၊ ငါ့ကို လမ်းစပိတ်ထားတယ်၊ ငါ့ကို ပရိုပို့(စ်)မလုပ်စေချင်တဲ့ သဘောမျိုးကွ၊ ဘာမှန်းလဲ မသိပါဘူးကွာ၊ ငါ့မှာ သိလျက်နဲ့ ပြောမထွက်ဘူးဖြစ်နေရတယ်၊ သူ့ကို ဖွင့်ပြောလိုက်ရင် စိတ်ဆင်းရဲသွားမှာလည်းကြောက်တယ် နေမျိုးကျော်ရာ၊ ယုန်လေး ဘာဖြစ်လို့ ဒီလောက်များနေနိုင်လည်း မသိဘူး"

နေမျိုးကျော်က ခေါင်းတဆတ်ဆတ်ညိတ်ပြီးမှ . . .

"မင်းအဖြစ်ကလည်း ငှက်ပျောသီးကို နွှာမစားရဲသလို ဖြစ်နေပြီ"

"ဘာ . . ငှက်ပျောသီး ဟုတ်လား၊ မင်းကွာ . . ."

နေလတ်ပင် ကြောင်သွားရ၏။ ဒီလောက် စိတ်ဆင်းရဲရသည့်ကြားထဲ ဒီကောင်လာနောက်နေသေးသည်ဟု မှုန်ကုတ်ကုတ်ဖြင့်ကြည့်မိသည်။ နေမျိုးကျော်က နောက်ဟန်မရှိဘဲ . . .

"ဒီလိုလေကွာ၊ ငှက်ပျောသီး အခွံနွှာစားတာထက်တောင်လွယ်သေးတယ်လို့ ပြောကြတာ မင်းကြားဖူးမှာပေါ့၊ လူတွေက ငှက်ပျောသီးကို အထဲမှာ ဘာရှိလဲဆိုတာမသိလို့ နွှာစားနေတာ မဟုတ်ဘူး၊ သိတာပဲလေ၊ ဒါပေမယ့် အခွံမနွှာဘဲ စားလို့မှမရတာ၊ ခုမင်းလည်း ယုန်လေးရဲ့ရင်ထဲမှာ ဘာရှိနေလဲဆိုတာ မင်းသိတယ်ကွာ၊ အဲဒါကို မင်းက ခွာစား၊ အဲ ခွာချလို့မရဘူး၊ ဒီအတိုင်းလေးပဲ ကြည့်နေရသလိုဖြစ်နေတာပေါ့၊ လွယ်မလိုနဲ့ ခက်နေတာကို ပြောတာ"

စိတ်ညစ်နေရသည့်ကြားက နေမျိုးကျော်၏ ပြောင်မြောက်လှသော ဥပမာကို အတော်အောင့်အီးသည်းခံယူရသည်။ ရှင်းရှင်းလေးကိုရှုပ်နေ၍ ဆက်ပြီးမတိုင်ပင်ရဲလောက်အောင် ဖြစ်သွားသည်။ နေမျိုးကျော်က သူ့ဥပမာကို သူ့ဟာသူ သဘောပေါက်သွားပုံရ၏။ ထပ်မံပြောင်းဖြသာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တာကတော့ ယုန်လေးမှာ မင်းမသိစေချင်တဲ့ကိစ္စ ဥပမာ မိသားစုကိစ္စပေါ့ကွာ၊ အဲဒီလိုမျိုးများ ရှိနေသလားလို့၊ ဒါပေမယ့် မင်းကိုတော့ အကြောင်းမဲ့ စွန့်ခွာသွားမှာ မဟုတ်ဘူးလို့တော့ ငါယုံတယ်"

"ဘာကိုကြည့်ပြီး ယုံတာလဲ"

ခပ်ပြတ်ပြတ်ပင် မေးလိုက်သည်။ နေမျိုးကျော်က . . .

"ငါပြောပြမယ်၊ ယုန်လေးက မင်းကို စာမေးပွဲပြန်ဖြေမယ်လို့ ဂတိပေးထားတယ်နော်၊ ပြီးတော့ သူကိုယ်တိုင်လည်း အောင်ချင်တယ်၊ အဓိက ငါယုံတာကတော့ မင်းတို့နှစ်ယောက်ရဲ့ သံယောဇဉ်ကိုပဲ၊ ငါက ဘေးလူပေမယ့် မြင်တတ်ပါတယ်ကွာ၊ ယုန်လေး မင်းဆီပြန်ကိုလာလိမ့်မယ်"

ဒီစကားကိုတော့ နေလတ် ကြည်နူးကျေနပ်မိသည်။ သူကိုယ်တိုင်လည်း ဒီလိုတွေးမိသည်ပဲလေ။ နေမျိုးကျော်ကပဲ မေးလာပြန်သည်။

"ဒါနဲ့ . . မင်းဆီ ယုန်လေးဖုန်းဆက်တဲ့ ပတ်ဝန်းကျင်ကို ရောက်သေးလား"

ဘူပိတ်နေသည့် နေရာကို မေးဟန်တူသည်။ နေလတ်က-

"ဘယ်နေပုံမလဲ နေမျိုးကျော်ရာ၊ ရောက်တာပေါ့၊ ဘာမှတို သဲလွန်စ မရပါဘူးကွာ"

ပြောရင်းနှင့် စိတ်က ပြန်ပြီးညစ်နွမ်းလာသည်။

"မင်း ယုန်လေးနဲ့ပတ်သက်ပြီး ဘာတွေသိထားသေးလဲ"

သိပ်စဉ်းစားစရာ မလိုပါ။ နေလတ် ချက်ချင်းပဲ ပြောလိုက်၏။

"ငါ ယုန်လေးနဲ့ပတ်သက်ပြီး သိတာအားလုံးဟာ ယုန်လေး ရဲ့ စိတ်နဲ့ခန္ဓာပဲ၊ ကျန်တာ ဘာတစ်ခုမှ မသိဘူး၊ ယုန်လေးကလည်း သိခွင့်မပေးခဲ့ဘူး"

နေမျိုးကျော် ဘာမှထပ်မမေးတော့ပါ။ ခေါင်းတညိတ်ညိတ်



www.burmeseclassic.com

www.burmeseclassic.com



သာလုပ်နေ၏။ သူလို ဝါရင့်မန်နေဂျာလည်း ဒီကိစ္စကို မရှင်းလင်းနိုင်ကြောင်းသိ၍ ထိုသို့လုပ်နေခြင်း ဖြစ်နိုင်သည်။ နေလတ်လည်း ရုံးခန်းဘေးပြတင်းပေါက်မှ အပြင်ကို ငေးနေလိုက်သည်။ လေအဝှေ့မှာ လွင့်ကြွေနေသော သစ်ရွက်ခြောက်ကလေးများကိုယ်စား သူကိုယ်တိုင် နာကျင်ဆွေးမြေ့နေလိုက်ပါသည်။

* * * *

ဒီကြားထဲ နီဂရိုးအိမ်ဂျယ်မှာစောင့်ရင်း တစ်ခါက ယုန်လေးနှင့်ပတ်သက်ပြီး Game ဆိုင်မှာ သူနှင့်ငြိဖူးသော လင်းညို့သွေးဆီသို့ သွားစုံစမ်းဖြစ်သေးသည်။ ငယ်သူငယ်ချင်းဟု ပြောသံကြားဖူး၍လည်း ဖြစ်သည်။ ရည်းစားရနေပြီဖြစ်သော လင်းညို့သွေးက အငြိုးအတေး မထားဘဲ ပြေပြေလည်လည် ဖြေပါသည်။ သို့သော်လည်း ဘာမှရေရေရာရာ မသိခဲ့ရ။ ယုန်လေး၏ အိမ်လိပ်စာကိုလည်း မသိရပါ။ ထူးထူးခြားခြားအနေဖြင့် ယုန်လေးကျောင်းတက်စဉ်က စာတော်ပြီး မိန်းကလေးလိုပဲ ဝတ်စားကြောင်းသာ သိခဲ့ရသည်။ နေလတ်လည်း ယုန်လေးအကြောင်းကို ရသလောက်စုံစမ်းပေးရန် အကူအညီတောင်းကာ ဖုန်းနံပါတ်ပေးထားခဲ့၏။ အတော်စိတ်ရှုပ်လွမ်းဆွေးရသော ကာလများဖြစ်သည်။

ထိုသို့ဖြင့် ရက်တွေက တစ်လနီးပါးပင် ကြာခဲ့ပြီ။ ယုန်လေးနှင့်ပတ်သက်ပြီး လက်လျှော့ရမလို ဖြစ်နေ၏။ သူစိတ်လေနေမှန်းသိ၍ နေမျိုးကျော်က အလုပ်ထဲအာရုံနှစ်ထားရန် အကြံပေးလာသည်။ နေလတ်လည်း ယုန်လေးကို သတိရစိတ် သက်သာစေလိုခြင်းဖြင့် နေမျိုးကျော်စကားကို လက်ခံမိသည်။ ယုန်လေးကို တစ်ရက်မှမမေ့မရသော်လည်း အသဲကွဲသမားကြီးလို နေလို့ဖြစ်မည်မဟုတ်။ ပွဲပွားရေးက



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်လေ။

အလုပ်တွေ ကုန်းရုန်းပြီး ပြန်လုပ်နေသောကြောင့် နိဂရိုး အိမ်ဂျယ်သို့ပင် နေ့တိုင်းမရောက်ဖြစ်ချေ။ ရောက်သည့်နေ့တွေမှာလည်း ဘာမှမထူးခြားပါ။ အကြောင်းသိသော ဝိတ်တာလေးကပင် နှစ်သိမ့် သလို ပြုံးပြနေတတ်ပြီ။ နေလတ်၏ ရင်ထဲမှာတော့ မျှော်လင့်ချက် အနည်းငယ်က ကြွင်းကျန်နေဆဲဖြစ်၏။

* * * *

နေမျိုးကျော်နှင့် အလုပ်ကိစ္စဆွေးနွေးနေစဉ် ဖုန်းထမြည်လာ၍ နေမျိုးကျော်က ထကိုင်ပြီး မင်းဖုန်းဟု ရုပ်တည်နှင့် လှမ်းပြော၏။ မိမိဆီဆိုလျှင်တော့ နိုင်ငံခြား (over sea) ဖုန်းဖြစ်မည်။ နေလတ် အသာထပြီး သွားကိုင်လိုက်သည်။

"ဟလို . . နေလတ်ပါ"

"ကိုကြီးလား . . ."

လက်ထဲကဖုန်းပင် လွတ်ကျချင်သွား၏။ ဒီအသံလေးကို မမှတ်မိစရာ အကြောင်းမရှိ။ နေမျိုးကျော်ကို လှမ်းကြည့်တော့ ခွေး ကောင်က စပ်ဖြီးဖြီးနှင့် ကြည့်နေ၏။ ယုန်လေးဆိုသည့်အသိနှင့် တစ် ကိုယ်လုံးရှိသွေးတွေက ဆူပွက်လာသလို ခံစားလိုက်ရသည်။ ကမန်း ကတမ်းပင် မေးလိုက်၏။

"ဟာ . . ယုန်လေး . . ယုန်လေး . . ဘယ်မှာလဲ၊ ဘယ်က ဆက်နေတာလဲ၊ ဘယ်ကိုလာခေါ်ရမလဲ၊ အရမ်းတွေ့ချင်တယ် ယုန်လေး ရယ်၊ ဘာဖြစ်လို့ မဆက်သွယ်တာလဲ၊ ပြောလေ . . ခုဘယ်မှာလဲ"

"အာ . . ကိုကြီးမေးခွန်းတွေကလည်း များလိုက်တာ"

ဘယ်လိုပြောပြော မရတော့ပါ။ ပိုတယ်လို့ပင်လည်း မရှက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့။ လိုပင်လိုနေသေးသည်။

"ယုန်လေး . . ငါ့ကိုပြောကွာ၊ ဘယ်မှာလဲလို့"

ယုန်လေးက အသံချိုချိုလေးနှင့် တခစ်ခစ်ရယ်ပြီး . . .

"ကျွန်တော်က အဝေးကြီးမှာ . . ."

"ဘယ်လောက်ဝေးဝေးကွာ . . ."

"ဟင်း . . ဟင်း . . ကိုကြီးလာနိုင်လို့လား"

"ပြော . . ဘယ်မှာဖြစ်ဖြစ် ရောက်အောင်လာမယ်"

ပြောရင်းနှင့် ကိုရိုးယားမှာဆို ဒုက္ခဟု မဆီမဆိုင် တွေးမိသေး၏။ လေယာဉ်လက်မှတ်က ချက်ချင်းလွယ်ပါ့မလား။ သို့သော် ကိုရိုးယားမှာ မဟုတ်ပါ။ တီဗွီထဲမှာ နေ့စဉ်ဇာတ်လမ်းတွဲ ကြည့်နေရသော တောင်ကိုရီးယားက မဟုတ်ပါ။

ယုန်လေးက . . .

"ဒါဆိုလည်း လာခဲ့ပေါ့၊ ကျွန်တော်က . . ."

စကားကို အသဲယားအောင် ဖြတ်ထားပြီးမှ . . .

"နီဂရိုးအိမ်ဂျယ်မှာ . . ."

ဟုပြောရင်း ဖုန်းချသွားလေသည်။ နေလတ်လည်း ဖုန်းပင်ပြန်မတင်နိုင်ဘဲ လွှတ်ချကာ ပြေးထွက်လာခဲ့၏။ ဆိုင်ရှေ့ရောက်မှ အရှိန်သတ်ရသည်။ တဒိုင်းဒိုင်းခုန်နေသည့် ရင်ခုန်သံများဖြင့် ဆိုင်ထဲဝင်သွားလိုက်သည်။ သူ့ကို အမျိုးမျိုးစိတ်ဒုက္ခပေးသော လဒမလေးက အရင်ဒီဇိုင်းနှင့်ပင် ခပ်တည်တည်လေးထိုင်နေ၏။

နေလတ်လည်း မပြေးရုံတမယ်သွားပြီး မေးလိုက်သည်။

"ယုန်လေးရာ၊ ဘယ်တွေများ သွားနေတာလဲ"

ခရီးသွားထားတာ ပင်ပန်းနေလို့လားမသိ။ ယုန်လေးအသားတွေညိုပြီး အနည်းငယ်ပင် ပိန်သွားသည်ဟုထင်သည်။ ယုန်လေးက ခပ်နွမ်းနွမ်းလေးပြုံးပြပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ခု ပြန်လာပြီပဲ ကိုကြီးရာ၊ ပြီးပြီပေါ့"

ခပ်ပေါ့ပေါ့လေးပြောသည့် ယုန်လေးစကားကြောင့် နေလတ် ရင်ထဲ ကျဉ်ခနဲဖြစ်သွားသည်။ ယုန်လေးက သူ့အကြည့်ကို သဘော ပေါက်သွားပုံရ၏။

"ဟိုလေ . . ကျွန်တော်ဆိုလိုတာက ဘယ်ကိုပဲသွားသွား ကိုကြီးဆီပြန်လာဖို့က အဓိကလို့ ပြောတာပါ"

ပြောရင်း ယုန်လေးမျက်နှာက ရှက်ဟန်လေးဖြစ်သွား၏။ နေလတ်လည်း ရင်ထဲမှာ ကြည်နူးသွားသည်။

ယုန်လေးကို စူးစိုက်ကြည့်ရင်း . . .

"ယုန်လေး . . ငါလေ . . ."

ယုန်လေးက စကားကိုဖြတ်ပြီး . . .

"စာမေးပွဲက သိပ်မလိုတော့ဘူးနော်၊ စာတွေ မနည်းလိုက် ကျက်ရမှာ . . ."

စကားအသွားအလာကို နေလတ် သဘောပေါက်လိုက်၏။ ယုန်လေး စကားလမ်းကြောင်းလွှဲနေပြီ။ နေလတ်လည်း စိတ်ထဲက မချင့်မရဲဖြစ်မိသွားပြီး မေးချလိုက်သည်။

"ယုန်လေး . . ယုန်လေးက ငါ့အပေါ် ဘယ်လိုသဘောထား နေတာလဲ"

"ကိုကြီးကိုလား၊ ပြောဘူးတယ်လေ၊ အကိုတစ်ယောက်လို သဘောထားပါတယ်လို့"

ယုန်လေးက သိပ်အရေးမကြီးသလို အေးစက်စက်လေးပြော သည်။ ယုန်လေး အတင်းဖုံးကွယ်နေသည့် မျက်ဝန်းထဲက အကြွရာ များကိုလည်း နေလတ် နားလည်ပါသည်။ နေနိုင်လှချည်လား ယုန်လေး ရာ။ နေလတ်ရင်ထဲ ဆို့ကျဉ်မွန်းကျပ်လာသည်။ ခုချိန်မှာ ဘယ်လိုပဲ နေရ၊ နေရ ယုန်လေး အနားကပျောက်သွားမှာ ဖိုးရိမ်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုန်လေး . . ဟို . . စာမေးပွဲဖြေပြီးရင်ကော ဒီလိုထွက် . . ထွက်သွားဦးမှာလား"

သက်ပြင်းချသံကို အရင်ကြားရ၏။ ယုန်လေးက သူ့ကိုမကြည့်ဘဲ အဝေးကိုငေးရင်း . . .

"ဖြစ်နိုင်ရင်တော့ မသွားချင်ပါဘူး ကိုကြီးရာ၊ ဒါပေမယ့် . . "

ယုန်လေးအသံက တိမ်ဝင်ပျောက်ကွယ်သွား၏။ ယုန်လေး တစ်ခုခုကို ခံစားနေရမှန်း သိသာပါသည်။ ဘယ်လိုအခက်အခဲကများ သူတို့ကြားမှာ တားဆီးနေပြီလဲ။ ဖြေရှင်းလို့ မရနိုင်ဘူးလား။ သူ ယုန်လေးကို ချစ်ခွင့်မရတော့ဘူးလား။ ယုန်လေးကကော သူ့ကို ချစ်ခွင့် မရှိရတော့ဘူးလား။ ရင်ထဲမှာ မေးခွန်းတွေ ဆူညံလွန်းလှသည်။

ယုန်လေးကို မြတ်နိုးစွာကြည့်ပြီးနောက် ခိုင်ကျည်စွာ ပြောလိုက်၏။

"ငါ့အနားက အဝေးကြီးမသွားပါနဲ့ ယုန်လေးရယ်၊ ယုန်လေးကို ညီမလေးတစ်ယောက်လိုနေဆိုလည်း ငါတစ်သက်လုံးစောင့်ရှောက်ပြီး နေချင်လို့ပါ"

"ကျွန်တော်လည်း ခုလိုပဲ နေချင်ပါတယ် ကိုကြီးရယ်"

နှစ်ယောက်ကြားတွင် တိတ်ဆိတ်မှုက ရုတ်ချည်းဝင်ရောက်လာ၏။ ယုန်လေးမျက်ဝန်းထဲကဝေ့နေသည့် မျက်ရည်စများနှင့်ထပ်တူ နေလတ်ရင်ထဲမှာလည်း ဆွတ်ပျံ့နာကျင်နေသည်။ ခွက်ထဲက ကော်ဖီတွေလည်း အေးစက်ကုန်ပြီ။ တစ်စုံတရာသည်လည်း အေးစက်ချင်ယောင်ဆောင်နေကြောင်း နှစ်ဦးသားမပြောဘဲ သိနေကြပြန်၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

နောက်ပိုင်းရက်များသည် ယုန်လေးနှင့်သူ ပိုပြီးနီးကပ်လာသလို နေလတ်ခံစားမိသည်။ ယုန်လေး၏ မျက်ဝန်းများကို ဘာသာစကားမဲ့ နားလည်နေပြီဖြစ်သော်လည်း နေလတ် ဖွင့်မပြောဖြစ်သေး။ စာမေးပွဲက နီးကပ်နေပြီမို့ ဒီကြားထဲ ယုန်လေးကို စိတ်အနှောင့်အယှက်မပေးချင်ပါ။ စိတ်ရှင်းရှင်းနှင့် စာမေးပွဲကို အောင်‌အောင်မြင်မြင်ဖြေစေချင်သည်။ စာမေးပွဲပြီးလျှင်တော့ သူ ယုန်လေးကို ဖွင့်ပြောတော့မည်။ မည်သည့်အခက်အခဲ၊ အတားအဆီးကိုမဆို ရင်ဆိုင်လိုက်မည်ဟု ဆုံးဖြတ်ထား၏။ ယုန်လေးဘက်မှာ ဘယ်လိုကိစ္စမျိုးတွေရှိနေလဲ ဘယ်လိုများ တုန့်ပြန်လာမည်လဲ။ နေလတ်လည်း ကိုယ့်စာမေးပွဲကိုယ်ရင်ခုန်နေပြန်သည်။

ဘာမှမဖြစ်ကြသေးသော်လည်း ယုန်လေးနှင့် နေလတ်တို့ကို ပျော်ပျော်ရွှင်ရွှင် မြင်နေရသောကြောင့် နေမျိုးကျော်ဘာမက တစ်ရုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကျေနပ်အားရနေကြသည်။ နေလတ် မင်္ဂလာဆောင်လျှင်ပဲ ကံစမ်းမဲထပ်ဖောက်ပေးမည်များ ထင်နေကြ၍လားမသိ။ နေမျိုးကျော် ဆီမှတစ်ဆင့် လျှို့ဝှက်သတင်းကို စုံစမ်းနေကြသည်။ အကြောင်းသာ သိလို့ကတော့ နေလတ်အတွက် စုတ်တသပ်သပ် ဖြစ်ကြပေဦးမည်။

တစ်ရက်ယုန်လေးကို နေလတ်စာသင်နေစဉ်မှာပဲ နေမျိုးကျော် က ခဏဟုလှမ်းခေါ်၏။ အရေးကြီးကိစ္စထင်၍ နေလတ် ယုန်လေးကို စာကျက်နေရန်ပြောပြီး ထသွားလိုက်သည်။ အရေးကြီးကိစ္စ မဟုတ်ပါ။ သူ့သူငယ်ချင်း (ဝါ) နွယ်နီ၏ဘဲ (ဝါ) အဖဦးအောင်တင်၏သား သဘော်သား မြတ်ကျော်လေးပေတည်း။ နေလတ် စိတ်ညစ်သွားသည်။ ယုန်လေး နှင့်ရှိနေစဉ် ဘယ်ခွေးတစ်ကောင်၊ ကြောင်တမြီးမှ မတွေ့ချင်ပါ။ မြတ်ကျော်ကိုတော့ တွေ့ရပေမည်။ (ခွေးမဟုတ်၍လည်း ဖြစ်သည်။ မတန်မရာနိူင်း၍ ဘဝင်မမြင့်ပါနှင့်။)

"ဟော့ကောင် . . မြတ်ကျော်က ပြောစရာရှိလို့တဲ့"

နေမျိုးကျော်စကားကြောင့် နေလတ်က စိတ်ညစ်သွားဟန် ဖြင့် . . .

"မြတ်ကျော်ရာ၊ ပြောစရာရှိတာများ ဖုန်းဆက်လိုက်ပေါ့ကွာ"

မြတ်ကျော်က သူနှင့်ယုန်လေးအကြောင်းကို သိထားသလို တဟဲဟဲရယ်သေးသည်။ ပြီးမှ . . .

"ဘာလဲ . . မင်းက မင်းရဲ့ရွှေရောင်အချိန်လေးတွေကို ငါဖျက် စားလို့ပေါ့လေ၊ ဟုတ်လား"

ဒီကဗျာရှူးနဲ့တော့ ခက်ချေပြီ။ နွယ်နီခမျာ ဒီကောင့်ကို လင် လုပ်ရမှာ ရင်လေးမိသေးသည်ဟု မဆီမဆိုင် တွေးမိသေး၏။

"မဟုတ်ပါဘူးကွာ၊ မင်းကလည်း . . ."

"အေးကွာ၊ ငါလည်း မင်းရဲ့ဝိရောဓိညနေလေးကို ဘာခိုးယူ တာ မဟုတ်ပါဘူး"

www.burmeseclassic.com



ထိုသို့ပင် ထပ်ပြောနေသေးသည်။ ဘယ်လိုသဏ္ဍာန်မှန်းကို မသိတော့။ ပြောဆိုဆုံးမ၍ ရသည့်ပုံလည်း မပေါ်ပါ။ နေမျိုးကျော်ပင် အူကြောင်ကြောင်ဖြစ်ကာ ခေါင်းကုတ်နေပြီ။ ထို့ကြောင့် နေလတ်လည်း ရှေ့မျက်နှာရှေ့မှာပဲထားပြီး . . .

"ဘာမှကို မဟုတ်ပါဘူးကွာ၊ မင်းလာတာ ရုံးမသန့်ဖြစ်သွားလို့"

"ဟာကွာ၊ မင်းနော် . . နေလတ်"

"ထားလိုက်ပါကွာ၊ မင်းကိစ္စကိုပဲပြောပါ၊ မင်းပြန်မှပဲ ရုံးကို သွားနိုင်နဲ့ ဆေးချလိုက်ပါ့မယ်"

မြတ်ကျော်လည်း မျက်နှာကြီးမဲကာ နည်းမျိုးစုံနှင့်ဆဲတော့၏။ နေမျိုးကျော်လည်း ဘေးက တဟားဟားနှင့် ဖြစ်နေသည်။ အဆဲအဆို၀,သွားမှ မြတ်ကျော်က . . .

"ဟေ့ကောင် . . ငါတို့ အခုပြောမယ့်ကိစ္စက မင်းအတွက်လည်း ပါတယ်နော်"

ငါတို့ဆို၍ နေမျိုးကျော်ကို လှမ်းကြည့်မိသည်။ ဒီနှစ်ကောင် ဘာတွေကြံစည်ထားသနည်း။ နေမျိုးကျော်က ဟီးခနဲရယ်ပြ၏။ ဒီနှစ်ကောင်ပေါင်းထားသည့် 'ငါတို့' က မကောင်းသော အတွေး၊ မကောင်းသော အကြံအစည်များ ဖြစ်နိုင်သည်။ (ထိုသို့ဆို၍ 'ငါတို့' စာပေနှင့်မပတ်သက်ပါ။ ကျွန်တော့်ကို ဦးစန်းမွန်အောင် လာရိုက်မှာစိုး၍ ရှင်းပြရခြင်း ဖြစ်ပါသည်။ စာရေးသူ) သိပ်မယုံရသော်လည်း နေလတ်က ဆက်ပြောဟု ခေါင်းဆတ်ပြလိုက်၏။

"ဒီလိုကွာ၊ ငါနဲ့ နေမျိုးကျော် ဟိုတစ်နေ့ကသောက်ရင်း စကားစပ်မိကြသေးတယ်"

မူးမူးရူးရူးနဲ့ မျိုးကောစပ်မိကြသေးလားဟု နေလတ်က မညာမတာ တွေးမိသေးသည်။ မျိုးစပ်မိကြပုံမပေါ်၍ မျက်နှာမှာ မသက်သာ



www.burmeseclassic.com

www.burmeseclassic.com



စရာ ဘာအရိပ်အယောင်မှ မပေါ်သော နေမျိုးကျော်က ဝင်ပြောပြန်သည်။

"ဟုတ်တယ်ကွ၊ မြတ်ကျော်က သဘော်ပြန်မတက်ခင် သူငယ်ချင်းတွေနဲ့ ချောင်းသာဖြစ်ဖြစ် အပန်းဖြေသွားချင်တယ်ဆိုတာနဲ့ ငါလည်း ရုံးကဝန်ထမ်းတွေပါ တစ်ခါထဲလိုက်ပို့လိုက်ရင် ကောင်းမလားလို့ပါ၊ သူများကုမ္ပဏီတွေဆိုရင် ဒီလိုပဲ လိုက်ပို့ကြတယ်လေ၊ အလကားတော့ မဟုတ်ဘူးပေါ့ကွာ၊ လိုက်ချင်တဲ့သူကို သကြံန်ကျရင် ဘောနပ်(စ်) (Bonus) မပေးတော့ဘူးပေါ့၊ ဘယ်လိုလဲ"

နှစ်ကောင်စလုံးကို တစ်လှည့်စီကြည့်ရင်း နေလတ် သဘောပေါက်သွားပါသည်။ ဒီနှစ်ကောင် ချောင်းသာမှာ အတွဲလေးကိုယ်စီနဲ့ တဲချင်၍ ဒီအဆိုကို တင်သွင်းလာခြင်း ဖြစ်မည်။ သူ့အကြည့်ကို မြတ်ကျော်က မလုံဟန်ဖြင့် . . .

"ဟေ့ကောင် . . ပေါက်ကရတွေ တွေးမနေနဲ့ဦး၊ မင်း . ."

"မင်းပြောတာ ဘယ်ပေါက်ကရကို ပြောတာလဲ"

"ဟာကွာ . . နေလတ်၊ အေးကွာ . . ရှင်းရှင်းပဲပြောတော့မယ်၊ ငါနဲ့နေမျိုးကျော်လည်း ငါတို့ကောင်မလေးတွေနဲ့ အပျော်ခရီးသွားချင်တာအမှန်ပဲ၊ ဒါပေမယ့် မင်းရဲ့မပြီးသေးတဲ့ ပန်းချီကားကို ကမ်းခြေမှာ ပင်လယ်လှိုင်းတွေနဲ့ စုတ်ချက်ကြမ်းကြမ်းရေးဆွဲပြီး အပြီးသတ်စေချင်လို့ကွ"

ဒီတစ်ခါ မြတ်ကျော်ကဗျာဆန်တာကိုတော့ နေလတ် ခံစားယိုရသွားသည်။ ခေါင်းထဲမှာလည်း ယုန်လေးကို စာမေးပွဲပြီးလျှင် ချောင်းသာသို့လိုက်ပို့၊ ဟိုမှာဖွင့်ပြော၊ အမှတ်တရ ခုရိုးစဉ်လေး ဖြစ်သွားမည်ဟု တဆက်တည်း တွေးမိလိုက်သည်။

"အဟီး . . ကောင်းသားပဲကွ၊ ငါလည်း ကမ်းခြေရောက်တာကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ . . အဲဒီကိစ္စတစ်ခုထဲတော့ သွားချင်တာ မဟုတ်ဘူးဆိုတာ သိပါတယ်ကွာ"

"မင်းတို့ကော ဘာထူးလို့လဲ"

နေလတ်က ဘုပြောလိုက်၏။ နေမျိုးကျော်က စဉ်းစားမိဟန်ဖြင့် . . .

"ဟော့ကောင် . . နွယ်နီနဲ့ အစိတ်သားက ရုံးဝန်ထမ်းဆိုတော့ သူတို့အိမ်က ထည့်မှာပဲ၊ မင်းယုန်လေးကကော လိုက်လို့ရပါ့မလား"

ပြောမှ နေလတ်လည်း စိတ်ပူသွားမိသည်။ ယုန်လေးကို သူ့အိမ်က မလွှတ်လျှင်ခက်မည်။ သို့သော် ဒီကိစ္စက ယုန်လေးကို မေးကြည့်မှ သိရမည်မို့ . . .

"အေးကွာ၊ မပြောတတ်သေးဘူး၊ ယုန်လေးကိုတော့ ရအောင် ခေါ်ကြည့်ရမှာပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ ယုန်လေးစာမေးပွဲပြီး တစ်ရက်နှစ်ရက်လောက်မှာ သွားဖို့စီစဉ်ထားလိုက်၊ ယုန်လေးမလိုက်ဖြစ်လဲ ငါတို့သွားကြတာပေါ့"

ကိုယ်အဆင်မပြေမှ မသွားဘူးထင်နေမှာစိုးသောကြောင့် နေလတ်က တစ်ခါထဲ ပြောထားလိုက်သည်။ နေမျိုးကျော်က သူ့စကားကို နားမလည်စွာဘဲ . . .

"ခေါ်ကြည့်ဦးလေကွာ၊ အဆင်ပြေမှာပါ"

နေလတ်က ခေါင်းအသာညိတ်ပြလိုက်၏။ လာရင်းကိစ္စပြီးသွားပြီဖြစ်သဖြင့် မြတ်ကျော်က ဟန်ပင်မဆောင်နိုင်ဘဲ ထရပ်ကာ . . .

"ဒါဆိုလည်း ငါပြန်တော့မယ်ကွာ၊ နေမျိုးကျော် ဒီညနေ နွယ်နီပြန်လာရင် ငါလာကြိုမယ်လို့ပြောလိုက်"

"အေး . . အေး"

"ဟော့ကောင် . . မင်းအခုပြန်တော့မှာလား"

နေလတ်လှမ်းမေးလိုက်၍ မြတ်ကျော်က သွားမည့်ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ ဇဝေဇဝါလှည့်ကြည့်ပြီး . . .

"အေးလေ . . အခုပြန်မှာပေါ့၊ ဘာဖြစ်လို့လဲ"

"ဩော် . . အခုပြန်ရင်လေ . . အဟဲ"

"ဘာလဲကွာ၊ အခုပြန်ရင် ဘာဖြစ်လဲ"

စိတ်တိုလာသည့် မြတ်ကျော်ကို နေလတ်က ရယ်ကျဲကျဲနှင့် ကြည့်ကာ . . .

"အခုပြန်ရင် မင်း . . ပြန်သွားလိုက်လို့ ပြောမလို့ပါ၊ ဟဲ . . ဟဲ . . ."

"အေပေး . . တော်ပြီကွာ၊ ပြန် . . အဲ သွားပြီ"

"အေးအေး မင်းသွားတော့လည်း ရှုံးသန့်သွားတာပေါ့ကွာ"

မြတ်ကျော်တစ်ယောက် စူပွစူပွပြောရင်း ပြန်သွားလေသည်။

* * * *

တိုင်ပင်တာ အနည်းငယ်ကြာသွားသောကြောင့် ပြန်ရောက်ရောက်ချင်း ယုန်လေးက စပ်စုသေးသည်။

"ကိုကြီး . . ဘာတွေပြောနေလို့ ဒီလောက်ကြာနေတာလဲ"

"ဒီလိုပါပဲ၊ အလုပ်ကိစ္စပါ"

နေလတ်က ပြီးပြီးရောဆိုပြီး ဖြေလိုက်၏။ စာသင်နေသည့် အချိန်အတွင်း ဒီလိုလာခေါ်ခြင်းမရှိ၍ ယုန်လေးက ထိုအဖြေကို သိပ်ဘဝင်ကျသည်မဟုတ်။ မျက်စောင်းတစ်ချက်လှမ်းထိုးရင်း . . .

"ဘာလဲ ကျွန်တော့်အကြောင်း ပြောနေကြတာလား"

"မဟုတ်ပါဘူးကွာ၊ ယုန်လေးကလည်း ကဲ စာပြန်သင်မယ်"

ယုန်လေးက နှုတ်ခမ်းလေးစူပြီး စာအုပ်ပြန်ဖွင့်နေစဉ်မှာပဲ နေလတ်ဟန်းဖုန်းက ထမြည်လာပြန်သည်။ နံပါတ်ကို မကြည့်လိုက်ရ။



www.burmeseclassic.com

www.burmeseclassic.com



"ဟလို . . နေလတ်ပါ"

"ဟာ . . အကို၊ ကျွန်တော်ပါ လင်းညို့သွေး . . ."

"အေးပြော၊ ခဏလေး သိပ်မကြားရလို့"

ခပ်တည်တည်နှင့်ပြောရင်း အခန်းထဲက အပြင်ပြန်ထွက်ရပြန်သည်။ လင်းညို့သွေးနှင့် ဒီလိုအဆက်အသွယ်ရှိတာကို ယုန်လေးသိလို့ မဖြစ်ပါ။

လင်းညို့သွေးက . . .

"အကို . . စုံစမ်းခိုင်းထားတာလေ၊ မိုးပြည့်အိမ်လိပ်စာ သိရပြီဗျ"

နေလတ်က ဝမ်းသာအားရစွာပဲ . . .

"အေးပြော ညီလေး၊ ကျေးဇူးပဲကွာ"

လင်းညို့သွေးပြောသည့်လိပ်စာကို အမြန်လိုက်မှတ်လိုက်၏။ ကိုယ့်ကိစ္စကို ကူညီ၍ နောက်မှပဲ လိုက်ပြုစုမည်ဟု ခပ်တိုတိုပြောရင်း စကားဖြတ်လိုက်ရသည်။ ပြန်ဝင်လာတော့ ထင်သည့်အတိုင်းပင်။ မရွှေချောလေးက စိတ်ကောက်နေလေပြီ။

"ကဲ ပြောပါဦး၊ ဒီမှာပြောလို့မရအောင် ဘယ်ကဖုန်းမို့လို့လဲ"

"ငါ့သူငယ်ချင်းပါကွာ၊ အခန်းထဲက လိုင်းမမိလို့ပါ"

"မိန်းကလေး မဟုတ်လား"

အတင်းမယုံသင်္ကာဖြစ်နေသော ယုန်လေးကိုကြည့်ပြီး နေလတ်စိတ်ထဲက ပျော်သွားသည်။ ဒီလိုဖြစ်တာ သူ့အပေါ် ခံစားချက်ရှိလို့ဖြစ်မည်။ နေလတ်က စချင်သွားပြီး . . .

"အေး ဟုတ်တယ်၊ ဟာ မဟုတ်ပါဘူး၊ ယောကျ်ားလေးပါ၊ နိုင်ငံခြားက ဆက်တာပါ"

စကားမှားသလိုလုပ်လိုက်၍ ယုန်လေး၏ မျက်ခုံးလေးနှစ်ဖက်စုသွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး၊ နိုင်ငံခြားက အဆက်ဟောင်းဖြစ်မှာပေါ့"

နေလတ်က မဖြေဘဲ ပြုံးစိစိလုပ်နေလိုက်သည်။ ယုန်လေးက ဝိုပြီးသံသယဝင်သွားဟန်နှင့် . . .

"ကိုကြီး . . ဟုတ်တယ် မဟုတ်လား၊ မှန်မှန်ဖြေနော်"

"ဘယ်ကဟုတ်ရမှာလဲ၊ ငါ့ရည်းစားဟောင်းဆို ဆက်ပါ့မလား"

"သိဘူးလေ၊ ခုမှ နိုင်ငံခြားက ပြန်လာမယ်ဆိုပြီး ပြန်ဆက်ချင်လို့ ဖြစ်မှာပေါ့"

အရေးထဲ ဒင်းက ရုပ်ရှင်ထဲကလို တွေးနေသေးသည်။ နေလတ်စိတ်ထဲ ယုန်လေး၏ သဝန်တိုမှုကို မထင်မှတ်ပဲ သိလိုက်ရသဖြင့် ပျော်ရွှင်စွာပင် ဖြေရှင်းလိုက်၏။

"ပြည်တွင်းမှာလည်း မရှိဘူး၊ ပြည်ပမှာလည်း မရှိဘူး၊ မိန်းကလေးနဲ့ ပတ်သက်တာဆိုလို့ ယုန်လေးတစ်ယောက်ပဲရှိတာ၊ ဒါတောင်ယောကျ်ားလိုလို မိန်းမလိုလိုနဲ့ သိပ်သဲကွဲတာ မဟုတ်ဘူး"

"ကိုကြီးနော်၊ လိုက်စမနေနဲ့၊ မဟုတ်ရင်လည်း ပြီးရော . . "

ယုန်လေးက ကျေနပ်သွားသော အသံနှင့်ပင် ဟန်လုပ်ကာ မာန်သေး၏။ ပြီးမှ . . .

"ရည်းစားမထားပါနဲ့ ကိုကြီးရာ၊ အဲ . . ကျွန်တော်မရှိမှ ထားချင်ထားပေါ့"

ယုန်လေးစကားကြောင့် နေလတ် တွေဝေသွားမိသည်။ စိတ်ထဲကလည်း တစ်စုံတစ်ခုကို စဉ်းစားမိပြီး . . .

"ဘာလဲ . . ယုန်လေးက ငါ့အနားက ထွက်သွားဦးမလို့လား"

"အာ . . သဘောကိုပြောတာ၊ သဘောကိုပြောတာ"

ယုန်လေးက ပြုံးစိစိနှင့် အော်တော့၏။ ခုမှပဲ သဘောပေါက်ပြီး သက်ပြင်းကျရသည်။ သူ့ကိုပြန်ပြီး စချင်နေသည့် ယုန်လေးပုံစံကိုကြည့်ပြီး စာမေးပွဲကလည်း ဖြေရတော့မှာပါ လဒမလေးရေဟု စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ကြုံးဝါးထားလိုက်၏။ ယုန်လေးကတော့ မကြာမီ ကျရောက်လာမည့် အချစ်များကို မသိနားမလည်စွာပဲ စာတွေကျက်နေပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

နေ့ရောညပါ ကိုယ်ဖိရင်ဖိ မသင်လိုက်ရသည့်တိုင်အောင် ယုန်လေး၏ကြိုးစားမှုကြောင့် စာမေးပွဲကို အလွယ်တကူ ကျော်ဖြတ်နိုင်ခဲ့သည်။ ယုန်လေး၏ ဉာဏ်ရည်ထက်မြက်မှုကိုကြည့်ပြီး စာမလိုက်နိုင်၍ နှစ်နှစ်ကျပြီး ကျောင်းထွက်ထားရသည်ဟူသော စကားကိုပင် နေလတ်က သိပ်မယုံချင်။ ခုလို ဖြေနိုင်ပုံမျိုးနှင့်ဆိုလျှင် ယုန်လေး ဂုဏ်ထူးသုံးလေးခုလောက်ပင် ထွက်နိုင်သေးသည်။

စာမေးပွဲအပြီး နောက်နေ့မှာတော့ နီဂရိုးအိမ်ဂျယ်မှာထိုင်ရင်း နေလတ်က ယုန်လေးကို သတိထားကြည့်မိလိုက်သည်။ စာမေးပွဲအတွင်း မင်ပန်းလွန်း၍ထင်သည်။ ယုန်လေးမှာ မျက်တွင်းလေးဟောက်ကျပြီး ဖြူဖတ်ဖြူလျော်လေးပင် ဖြစ်နေပြီ။

နေလတ်က ဂရုဏာသက်စွာကြည့်ပြီး ပြောလိုက်၏။

"ယုန်လေး . . တော်တော်ပင်ပန်းသွားပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . မနေ့ကမှ ကောင်းကောင်းအိပ်ရတာလေ၊ ဒီလောက်တော့ ရှိမှာပေါ့"

အသံဖျော့ဖျော့လေးနှင့် ယုန်လေးကဖြေ၏။ နေလတ်က . .

"ယုန်လေးကို ပြောစရာ ရှိသေးတယ်၊ နားထောင်နော်၊ ယုန်လေး အပန်းဖြေခရီးလေးဘာလေး မသွားချင်ဘူးလား၊ ချောင်းသာဖြစ်ဖြစ်ပေါ့၊ ငါလိုက်ပို့မယ်"

"ဟာ . . တကယ်ကြီးလား၊ ပျော်စရာကြီး၊ ဟင် . . ကိုကြီးနဲ့နှစ်ယောက်ထဲ သွားရမှာလား"

ဝမ်းသာတာကိုပင် ကောင်းကောင်းမသာပဲ မယုံသလို ပြန်မေးနေသေးသည်။ ဒါမျိုးတော့ ယုန်လေးက အသဲငယ်ပုံရ၏။ နေလတ်လည်း ယုန်လေးခေါင်းကို ခပ်ဖွဖွလှမ်းပွတ်ရင်း . . .

"နှစ်ယောက်ထဲတော့ သွားမလားကွ၊ ငါတို့တစ်ရုံးလုံးသွားကြမှာ၊ ဒါနဲ့ ယုန်လေးအိမ်ကကော လိုက်ခွင့်ပေးပါ့မလား"

ယုန်လေးခဏငြိမ်သွား၏။ ပြီးမှ လက်ဖျစ်လေးတစ်ချက်တီးကာ . . .

"ရပါတယ် ကိုကြီးရာ၊ ခရုမှာလည်း အဆံနဲ့ ယုန်လေးမှာလည်း အကြံနဲ့ပါ၊ ဟင်း . . ဟင်း . . ."

ထိုသို့ပြောပြီး ယုန်လေးက ကိုယ့်စကားကိုယ် သဘောကျနေပြန်သည်။ ယုန်လေးပျော်ရွှင်သွားသဖြင့် နေလတ်ရင်ထဲမှာလည်း ကြည်နူးလာသည်။

"ယုန်လေးက အဲဒီလို ခရီးတွေ အရင်က မသွားဖြစ်ဘူးလား"

နေလတ်စကားအဆုံးမှာ ယုန်လေးမျက်နှာလေး ညှိုးကျသွားသည်။ သူပြောတာ ဘာများမှားသွားလဲဟု နေလတ်တွေးမိသေးသည်။ ယုန်လေးက ငေးငေးရီရီဖြင့် အဝေးဆီကြည့်ရင်း . .

"မေမေ မဆုံးခင်တုန်းကတော့ အဲဒီလိုခဏခဏ လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ကိုကြီးရာ၊ မေမေဆုံးပြီးကတည်းကပဲ ကျွန်တော်လည်း ဘယ်မှ မသွားဖြစ်တော့ပါဘူး"

"ယုန်လေး အစ်မတွေကကော မလိုက်ပို့ကြဘူးလား"

နေလတ်က စပ်စုလိုက်၏။

"အမလေး ကိုကြီးရာ၊ သူတို့အလုပ်နဲ့သူတို့ ကျွန်တော့်ကို တောင် စကားပြောဖို့ အားကြတာမဟုတ်ဘူး၊ အိမ်မှာဆို အမိုးကြီးနဲ့ပဲ စကားပြောဖြစ်တာ၊ မေမေပြီးရင် ကျွန်တော့်ကို အမိုးကြီးက အချစ်ဆုံး ပဲ သိလား"

ယုန်လေးက အမိုးကြီးကိုတော့ အတော်လေးခင်တွယ်ပုံရ သည်။ နေလတ်လည်း အထီးကျန်လှသော ယုန်လေး၏ဘဝကို စာနာ မိသည်။ ယုန်လေးဘဝကိုလည်း နွေးထွေးပျော်ရွှင်အောင် ဖန်တီးပေး ချင်မိသည်။

"ကဲပါ ယုန်လေးရာ၊ အခု ငါလိုက်ပို့မှာပေါ့၊ ယုန်လေးဘက်က အသင့်သာပြင်ထားတော့၊ ဒီနေ့ကနေ သုံးရက်ကြာရင် သွားကြမယ်၊ မနက်ဆယ်နာရီလောက် ဒီဆိုင်မှာပဲ မနက်စာစားပြီး ထွက်ကြမယ် လေ"

ယုန်လေးပုံစံက ပြန်ပြီးပျော်ရွှင်လာသည်။ သူ့ကိုကြည့်ပြီး-

"လူတွေအများကြီးနဲ့ ပျော်စရာကြီးနေမှာနော် ကိုကြီး၊ ကျွန်တော့်ကို ဓါတ်ပုံရိုက်မပေးမှာလား"

"အင်း . . ရေကူးဝတ်စုံနဲ့ဆို ရိုက်ပေးမယ်လေ"

"အာ . . ကိုကြီး မစနဲ့ကွာ"

မျက်နှာလေးရဲသွားပြီး နေလတ်ကို လက်သီးဆုပ်ကလေးနှင့် လှမ်းထုတော့သည်။ နေလတ်က မရှောင်ဘဲ . . .

"ဘာလဲ ယုန်လေးက ရေမကူးဘူးလား"

"ကူးမှာပေါ့၊ ရေကူးတိုင်း ရေကူးဝတ်စုံဝတ်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ငါလည်း မဝတ်ခိုင်းပါဘူးကွာ၊ ယုန်လေး ကိုယ့်ဟာကိုယ် ဝတ်ချင်ရင်ဝတ်ပေါ့" -

"ကိုကြီးနော်၊ တော်ပြီဗျာ အတည်ပြော"

စ,ကောင်းကောင်းနှင့် စ,နေသော နေလတ်လည်း ယုန်လေးကိုကြည့်ကာ မျက်နှာကို တည်လိုက်သည်။

"အိမ်း . . . ငါကိုယ်တော်မြတ်ကြီးနဲ့ ဟောဒီက နှမတော်ယုန်လေးတို့သည် ချောင်းသာကမ်းခြေသို့ ရေကစားထွက်တော်မူမည်၊ အမိန့်တော် . . ."

"ခစ် . . ခစ် . . ခစ် . . ကိုကြီးက ပေါလိုက်တာ"

အောင့်သက်သက် ဖြစ်ရပြန်သည်။ အတည်ပြောဆိုလို့လည်း အတည်ပင်မက အခန့်ပြောရသေးသည်။ ခုတော့ လူပေါကြီးဖြစ်ရပြီး တကယ်တော့ မင်းကိုချစ်လို့ ရူးနေတာပါ ယုန်လေးရာဟု စိတ်ထဲက ပြောနေမိသည်။

"ဩော် . . ယုန်လေး . . ."

"မအော်ပါဘူး၊ တိုးတိုးပဲပြောမယ်"

ယုန်လေးက ရွှတ်နောက်နောက် ဖြစ်လာ၏။ ကြည့်ရတာ ကလေးလေးတစ်ယောက်လို မြူးတူးပေါ့ပါးလာသလိုမျိုး။

နေလတ်က . . .

"အကောင်းပြောမှာ နားထောင်ဦး"

"ဩော် . . ယုန်လေးပါဆိုမှ နားရွက်က ထောင်ပြီးသား ခစ် . . ခစ်"

တဖြေးဖြေးနှင့် နေလတ် အသံယားလာ၏။ ခုချက်ချင်းပင် ဖွင့်ပြောလိုက်ချင်သည်။ ချောင်းသာဇာတ်လမ်းလေးကို Romance ဖြစ်ချင်သောကြောင့်သာ အောင့်အီးနေရခြင်းဖြစ်သည်။ ယုန်လေး၏ မထိတရိအပြောကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ မပြောတော့ဘူး"

နေလတ်က စိတ်တိုလာဟန် လုပ်လိုက်၍ . . .

"ခစ် . . ခစ် . . ပျော်လို့စ,တာပါ ကိုကြီးရာ၊ ကဲ . . ပြောပြော"

အတည်ပေါက်ကလေးနှင့် ငြိမ်သွားပြန်သည်။

"ဩော် . . ကြားသုံးရက်ပဲ လိုတော့တာဆိုတော့ ယုန်လေးလည်း ကျန်းမာရေးကို ဂရုစိုက်ဦးလို့ ပြောမလို့၊ တော်ကြာ ခရီးသွားခါနီးမှ နေမကောင်းတွေဘာတွေ ဖြစ်နေမှာစိုးလို့လေ"

ယုန်လေးက ခေါင်းကိုညိတ်ရင်း တီးတိုးဆိုလာသည်။

"အင်းနော်၊ ဒီကြားထဲ နေမကောင်းဖြစ်လို့ မဖြစ်ဘူးနော် ကိုကြီး . . ."

တစ်ယောက်နှင့်တစ်ယောက် နွေးထွေးနူးညံ့စွာ ကြည့်မိကြသည်။ ယုန်လေး၏အကြည့်က ထူးခြားနေသဖြင့် နေလတ်ရင်တွေ တဖျတ်ဖျတ်ခုန်လာ၏။ ယုန်လေး သူ့အချစ်တွေကို သိနေပါပြီ။ ယုန်လေးမျက်ဝန်းထဲက စကားများကိုသာမကပဲ ယုန်လေးရင်ထဲအထိ နေလတ် တိုးလျှိုပေါက်မြင်နေရသည်။ ရုတ်တရက် ဖြားယောင်းလာသော အခြေအနေတစ်ခုကို နှစ်ဦးသားအလိုက်သင့် စီးမျောချင်နေကြသည်။ တစ်စက္ကန့်၊ နှစ်စက္ကန့် အကြည့်နှစ်ခု၏ နောက်ဆုံးက . . .။

ထိုအချိန်မှာပဲ . . .

"မိုးပြည့် . . ."

ခေါ်သံတစ်ခုကို ရုတ်တရက် ကြားလိုက်ရ၏။ ဟင် . . မလေးဟူသည့် ယုန်လေးပါးစပ်က အာမေဋိတ်သံကြောင့် နေလတ်လှည့်ကြည့်လိုက်မိသည်။ နေလတ်နှင့် မတိမ်းမယိမ်းလောက် ယောကျ်ားနှစ်ဦးနှင့် ယုန်လေး၏ အစ်မဖြစ်ဟန်တူသော အမျိုးသမီးတစ်ယောက်တို့၏ ခက်ထန်သည့် အကြည့်များကို ရင်ဆိုင်လိုက်ရသည်။

ထိုအမျိုးသမီးကပဲ ယုန်လေးကို စူးစိုက်ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မိုးပြည့် . . လာစမ်း၊ ငါတို့က နင်စိတ်ချမ်းသာအောင်ဆိုပြီး လွှတ်ပေးထားတာကို နင်က ဒါမျိုးတွေတောင် ဖြစ်နေပြီပေါ့ ဟုတ်လား"

ယုန်လေးက တည်တည်ငြိမ်ငြိမ်လေး ပြန်ကြည့်ပြီး . . .

"မလေးထင်သလို မဟုတ်ပါဘူး၊ ဒီက ကိုကြီးက ကျွန်တော့်ကို ညီမလေးတစ်ယောက်လို ခင်တာပါ၊ အဲလို မပြောပါနဲ့"

"အေး . . ရှင်းချင်ရင် အိမ်ရောက်မှ ဖေဖေနဲ့ရှင်းတော့၊ နင် ခုပြန်လိုက်ခဲ့"

"ဟာ . . မလိုက်ဘူး၊ ကိုယ့်ဟာကိုယ် ပြန်လာမှာပေါ့၊ မလေး ပြန်ပါ"

"မရဘူး၊ ခုလိုက်ကိုလိုက်ရမှာ၊ ကိုမင်း သူ့ကိုခေါ်လိုက်"

ယုန်လေး၏အစ်မဘေးမှ အဖော်ယောက်ျားက ရှေ့ကိုတိုးလာသည်။ ယုန်လေးက တုန်လှုပ်ဟန်ဖြင့် ထရပ်ပြီး ခေါင်းကိုခါယမ်းလိုက်ကာ . . .

"မလိုက်ဖူးနော်၊ ကျွန်တော့်ကို အဲလိုမလုပ်နဲ့၊ မလိုက်ဘူး"

အတင်းငြင်းဆန်နေသော ယုန်လေးကိုကြည့်ပြီး နေလတ်က ထရပ်လိုက်သည်။

"ခဏနေကြပါဦးဗျာ၊ ကိုယ့်ညီမ ကိုယ်လာခေါ်တာပဲ၊ အေး အေးဆေးဆေးပေါ့၊ ပြီးတော့ ခင်ဗျားတို့ထင်သလို ကျွန်တော်နဲ့ယုန်လေး အဲ မိုးပြည့်က . . ."

"ဟော့ကောင် မင်းဘာမှရှင်းပြမနေနဲ့၊ မင်းနဲ့ဘာမှမဆိုင်ဘူးကွ၊ မိုးပြည့် လာလိုက်ခဲ့၊ အန်ကယ်က ခေါ်ခိုင်းလိုက်တာ၊ မလိုက်လို့ မရဘူး"

ထိုအမျိုးသားက သူ့ကိုပါအော်ငေါက်ရင်း ယုန်လေးကို အတင်း လှမ်းဆွဲတော့သည်။ ယုန်လေးက မလိုက်ဘူးဟု အထပ်ထပ်ပြောကာ ရုန်းကန်နေဆဲ။ အသံတွေတုန်ခါကာ ယုန်လေးမျက်ဝန်းထဲ မျက်ရည် တွေပင် ဝိုင်းလာပြီ။ ဆိုင်ထဲတွင်လည်း ထိုအဖြစ်အပျက်ကြောင့် တခြား



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမှလူများက ဝိုင်းကြည့်နေကြ၏။

ဒီအတိုင်းကြည့်မနေနိုင်တော့သည့် နေလတ်က ယုန်လေးကို ဆွဲခေါ်နေသောလူကို တွန်းလိုက်ပြီး . . .

"ဟေ့လူ . . အတင်းအကျပ် မလုပ်နဲ့လေဗျာ၊ နည်းနည်းပါးပါး လည်း စာနာဦးဗျ . . ."

"ဟာကွာ . . ဒီကောင်က တစ်မျိုး . . ."

အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ထိုအချိန်မှာပဲ ကျန်နေသည့်တစ်ယောက်က ပြေးဝင်လာကာ . . .

"ဒီလောက်ဝင်ရှုပ်နေတဲ့ကောင် ကဲကွာ"

"ခွပ်!"

မေးဖျားမှာ ပူခနဲဖြစ်သွားပြီး နေလတ် မူးနောက်နောက်ဖြစ် သွားသည်။ ထိုးလိုက်သည့် အရှိန်က မသေးပေ။ ဝေဝါးသွားသော အမြင်အာရုံထဲမှာ ကိုကြီးဆိုပြီး စိုးရိမ်စွာခေါ်လိုက်သည့် ယုန်လေး၏ အသံကို ကြားလိုက်ရ၏။ နေလတ်က အားယူပြီး ပြန်ရပ်လိုက်စဉ်မှာပဲ-

"တော်ကြပါတော့၊ ကိုကြီးကို ဘာမှမလုပ်ကြပါနဲ့၊ မလေးနဲ့ ကျွန်တော်ပြန်လိုက်ခဲ့မယ်"

ယုန်လေး၏ ပြတ်သားသော အသံနှင့်အတူ သူ့ကိုထပ်ပြီး ရန်ပြုရန်ကြံနေသည့် နှစ်ယောက်လည်း ရပ်တန့်သွားကြ၏။ ယုန်လေး က သူ့ကို ရီဝေဝေလေး ကြည့်နေ၏။ တောင်းပန်တိုးလျှိုးနေသည့် အကြည့်များက နေလတ်ရင်ကို ထိရှစေသည်။

"ခုလိုဖြစ်သွားတာ ကိုကြီးကို ကျွန်တော်တောင်းပန်ပါတယ်၊ ကိုကြီး ကျွန်တော့်ကို နားမလည်နိုင်တာတွေလည်း ရှိမယ်ဆိုတာ သိပြီး သားပါ၊ ဘာမှရှင်းမပြချင်တော့ဘူး ကိုကြီးရယ်၊ ကျွန်တော့်အပေါ်ထား ခဲ့တဲ့ စေတနာတွေကို ကျွန်တော်အမှတ်ရနေမှာပါ၊ ကျွန်တော်သွားမယ် နော် ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်မပြောဖြစ်ဘဲ ယုန်လေးကို စိုက်ကြည့်နေမိသည်။ ပြောစရာမလိုအောင်လည်း ယုန်လေးနားလည်လိမ့်မည်ဟု နေလတ် ယုံကြည်သည်။ လောလောဆယ် ရင်ထဲမှာဆို့နင့်ပြီး ယုန်လေးကိုပဲ သနားနေမိ၏။ ယုန်လေးက မျက်နှာလွှဲလိုက်ဟန်ပြင်ပြီးမှ နေလတ်ကို အဓိပ္ပာယ်ပါပါကြည့်ကာ . . .

"ကိုကြီး ပြောတာတွေကို ကျွန်တော်မမေ့ပါဘူး"

ပြောရင်း ချာခနဲ လှည့်ထွက်သွားလေသည်။ တစစ ဝေးကွာသွားသည့် ယုန်လေး၏ ခြေလှမ်းများနှင့်အတူ နီဂရိုးအိန်ဂျယ်ဆိုင်လေး ထဲမှာ ပြန်လည်တိတ်ဆိတ်သွား၏။

နေလတ်ငူငူကြီး ရပ်နေမိသေးသည်။ ယုန်လေးပြောသွားသည့် စကားများကို သိပ်နားမလည်နိုင်သော်လည်း နောက်ဆုံးမှတ်မှတ်ရရ ပြောသွားသည့် စကားကိုတော့ ခရီးသွားမည့်ကိစ္စဟု နေလတ်နားလည် မိသည်။

ဒီတစ်ခါထပ်တွေ့လျှင်တော့ ယုန်လေးကို သူအဆုံးအရှုံးမခံ နိုင်တော့ပါ။ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ယုန်လေးအပေါ် နားလည် လက်ခံပေးနိုင်ပါသည်။ ရင်ကြားစေ့လာမည့် အချစ်များအတွက် အလွမ်း သည် နေရာမရှိစေရဟုလည်း ဆုံးဖြတ်လိုက်ပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

နေလတ် မျှော်လင့်ထားသည့်အတိုင်းပင်။ ညကိုးနာရီလောက်မှာ ယုန်လေးဖုန်းဆက်လာ၏။ နေလတ်စိတ်ပူစွာပဲ မေးမိသည်။

"ယုန်လေး ဘာတွေဖြစ်သေးလဲ၊ အဆင်ပြေရဲ့လားကွာ၊ ငါ အရမ်းစိတ်ပူတာပဲ သိရဲ့လား၊ ပြီးတော့ ဘာမှလည်း နားမလည်တော့ဘူး"

ယုန်လေးဆီမှ သက်ပြင်းချသံကို အရင်ကြားရ၏။ ပြန်ပြောလာသည့် ယုန်လေးအသံလေးက တိုးဖျော့လွန်းလှသည်။

"နောက်မှပဲ ရှင်းပြတော့မယ် ကိုကြီးရာ၊ ခုဖုန်းဆက်တာက ဘယ်လိုပဲဖြစ်ဖြစ် ခရီးထွက်တဲ့နေ့ ကျွန်တော်ရောက်အောင်လာခဲ့မယ် ဆိုတာ ပြောချင်လို့"

"ဒီလောက်တောင် ခက်ခဲတင်းကျပ်နေလို့လား ယုန်လေးရာ၊ ငါ့ကိုပြောပြလေ၊ ဒါမှမဟုတ် ယုန်လေးတို့အိမ်ကို လာခဲ့ရမလား၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



အိမ်သိတယ်နော်"

"ဟာ . . မလာနဲ့ မလာနဲ့၊ ဒီဖုန်းကိုလည်း မဆက်နဲ့တော့နော်၊ ကိုကြီးနဲ့တွေ့ရင် အားလုံးပြောပြပါမယ်၊ ဒီကြားထဲ ကျွန်တော့်ဆီ မဆက်သွယ်ပါဘူးလို့ပဲ ဂတိပေးနော် ကိုကြီးနော်"

နေလတ်ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားမိသည်။ သို့သော်လည်း ယုန်လေးနှင့် ပြန်တွေ့ရမှာပဲလေဟုတွေးကာ စိတ်ကိုလျှော့လိုက်ပြီး . . .

"အေးပါကွာ၊ ဂတိပေးပါတယ်၊ ယုန်လေးသာ ခရီးသွားမယ့်နေ့ကို ရောက်အောင်လာခဲ့နော်"

ထိုအချိန်မှာပဲ ဖုန်းလိုင်းက ပြတ်တောက်သွားလေသည်။ ယုန်လေးကပဲ ဖုန်းချလိုက်တာလား၊ ဒါမှမဟုတ် သူ့အိမ်က တစ်ယောက်ယောက်ကများ မြင်သွား၍ ဖုန်းကြိုးကို ဆွဲဖြုတ်လိုက်တာလား ဝေခွဲမရ။ ထပ်ခေါ်ကြည့်တော့လည်း မရတော့ချေ။ ခရီးသွားမည့်နေ့အထိ စောင့်ရန်သာ ရှိတော့သည်ဟု နေလတ်တွေးမိလိုက်သည်။

နေလတ်အမျိုးမျိုး စဉ်းစားမိသေးသည်။ ယုန်လေးကို ဒီလောက်တင်းကျပ်ထားတာက သူတို့အိမ်ကများ တစ်ယောက်ယောက်နှင့် စီစဉ်ထားလို့လား။ ယုန်လေးဆီကလည်း ထိုသို့တစ်ခါမှ ပြောသံမကြားရပါ။ ယုန်လေးကို မိသားစုနှင့် အဆင်မပြေ၊ မနွေးထွေးဘူးဟုသာ နေလတ်သိသည်။ နောက်ဆုံး မိမိနှင့်ဆိုလျှင်ကော။ ကိုယ့်အခြေအနေက ယုန်လေးအသိုင်းအဝိုင်းက လက်မခံနိုင်စရာ ဘာများရှိသေးသနည်း။ ယုန်လေးနှင့် မိမိအဖြစ်က မရေမရာနိုင်လွန်းသည်။

မည်သို့ပင်ဖြစ်စေ ချောင်းသာခရီးစဉ်သည် ယုန်လေးနှင့် သူ့အတွက် အကြိုဟန်းနီးမွန်း ဖြစ်စေရမည်။ ချောင်းသာ၌ပြန်မှာ ယုန်လေးကို သူ့ဘဝထဲက ထွက်ခွာခွင့်မပေးနိုင်တော့။ ယုန်လေး၏ မိဘအသိုင်းအဝိုင်းကို သူရိုးသားစွာ ရင်ဆိုင်လိုက်မည်။ ယုန်လေးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားရှိခဲ့သော အချစ်တစ်ခုထဲနှင့် နေလတ်ရင်ထဲမှာ အားတွေစီးဝင်ပြည့်နှက်နေတော့သည်။

* * * *

ဒီနေ့သည် ကျောက်ခက်ပွင့်ကုမ္ပဏီ၏ ချောင်းသာသို့ အပျော်ခရီးသွားမည့်နေ့ဖြစ်သည်။ မနက်ဆယ်နာရီ ကားစထွက်မည်ဖြစ်သော်လည်း စုရပ်လုပ်ထားသည့် နီဂရိုးအိန်ဂျယ်ကော်ဖီဆိုင်ထဲတွင် မနက်ရှစ်နာရီလောက်ထဲက တစ်ရုံးလုံးလူစုံနေကြပြီ။ စားကြသောက်ကြနှင့် ပျော်ရွှင်တက်ကြွနေကြသော အသံများကို ကြားနေရ၏။

မန်နေဂျာနေမျိုးကျော်က ဝန်ထမ်းတွေကို အော်ပေါက်လိုက်၊ သူ့ကောင်မလေး အစိတ်သားဆီသွားကာ မျက်နှာချိုသွေးလိုက်လုပ်နေ၏။ အစိတ်သားဆီက ဘာတွေရချင်လို့လည်း မသိချေ။ နေမျိုးကျော်တီးတိုးပြောလိုက်တိုင်း အစိတ်သားက မျက်နှာလေးရဲကာ လှမ်းလှမ်းထုနေသည်။ လက်သီးဆုပ်ကလေးနှင့် ဖြစ်သော်လည်း နေမျိုးကျော်က မရှောင်ဘဲ အရိုးကြေကြေ၊ အရေခမ်းခမ်းအသွင်ဖြင့် အထုခံနေသည်။ မြတ်ကျော်ကလည်း သူ့ကောင်မလေးနွယ်နီကို သူငယ်ချင်းများကြားမှ ဆွဲထုတ်သွားသောကြောင့် နွယ်နီ၏ ရုံးမှသူငယ်ချင်းများက မကျေမနပ်ဖြစ်နေကြသည်။ မြတ်ကျော်၏ နွားသိုးကြိုးပြတ်ပုံစံဖြင့် ချောင်းသာရောက်လျှင် ပိုပြီးဆိုးလာမည့် သဘောမှာရှိနေသည်။ နွယ်နီ့ခမျာ သူငယ်ချင်းများနှင့် တွေ့ချိန်ပင်ရမည်မဟုတ်။ မြတ်ကျော်၏ ရင်တွင်းဖြစ်ကဗျာများကို ရေကုန်ရေခမ်း နားထောင်ပေးရဖွယ်ရှိပြီး မိဘမျက်ကွယ်မှာ နွယ်နီ့ဘဝက ရင်လေးဖွယ်အတိပင်။

နေလတ်မှာပဲ နာရီတကြည့်ကြည့်နှင့် လမ်းမဘက်ကို မျှော်နေမိသည်။ ကိုးနာရီပင်ထိုးပြီ။ ယုန်လေးက ခုထိရောက်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



ယုန်လေးရောက်အောင်လာမည်ဟု ဆိုသောစကားကို ယုံပါသည်။ ယုန်လေး အခက်အခဲတစ်ခုခုများ ဖြစ်နေပြီလားဟုတွေးကာ ပို၍စိတ်မောလာမိသည်။

ကိုးနာရီခွဲတော့ နေလတ်ဘယ်လိုမှ နေလို့မရတော့။ နေမျိုးကျော်ကိုလှမ်းခေါ်ပြီး . . .

"ငါ . . ယုန်လေးတို့အိမ်ဘက် ခဏသွားကြည့်ဦးမယ်ကွာ၊ ဘာဖြစ်လို့ နောက်ကျနေလဲ မသိဘူး"

ထွက်သာလာခဲ့ရသည်။ ဘာတွေရင်ဆိုင်ရမည်ကို နေလတ် မသိသေး။ လင်းညို့သွေးပေးထားသည့် လိပ်စာက မမှားပါ။ ယုန်လေးတို့အိမ်ရှေ့ကို ရောက်သွားပါသည်။ မှားနေသည်ကတော့ ယုန်လေးတို့အိမ်မှာ ဘယ်သူမှရှိမနေခြင်းပင်။ ခြံတံခါးက ပိတ်လျှက်ကြီး။ အော်ခေါ်ပြန်တော့လည်း အထဲက လူသံမပြောနှင့် တံခါးတစ်ချပ်ပင် ဖွင့်မလာချေ။ နေလတ်က စိတ်မလျှော့ပဲ အော်ခေါ်နေမိသည်။

"ယုန်လေးရေ . . ယုန်လေး၊ မိုးပြည့် . . မိုးပြည့် . . ."

"အိမ်ရှင်တို့ . . အိမ်ရှင်တို့ . . ."

အမျိုးမျိုးခေါ်ပါသည်။ အခြေအနေက ထူးလာပုံမရှိ။ နေလတ်ခေါ်နေစဉ်မှာပဲ လူတစ်ယောက်က အနားရောက်လာပြီး . . .

"ညီလေး . . ကိုယ်က ဒီအိမ်မျက်စောင်းထိုးအိမ်ကပါ၊ ညီလေး အော်ခေါ်နေလည်း ထွက်လာမှာ မဟုတ်ဘူး၊ ဦးမိုးမြင့်တို့ မရှိကြဘူးကွ"

"ဗျာ . . ."

"ဟုတ်တယ်၊ တစ်နေ့ကပဲ သူတို့အိမ်က ကားသုံးစီးလုံး ထွက်သွားကြတယ်၊ ခရီးသွားတာလား မသိဘူး၊ ခုထိပြန်လာတာ မတွေ့သေးဘူး"

နေလတ်ဘာပြောရမှန်း မသိအောင်ပင် ဖြစ်သွားရ၏။ စိုးရိမ်မှုကလည်း ချက်ချင်းလှိုက်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကိုကြီး . . အဲဒီ ဦးမိုးမြင့်တို့က ဘယ်သွားလဲ မသိဘူးနော်"

မသေချာသော်လည်း သိလိုသိငြားဆိုပြီး နေလတ်ကမေးလိုက်၏။ ထိုလူက . . .

"ဘယ်သိမှာလဲ ညီလေးရာ၊ ကိုယ်တောင် တစ်လမ်းထဲပေမယ့် သူ့နာမည်နဲ့ လူကိုမြင်ဖူးရုံပဲသိတာ၊ ဒီတစ်အိမ်လုံးက ပတ်ဝန်းကျင်နဲ့ သိပ်ဆက်ဆံတာ မဟုတ်ဘူးကွ"

ဇာတ်လမ်းက ဆုံးပြီ။ နေလတ် ခေါင်းငိုက်စိုက်ကျသွား၏။ ယုန်လေးရယ်ဆိုပြီး နာနာကျင်ကျင် တမ်းတမိသည်။

သူနှင့် ယုန်လေး၏ကြားတွင် အတားအဆီးတစ်ခုခု ရှိနေကြောင်းကို နေလတ် ကောင်းကောင်းကြီး သဘောပေါက်မိသည်။ ရှေ့ကိုမျှော်ကြည့်တိုင်း ပူပြင်းသော တံလျှပ်များဖြင့် လမ်းမသည်ပင် လောင်ကျွမ်းစပြုနေပြီ။

* * * *

"နေလတ် အခြေအနေဘယ်လိုလဲကွ၊ အဆင်ပြေလား"

ပြန်ဖြေနိုင်စွမ်းပင် မရှိတော့၊ နေလတ်ပုံစံကိုကြည့်ပြီး နေမျိုးကျော်က သဘောပေါက်ဟန်တူသည်။ နေလတ်ပခုံးကို အသာဖျစ်ညှစ်လိုက်ရင်း နှစ်သိမ့်နေ၏။

"ဆက်စောင့်ကြည့်သေးတာပေါ့ကွာ၊ ကိုယ့်ရှုံးက ဝန်ထမ်းတွေပဲ၊ နားလည်ကြမှာပါ"

နေမျိုးကျော်၏ စေတနာကို နားလည်သော်လည်း နေလတ် ခေါင်းကိုသာ အသာခါယမ်းမိသည်။ အခြေအနေကို ကိုယ်က အသိဆုံး ပဲလေ။ သို့သော်လည်း မျှော်လင့်ချက် အနည်းငယ်ကတော့ ကြွင်းကျန်နေသေး၏။ ယုန်လေးပြောခဲ့သော စကားတွေကိုလည်း ခုထိကြား



www.burmeseclassic.com

www.burmeseclassic.com



ယောင်နေမိသေးသည်။

"အေးကွာ၊ ခဏတော့ စောင့်ကြည့်တာပေါ့"

ခပ်ယဲ့ယဲ့ပြောရင်း နေလတ်လည်း ယုန်လေးနှင့်ထိုင်ခဲ့ဖူးသော စားပွဲမှာ တစ်ယောက်ထဲသွားထိုင်ပြီး ငေါင်နေမိသည်။ အချိန်တွေက တရွေ့ရွေ့နှင့်ကုန်လာပြီ။ ကောင်းကင်မှ ထိုးရိုက်ကျလာသည့် အပူစီးကြောင်းများက လမ်းမပေါ်ကိုသာမကပဲ ရင်ထဲအထိပင် ထိုးဆွလောင်မြိုက်နေ၏။ ဆိုင်ထဲမှ အအေးဓါတ်ကလည်း သူ့ရင်ကို မငြိမ်းသတ်နိုင်။ အသက်ရှုမဝသလိုဖြစ်လာပြီး ဆိုင်ထဲမှ လေးကန်စွာ ထွက်လာမိသည်။

နောက်မှခြေသံကြားရလိုက်ရပြီး နေမျိုးကျော်က သူ့ဘေးကို ရောက်လာကာ . . .

"နေလတ် . . မင်းအရမ်းခံစားနေရလား၊ ငါနားလည်ပါတယ်ကွာ၊ မင်းကိုလည်း ဘယ်လိုနှစ်သိမ့်ရမှန်းတောင် မသိတော့ဘူးကွာ . . . ဟူး . . ."

နေလတ်က လက်ကို အသာကာပြလိုက်၏။

"ကဲ . . ငါတို့သွားရအောင်ကွာ၊ ဆယ့်နှစ်နာရီလည်း ထိုးပြီ၊ ငါ့ကိုယ်ရေးကိုယ်တာအတွက်နဲ့ သူတို့တွေလည်း စောင့်ပေးခဲ့ပြီးပြီပဲ၊ ငါ ဒီထက်ပိုပြီး အခွင့်အရေး မယူသင့်ဘူးလေ၊ ခုတောင် လွန်လှပြီ"

ဘာမှပြန်မပြောပဲ နေမျိုးကျော် လှည့်ထွက်သွားကာ ဝန်ထမ်းများအား ခရီးထွက်တော့မည်ဟု လှမ်းအော်ပြောနေသံများကို ကြားရသည်။ အသံမျိုးစုံအော်ဟစ်ပြီး လွတ်လပ်ပျော်ရွှင်စွာ ကားပေါ်သို့ အလုအယက် တက်နေကြသော ဝန်ထမ်းများကို နေလတ်ငေးနေမိသည်။ ပျော်ရွှင်မှုက ကိုယ်နဲ့မဆိုင်သလို၊ သူ့တစ်ယောက်ထဲသာတ်နဲ့ 'လူနဲ့ မကပ်သလိုပင်။ ဒီခရီးစဉ်ကိုလည်း မလိုက်ချင်တော့ပါ။ သို့သော်လည်း ကိုယ်မပါလျှင် ဝန်ထမ်းများက စိတ်ကောင်းကြမည်မဟုတ်။ အကြောင်းသိသော တစ်ချို့က အကဲပိုသည်ဟုလည်း ထင်ကြဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အနေအထားနှင့် ကလေးဆန်နေ၍ မဖြစ်ပါ။

ကားပေါ်မှာ လူစုံကြပြီ။ နေမျိုးကျော်က ကားထဲမှ လှမ်းခေါ်၏။ ယုန်လေးလာခဲ့ဖူးသော လမ်းမဆီ နောက်ဆုံးတစ်ချက် လှမ်းကြည့်လိုက်ပြီး နေလတ်ကားပေါ်သို့ လှမ်းတက်လိုက်သည်။

ဝေး၍၊ ဝေး၍ ကျန်ခဲ့သော မိုင်တိုင်များနောက်တွင် နှလုံးသားတစ်ခုလုံး ထားရစ်ခဲ့ရပြီ။ လေအဝေ့မှာ ညွတ်ကိုင်းလှိုင်းထကျန်ခဲ့သည့် လမ်းဘေးအရိုင်းပင်များကို လှမ်းတွေ့နေရသည်။ သူ့ကိုနှုတ်ဆက်လက်ပြနေကြသည်လား။ ဒီအချိန် ယုန်လေး ဘာလုပ်နေမှာပါလိမ့်။ တစ်ယောက်ထဲ အခန်းထဲမှာ ကျိတ်ငိုသဲ့ရှိုက်နေမည်လား။ အဆီးအတားတစ်ခုအတွက် ယုန်လေးမွန်းကျပ်နာကျင်ခဲ့ရပြီလား။ ဘာပဲဖြစ်ဖြစ် ယုန်လေး သူ့ကိုသတိရနေလိမ့်မည်ဟု နေလတ်ယုံကြည်နေဆဲပင်။

ထိုစဉ် ကားနောက်ဘက်အခြမ်းဆီမှ သံပြိုင်သီဆိုလိုက်ကြသော လေးဖြူ၊ အငဲနှင့် မျိုးကြီးတို့ သုံးယောက်ဆိုထားသည့် "ငါတို့ခရီး" သီချင်းသံကို ကြားလိုက်ရသည်။

ယုန်လေးရေ၊ မင်းနဲ့ငါ နှစ်ယောက်ရဲ့ ငါတို့ခရီးက ဘယ်တော့များမှလဲကွာ . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ခရမ်းရင့်ရောင်ကောင်းကင်နှင့် အနားသတ်သော ပင်လယ်ပြင်သည် ဒဏ်ရာရခြင်္သေ့တစ်ကောင်လို မာန်ဖီနေသည်။ ကမ်းစပ်သို့ တဝုန်းဝုန်း ပြေးဝင်လာသည့်လှိုင်းများက ဒေါသတကြီး။ လှိုင်းတစ်ချက်ပုတ်လိုက်တိုင်း သူ့ရင်ထဲအထိပင် တိုက်စားခံရသလိုမျိုး နေလတ်နာကျင်နေမိသည်။

ဒီတစ်ခေါက်မြင်ရသော ပင်လယ်ပြင်သည် အရိုင်းဆန်သည်။ ရှူရှိုက်ရသည့်လေသည်ပင် မဆွတ်စိမ့်။ ဆားငံရေငွေ့များက မျက်နှာဆီခတ်ရိုက်နေကြပြန်သည်။ တစ်ညနေလုံး ပင်လယ်သောင်စပ်မှာ ကျောက်ဆောင်လို ရပ်မတ်နေခဲ့ပြီးမှ ဘန်ဂလိုရှိရာသို့ပြန်ခဲ့၏။ အမှောင်ပင် လွှမ်းစပြုပြီ။ တစ်ခုသောဘန်ဂလိုရှေ့က မီးတစ်ရုံကို လှမ်းမြင်ရ၏။ ရုံးမှဝန်ထမ်းများ၏ အော်ဟစ်သီချင်းဆိုသံများကိုလည်း လေစီးထဲမှာ ကြားနေရပြန်သည်။ အကြည့်ကိုလွှဲလိုက်ပြီး သီးသန့်ဘန်ဂလိုရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အသာထိုင်လိုက်၏။

လှိုင်းသံတွေ ကြားနေရဆဲ။ လရိပ်က သဲသောင်ပြင်ဆီ ထိုး ရိုက်ကာ ဖြူဖြူလေးလင်းနေ၏။ ကဗွီးပင်နှင့် အုန်းပင်များကြားမှ ယိုစိမ့် ကျလာသည့်အလင်းနှင့် အမှောင်အရိပ်အပျောက်ကြားတွင် လူတစ် ယောက်ကို နေလတ် လှမ်းတွေ့လိုက်ရသည်။ ဂစ်တာတစ်လက်ကို ပခုံးမှာ ထမ်းလာပုံရသည်။

အနားရောက်မှ ကပ္ပလီမှန်း သိလိုက်၏။

"တစ်ယောက်ထဲနေတော့ ပိုပြီးတင်းကျပ်မှာပေ့ါ ဆရာရယ်၊ ဒါလေး နည်းနည်းလုပ်မလား"

ခါးကြားက ဝီစကီပုလင်းပြားလေးကိုထုတ်ပြီး ကပ္ပလီက လှမ်းပေး၏။ ကပ္ပလီကို ခေါင်းခါပြလိုက်ရင်း နေလတ်က . . .

"မင်း မီးပုံပွဲမှာ ကဲနေတာ မဟုတ်ဘူးလား"

ကပ္ပလီက ခြောက်ခြောက်ကပ်ကပ်ပင် ရယ်လိုက်၏။ ပြီးမှ-

"ကျွန်တော် အမှန်အတိုင်းပြောရရင် မပျော်ပါဘူး ဆရာရယ်၊ ကျွန်တော်လည်း ညနေထဲက ဟိုဘက်သောင်ပြင်မှာ သွားထိုင်နေတာ"

"ဘာဖြစ်လို့လဲ၊ မင်းကို မခေါ်ကြလို့လား"

တစ်ချို့ဝန်ထမ်းတွေက ကပ္ပလီကို ပညာမတတ်ဖူးဆိုပြီး နှိမ် ချင်ကြသည်။ ထို့ကြောင့် နေလတ်က မေးလိုက်ခြင်းဖြစ်သည်။

"ခေါ်ပါတယ် ဆရာရယ်၊ ကျွန်တော်ကိုယ်တိုင်က တစ်ယောက် တည်းနေချင်လို့ပါ"

"ဘာတွေများ လွမ်းနေလို့လဲကွ ဟေ . . ."

"ဒီလိုပဲပေ့ါ ဆရာရယ်၊ ဆရာလည်း အစ်မလေးယုန်လေးကို သတိရနေတာ မဟုတ်လား"

နေလတ်က ကမ်းပေါ်ပြေးတက်လာကြသည့် လှိုင်းခေါင်း ဖြူဖြူတွေဆီ ငေးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ သတိရတယ်၊ လွမ်းတယ်ဆိုတဲ့ စကားထက်ပြင်းတာ ဘာရှိသေးလဲကွာ၊ ငါပြောချင်တယ်"

သူ့အမေးကို ကပ္ပလီက ချက်ချင်းမဖြေသေး။ ပုလင်းအဖုံးကို ဖွင့်ပြီး ဝီစကီတကျိုက်မော့လိုက်ကာ ဂစ်တာကို အသံစမ်းနေပြန်သည်။ တိမ်တစ်အုပ်က လမင်းကို ဖုံးအုပ်လိုက်သောကြောင့် ကမ်းခြေက အလင်းမှုန်သွားပြန်၏။ ကပ္ပလီက ကောင်းကင်ကို မော့ကြည့်ပြီး . . .

"ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာမယ်ဆိုရင် လောကကြီးဆိုတာ ဘယ်အရသာရှိတော့မှာလည်း ဆရာ၊ ချစ်တာရော၊ မုန်းတာရော၊ လွမ်းတာရော အရသာတွေပဲလေ၊ ဒါပေမယ့် အချစ်နဲ့အလွမ်းဆိုတာ အမုန်းမပါသရွေ့ နံရံပါးပါးလေးပါ ဆရာရယ်၊ ဆရာတို့နှစ်ယောက် စလုံးရှိနေသရွေ့ ပြန်ပြောင်းလဲလို့ရမှာပါ"

ကပ္ပလီစကားက ဒဿနဆန်နေသည်။ နေလတ်က စိတ်ဝင်စားသွားကာ . . .

"မင်း ဆိုလိုတာက . . ."

"ဒီလိုပါဆရာ၊ ကျွန်တော်တို့ ဒီကိုလာတုန်းက မြို့တွေကို တစ်မြို့ပြီးတစ်မြို့ ဖြတ်ခဲ့ကြတယ်၊ မြို့အဝင်ဝတိုင်းမှာ ကြိုဆိုပါ၏ဆိုတဲ့ ဆိုင်းဘုတ်ကိုပဲ ဖတ်လာကြတယ်၊ အဲ . . ကျွန်တော်တို့ပြန်ရင် နှုတ်ဆက်ပါသည်ဆိုတဲ့ ဆိုင်းဘုတ်ကို ပြန်ဖတ်ရဦးမယ်၊ အဲဒါနှစ်ခုစလုံးဟာ ကျောက်ပြား ဒါမှမဟုတ် သစ်သားပြားတစ်ခုထဲမှာ ဟိုဘက်ဒီဘက် ရေးထားတာလေ၊ လူရဲ့အနေအထားကြောင့် ပြောင်းပြီးဖတ်ရတာ မဟုတ်လား၊ ခုဆရာတို့နှစ်ယောက်လည်း အလွမ်းဘက်မှာ ရောက်နေလို့ပါ၊ အသက်ရှင်နေသရွေ့ အချစ်ဘက်ကို ဆရာရောက်အောင် သွားခွင့်ရှိသေးတာပဲ"

ကပ္ပလီစကားကို သဘောပေါက်သလို ခံစားရသည်။ လေးလေးနက်နက်ပြောနေသည့် ကပ္ပလီကိုကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ မင်းပြောတော့လည်း ဟုတ်နေတာပဲကွ၊ မင်းက ခံစားတတ်လှချည်လား ကပ္ပလီရာ၊ ဘာလဲ မင်းလည်း ဇာတ်လမ်းရှိနေလို့လား"

မချိုမြုံးပဲ ပြုံးလိုက်လေသလား။ ကပ္ပလီ၏ သွားဖြူဖြူလေးများကို တွေ့လိုက်ရ၏။ ကပ္ပလီက သူ့အမေးကို ပြန်မဖြေပဲ ဂစ်တာ ကမ်းပေးကာ . . .

"ဆရာ သီချင်းဆိုချင်ဆိုလေ ဆရာ"

ဂစ်တာကို လှမ်းယူလိုက်ပြီးမှ မတီးဖြစ်သေး။ နှစ်ယောက်သား စကားမပြောဖြစ်တော့ပဲ ငြိမ်သက်နေကြသည်။ တိမ်အုပ်မှ ကျွတ်လွတ်သွားသော လအလင်းက သူတို့ဆီ လေညှင်းနှင့်အတူ ပြန်လည်ဖိတ်စင်ကျလာပြန်၏။ ကပ္ပလီက လက်ထဲမှ ပုလင်းပြားကို ထပ်မော့လိုက်ပြန်သည်။ သူပုလင်းလှမ်းယူတော့ ကပ္ပလီက အံ့ဩသွားပုံရ၏။

လည်ချောင်းတလျှောက် ရှတသွားသော ခံစားမှုနှင့်အတူ သူ့လက်တွေက ရှိန်းကြွလာသည်။ နောက်တစ်ခါ ထပ်မော့ချလိုက်၏။

ဂစ်တာသံသဲ့သဲ့နှင့်အတူ စီးလွင့်သွားသည့် 'ကလေးချော' သီချင်းသံက သန်းခေါင်ညထဲမှာ နစ်မြုတ်သွား၏။ အထီးကျန်တေးသွားကို တဝုန်းဝုန်း ရိုက်ခတ်နေသည့် လှိုင်းများက သယ်ဆောင်သွားကြမှာလား။ ဆားငန်ငွေ့များရောပြွန်းနေသော လေစီးက ပို့ဆောင်ကြမည်လား။ ရည်ရွယ်သူဆီ မရောက်ဖြစ်သော တေးသံက လရောင်၏ ဖမ်းစားမှုအောက်မှာ ဖျားနာနေခဲ့ပြီ။

တဖျစ်ဖျစ်လောင်မြိုက်ခဲ့သည့် မီးတပုံပင် အဝေးမှာ ငြိမ်းကျသွားလေပြီ။ လူသံတွေ ပါးလျကာ တဖြေးဖြေး ပျောက်ကွယ်သွားကြ၏။ လှိုင်းလုံးများ ခတ်ရိုက်သံများမှအပ ကမ်းခြေသည် အလေ်ငင်းဆန်ဆန် အေးစက်နေပြန်သည်။

* * * *

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နီးလိုက်၊ ဝေးလိုက်နှင့် ယုန်လေးကို လှမ်းမြင်နေရသည်။ အမြင်အာရုံက မကွဲပြားသေး။ တဖြေးဖြေး နီးကပ်လာသော ယုန်လေး မျက်နှာပေါ်က ထိတ်လန့်မှုကို တွေ့လိုက်ရ၏။ သူ အသားကုန်လှမ်း အော်လိုက်၏။ အသံက ထွက်မလာ၊ ခြေထောက်တွေက လှုပ်လို့မရ။

အားကိုးတကြီးကြည့်နေသော ယုန်လေး၏ မျက်ဝန်းများမှာ ကြောက်ရွံ့မှုတွေ ပေစွန်းနေကြသည်။

"ကိုကြီး . . ကျွန်တော့်ကို လာခေါ်ပါ၊ ကျွန်တော့်ကို လာခေါ်ပါ၊ ကျွန်တော်ကြောက်တယ်"

ပြောရင်းနှင့် ယုန်လေး၏အရိပ်က အခိုးအငွေ့တစ်ခုလို ပြယ်လွင့်စပြုလာ၏။ ယုန်လေးကို ပျောက်ဆုံးသွား၍မဖြစ်။ နေလတ် အော်ဟစ်ရင်း အတင်းရုန်းကာ ပြေးလိုက်သွားလိုက်သည်။

"ယုန်လေး . . ."

လန့်နိုးလာတော့ တစ်ကိုယ်လုံး ချွေးများဖြင့် ရွဲနစ်နေပြီ။ ပြန်အိပ်စက်၍မရတော့။ အိမ်ခန်းထဲမှ ပစ္စည်းများကို သိမ်းဆည်းရင်း မနက်ဖြန်တစ်ခုကို တိတ်တိတ်ကလေး စောင့်နေဖို့ပဲ ရှိတော့သည်။ မရေရာသော မနက်ဖြန်များကို အရှုံးပေးဖို့ နေလတ်စိတ်မကူးတော့ချေ။

* * * *

အဝတ်အစားအိတ်နှင့် ထွက်လာသော နေလတ်ကိုကြည့်ပြီး-

"ဟာ . . နေလတ်၊ ဘာလဲ . . ငါတို့ဘန်ဂလိုဘက် ပြောင်းမလို့လား"

"ဟင့်အင်း . . ငါပြန်တော့မယ်ကွာ၊ မင်းဖြစ်တယ် မဟုတ်လား"

နေမျိုးကျော်က သဘောပေါက်စွာ ခပ်လေးလေး ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



မြပြီးမှ . . .

"ဖြစ်တာက ဖြစ်ပါတယ် နေလတ်ရာ၊ မင်းတစ်ယောက်တည်း ပြန်လို့ကော ဖြစ်လို့လား"

"ကပ္ပလီနဲ့ နှစ်ယောက်ပြန်မှာလေ၊ လိုင်းကားနဲ့ပဲ ဒိုးလိုက်တော့မယ်"

အိတ်ဆွဲပြီး ထွက်လာသည့် ကပ္ပလီကို မေးငေါ့ပြလိုက်၏။ နေမျိုးကျော်ဘေးက အစိတ်သားကလည်း ဆရာ . . တော်တော်လွမ်းနေပြီထင်တယ်ဟု လှမ်းပြောသည်။ နေလတ်က ဘာမှပြန်မပြောဘဲ ပြုံးပြပြီးမှ . . .

"မြတ်ကျော် နိုးလာရင်လည်း ပြောလိုက်ကွာ၊ ပြန်ပြီလို့ ကပ္ပလီ သွားရအောင် . . ."

"ဟုတ်ကဲ့ ဆရာ . . ."

"ဟော့ကောင် . . ရန်ကုန်ပြန်ရောက်ရင် ဖုန်းဆက်ဦး"

နေမျိုးကျော်၏ လှမ်းအော်သံကို လှိုင်းသံများကြားထဲ မသဲမကွဲ ကြားလိုက်ရသည်။

အပြန်လမ်းတလျှောက် နှုတ်ဆက်ပါသည်ဟု ဆိုင်းဘုတ်တွေ့တိုင်း ကပ္ပလီနှင့်နေလတ် ကြည့်မိကြသည်။ အလွမ်းတွေက နှုတ်ဆက်လျှင် အချစ်အံရပ်ဆီ သူသွားနေတာပဲ ဖြစ်လိမ့်မည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

ရန်ကုန်ပြန်ရောက်ရောက်ချင်း အိမ်မသွားသေးဘဲ နီဂရိုး အိန်ဂျယ်သို့ ကားငှားလိုက်သည်။ မနက်စာ ကော်ဖီသောက်ရင်း ယုန်လေးရဲ့သတင်းများ ကြားရမလားဟူသည့်အတွေးနှင့် ဖြစ်သည်။

ဆိုင်ထဲဝင်လိုက်သည်နှင့် သူနဲ့သိသော ဝိတ်တာလေးက ပြေး လာပြီး . . .

"ဟာ . . အကိုရာ၊ ကျွန်တော် အကို့ကို မျှော်နေတာဗျ"

နေလတ်ရင်ထဲမှာ ဒိတ်ကနဲ ဖြစ်သွား၏။

"ဘာ . . ဘာဖြစ်လို့လဲ"

"အကိုတို့ထွက်သွားပြီး ငါးမိနစ်လောက်မှာပဲ အစ်မလေး ရောက်လာတယ်"

ခေါင်းထဲ မိုက်ကနဲဖြစ်သွားပြီး နီးရာခုံမှာ ဝင်ထိုင်လိုက်ရသည်။

"သူ . . ဘာပြောသွားသေးလဲကွ၊ ဟေ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာလေးက ဆိုင်အတွင်းဘက်ကို လှမ်းကြည့်ကာ သက်ပြင်းချသည်။ ပြီးမှ စိတ်မကောင်းဟန်ဖြင့် . . .

"အကိုတို့ ခုမှထွက်သွားတာဆိုတော့ အစ်မလေးက လမ်းမပေါ်ပြန်ပြေးပြီး ကားငှားသေးတယ်ဗျ၊ အကိုတို့ကားနောက် လိုက်မလို့နဲ့တူပါတယ်ဗျာ၊ ကားကလည်း ချက်ချင်းမရဘူးလေ၊ သနားပါတယ်ဗျာ၊ အစ်မလေး ကားတွေ တစ်စီးပြီးတစ်စီး လိုက်တားနေတုန်းမှာပဲ ဟိုတစ်ခါ ဆိုင်မှာလာခေါ်သွားတဲ့ အစ်မနဲ့အကိုတွေ ရောက်လာပြီး ဆွဲခေါ်တော့တာပဲ၊ အစ်မလေးက ငိုယိုပြီး ရုန်းကန်တာ လှမ်းတွေ့နေရတယ်၊ ဒီအထဲကတော့ မကြားရဘူးပေါ့ဗျာ"

"အဲဒါနဲ့ . . ."

နေလတ် စိုးထိတ်စွာ ဖြတ်မေးမိသည်။

"နောက်ဆုံးတော့ အစ်မလေးလည်း စိတ်လျှော့လိုက်လို့လားမသိဘူး၊ ခွေခနဲ လဲကျသွားတာပဲ၊ သူ့တို့လည်း အစ်မလေးကို ကားထဲပွေ့ချီပြီး ခေါ်သွားကြတာပဲ တွေ့လိုက်ရတယ်"

ထိုင်နေရာမှ နေလတ် ဝုန်းခနဲ ထရပ်မိလိုက်သည်။ ယုန်လေးတစ်ခုခုဖြစ်မှာလည်း အရမ်းစိုးရိမ်သွားမိ၏။ သူ့ဆီကို ယုန်လေးရောက်လာခဲ့သေးတယ်ပေါ့။ နေလတ်ရင်ထဲ နာကျင်စပ်ဖျင်းလာသည်။ ယုန်လေးကို မတွေ့တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်လိုက်သည်။

"မောင်နေလတ်၊ ဦးတို့ ခဏစကားပြောရအောင်"

နောက်ကျောမှ ထွက်လာသည့် စကားသံကြောင့် နေလတ် လှည့်ကြည့်မိလိုက်၏။ ရုပ်ရည်ခန့်ညားသော အသက်ငါးဆယ်ခန့်လူကြီးတစ်ယောက်။ ကိုယ့်နာမည်ခေါ်လိုက်သော သူ့ကို နေလတ်မသိပါ။ ဝိတ်တာလေးနှင့် ကပ္ပလီပင် ကြောင်ပြီးကြည့်နေကြသည်။

"မင်းတို့ပြောတာ ဦးကြားပါတယ်ကွာ၊ ဦးလည်း မင်းကိုလာစောင့်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ကျွန်တော့်ကို . . ."

"အဲ . . ဒီလိုပါ၊ ဦးက မိုးမြင့်ပါ၊ မိုးပြည့်ရဲ့ အဖေပေါ့"

"ဗျာ . . ဦးက ယုန်လေးရဲ့အဖေလား၊ ဒါဆို ယုန်လေးကော၊ ယုန်လေးဘယ်မှာလဲ ဦး . . ."

သတိလက်လွတ်မေးနေသည့် နေလတ်ကို ဦးမိုးမြင့်က တည်တည်ငြိမ်ငြိမ်လေး ကြည့်လိုက်ပြီး . . .

"စိတ်ကို နည်းနည်းလျှော့ပါဦး မောင်နေလတ်၊ သမီးလေး ရှိပါသေးတယ်ကွယ်"

စိတ်ထဲက ဝေခွဲမရစွာ နေလတ်ကြည့်မိသည်။ ရှိပါသေးတယ်ဆိုတဲ့ စကားက ဘာသဘောလဲ။ တစ်ခုခုများ ဖြစ်သွားလို့လား။ စိုးရိမ်မှုက ရင်ထဲပျံ့နှံ့လာသည်။

မေးရန်ကြံလိုက်စဉ်မှာပဲ ဦးမိုးမြင့်က . . .

"အစကပဲ ပြောရတော့မှာပဲလေ၊ သမီးလေးက မွေးရာပါနှလုံးမကောင်းဘူး မောင်နေလတ်၊ သူ့အမေလည်း အဲဒီရောဂါနဲ့ပဲဆုံးပါးသွားခဲ့တာ၊ သူ့အမေဆီက အမွေဆိုးပေါ့ကွာ၊ ငယ်ငယ်တုန်းကသိပ်မသိသာခဲ့ပေမယ့် အမေဆုံးပြီးနောက်ပိုင်းမှာ သမီးလေးရဲ့ရောဂါက ခြိမ်းခြောက်လာခဲ့တယ်၊ ဦးလည်း အမျိုးမျိုးကြိုးစားကုတာပဲကွာ၊ ကျောင်းစာတွေလည်းပျက်တော့ အားနာပြီး ကျောင်းကို ထုတ်ထားလိုက်ရတယ်၊ သမီးလေးစိတ်ချမ်းသာသလို နေခိုင်းခဲ့တယ်လေ၊ ဆရာဝန်ကြီးတွေနဲ့ ဦးတိုင်ပင်ပါသေးတယ်၊ ဒီအရွယ်မှာ ခွဲစိတ်ကုသရင် ငါးဆယ်ငါးဆယ်ပေါ့ကွာ၊ ရှင်ချင်လည်း ရှင်နိုင်တယ်၊ ဖိတ်စင်သွားနိုင်တာကလည်း ရာခိုင်နှုန်းတဝက်ပဲ၊ သမီးလေးဆန္ဒကတော့ မခွဲစိတ်ချင်ဘူးတဲ့၊ သူနေလို့ရသလောက်ပဲ နေမယ်တဲ့လေ၊ အင်း . . အဲဒီအချိန်မှာ မောင်နေလတ်နဲ့ တွေ့တော့တာပဲ"

စကားပြောတာကို ခဏရပ်လိုက်၏။ နေလတ် ခေါင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ချာချာလည်နေသည်။ ယူကြုံးမရစိတ်တွေနဲ့ ယုန်လေးကို နားလည်လာမိသည်။ နေလတ်က ဆို့နစ်စွာပဲ . . .

"ဒါ . . ဒါတွေ ကျွန်တော်မသိခဲ့ဘူးဗျာ"

"ဘယ်သိမလဲ၊ သမီးလေးက မောင်နေလတ်ကိုမှ အသိမခံခဲ့တာ၊ မောင်နေလတ်က သူ့ကိုချစ်နေတာကို သမီးက သိတယ်လေ၊ သူလည်း မောင်နေလတ်ကို မေတ္တာရှိပါတယ်၊ ဒါပေမယ့် တစ်နေ့သူ ဒီကထွက်သွားရရင် မောင်နေလတ်ကို တစ်ယောက်ထဲခံစားပြီး မကျန်ရစ်စေချင်ဘူး၊ ဒါတွေအားလုံးဟာ ဦးတို့အိမ်က အမိုးကြီးပြန်ပြောပြလို့ ဦးသိရတာပါ၊ ဒါပေမယ့် သမီးလေးလည်း နှလုံးသားနဲ့ပဲကွာ၊ မောင်နေလတ်မွေးနေ့တုန်းက မောင်ရင့်အချစ်ကို လက်ခံဖို့အထိ စဉ်းစားခဲ့သေးတယ်၊ မောင်ရင့်ကို ချစ်တဲ့စိတ်ရယ်၊ သူ့ကိုယ်သူ ယူကြုံးမရစိတ်တွေ လွန်ဆွဲပြီး အိပ်ယာထဲ ပြန်လဲတဲ့အထိ ပြန်ဖြစ်တာပဲ"

တစစနှင့် နေလတ်နားလည်စွာ ဆက်စပ်မိလာသည်။ ယုန်လေးရယ်ဟု မွတ်သိပ်စွာ တမိသည်။

"ဦးတို့လည်း ဒီသတင်းကိုကြားပြီး အရမ်းစိတ်ပူသွားကြတာ၊ သမီးအနေနဲ့က မဖြစ်နိုင်ဘူးလေ၊ အဲဒါကြောင့် ဇာတ်လမ်းကိုဖြတ်ဖို့ ကြိုးစားခဲ့ကြတာပဲ၊ ဦးတို့ကို အထင်မလွဲပါနဲ့ကွာ"

သမီးအပေါ်မှာ ချစ်တဲ့စိတ်နှင့် လုပ်ရပ်များအပေါ် နေလတ်စာနာမိပါသည်။

"ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ်ပါ ဦးရယ်၊ ကျွန်တော် သူ့အနားမှာ နေရရင် ကျေနပ်ပါတယ်"

"အင်း . . . သမီးလည်း အဲဒီလို တွေးတယ်နဲ့တူပါတယ်၊ နောက်ဆုံး မောင်နေလတ်တို့နဲ့ ချောင်းသာသွားမှာကို သတင်းရလို့ ဦးတို့တစ်အိမ်လုံး ခဏပြောင်းနေခဲ့ကြသေးတယ်၊ ဒါပေမယ့်သမီးက အမိုးကြီးအကူအညီနဲ့ ရအောင်ထွက်သွားတယ်၊ နောက်ဆုံးမှာတော့

www.burmeseclassic.com



သူစိတ်လျှော့လိုက်တယ်နဲ့ တူပါတယ်"

"အခု . . ယုန်လေးဘယ်မှာလဲ ဦး"

"သမီးလေးက ဇော်ဝင်ဆေးရုံမှာလေ၊ ခုသတိတော့ရနေပါပြီ၊ ထူးဆန်းတာက သမီးလေးခွဲစိတ်ကုသဖို့ သဘောတူလိုက်တာပဲ၊ ဘာဖြစ်လို့လဲဆိုတာ ဦးနားလည်ပါတယ်လေ၊ ဦးလည်း မျက်စိစုံမှိတ်ပြီး ခွင့်ပြုလိုက်ရတာပဲ၊ ရော့ . . ဒါလေးက မောင်နေလတ်ကိုတွေ့ရင် ပေးပေးပါတဲ့"

ဦးမိုးမြင့်အိတ်ထဲမှ ထုတ်ပေးသည့် MP4 ကက်ဆက်ကလေးကို နေလတ်တုန်တုန်ရင်ရင် လှမ်းယူလိုက်သည်။ ပြီး . . .

"ဦး . . အော်ပရေးရှင်းက ဘယ်နေ့လုပ်မှာလဲ မသိဘူး"

"ဒီညနေ သုံးနာရီမှာစမယ်လို့ သတ်မှတ်ထားကြတယ်၊ ဦးလည်း သမီးလေးဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ မောင်နေလတ်တို့လာစောင့်နေတာ၊ တဲ . . ဦးသွားပြီနော်"

စကားကို အဆုံးသတ်ပြီး ဦးမိုးမြင့်က နှုတ်ဆက်ကာ ထွက်သွား၏။ MP4 ကက်ဆက်လေးကို နေလတ်ဖွင့်လိုက်သည်။ တရှဲရှဲမြည်နေသံများရပ်သွားတော့ အဝေးကြီးက ပြောနေသလို ယုန်လေးအသံက တိုးသက်စွာ တစ်လုံးချင်းထွက်လာတော့သည်။

"ကိုကြီး . . ကိုကြီးကို တစ်ခါထဲ နှုတ်ဆက်သလိုများ ဖြစ်နေမလား မသိဘူးနော်၊ အင်းလေ . . တစ်ခုခုကိုတော့ လက်ခံနိုင်ရမှာပေါ့ ကိုကြီးရယ်၊ ကျွန်တော်တို့ ပြန်မဆုံရင်တောင် ယုန်လေးလို့ ကိုကြီးခေါ်ခဲ့တဲ့ ကောင်မလေးကို မေ့မသွားပါနဲ့နော်၊ ကျွန်တော်များ အတွေးကြီးနေပြီလား၊ လောကကြီးက မတရားဘူး ကိုကြီးရာ၊ အရာအားလုံးဟာ စနစ်တကျ ဖန်တီးထားသလိုပဲ၊ အဲဒီအထဲမှာ ကိုကြီးနဲ့ယုန်လေးဆိုတဲ့ ဘဝတွေလည်း ပါနေခဲ့တယ်၊ အရာအားလုံး သူ့အလိုကျပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ခု ကျွန်တော်လည်း လက်ခံလိုက်ပါပြီ၊ ကျွန်တော်ခုထိ



www.burmeseclassic.com

www.burmeseclassic.com



စွန့်စားတာကို ကိုကြီးအပြစ်မတင်ပါနဲ့နော်၊ နောင်တလည်း ရမနေပါနဲ့၊ ကျွန်တော့်ရဲ့ရှင်နေတဲ့ တစ်ခြမ်းကို ကိုကြီးတမ်းတခွင့်ရှိသလို ကျွန်တော့်ရဲ့သေနေတဲ့ တစ်ခြမ်းကိုလည်း ကိုကြီးလွမ်းတတ်ရမယ်နော်၊ ကျွန်တော် ဒါပဲပြောတတ်တော့တယ်၊ ဒါပေမယ့် ကိုကြီးကို ကျွန်တော်ချစ်တယ်"

အသံလေးက တိုးသက်ရာမှ လုံးဝပျောက်ကွယ်သွားသည်။ နေလတ် ဝုန်းခနဲ မတ်တပ်ရပ်လိုက်၏။ ကက်ဆက်ထဲက အသံပဲ ပျောက်ကွယ်ရမည်။ ယုန်လေး သူ့ဘဝထဲက လုံးဝမပျောက်ကွယ်ရ။ တဒိတ်ဒိတ်ခုန်နေသော ယုန်လေးရဲ့နှလုံးသားက သူ့အတွက် ရှင်သန်စေရမည်။ နေလတ် သွေးရူးသွေးတမ်းတွေးပြီး ဆိုင်ထဲက ပြေးထွက်လာမိသည်။

သတိဝင်လာပြီး ဆရာဟု လှမ်းအော်လိုက်သော ကပွလီအသံကို ဂရုမစိုက်တော့။ ယုန်လေးအနားမှာ စက္ကန့်တိုင်းရှိနေဖို့ထက် ဘာမှအရေးမကြီးတော့ပါ။ မျှော်လင့်ချက်ဆိုတာ မရေရာပေမယ့် ဘယ်တော့မှ အလွမ်းချည်းမဟုတ်ဆိုတာ သူလက်ခံချင်သေးသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

ဆေးရုံရောက်ရောက်ချင်း ယုန်လေးအခန်းကို စုံစမ်းပြီး အပေါ် ထပ်ကို နေလတ် ဝရန်းသုန်းကား ပြေးတက်သွားလိုက်၏။ အခန်းထဲမှာ မတွေ့။ ယုန်လေးကို ခွဲစိတ်ခန်းဆီ ခေါ်သွားကြပြီ။ မေမေလာပြဖူးသော ဆေးရုံဖြစ်သောကြောင့် ခွဲစိတ်ခန်းရှေ့ကို အမြန်ရောက်သွားလေ၏။

ခွဲစိတ်ခန်းတံခါးက ပိတ်လျက်သား။ နေလတ်က နောက်ကျသွားပြီလားဟုတွေးရင်း နာရီကို ထပ်ကြည့်မိသည်။ သုံးနာရီထိုးရန် မိနစ်အနည်းငယ် လိုသေး၏။ စိုးရိမ်ရသော အခြေအနေကြောင့် ယုန်လေးအား အချိန်စောပြီး ခွဲစိတ်ကြခြင်းလား။

စိတ်ပူစွာ လျှောက်တွေးနေစဉ်မှာပဲ လူနာတင်ပုခြည်းတွန်း လာသည့် အသံကိုကြား၍ လှည့်ကြည့်လိုက်မိသည်။

"ဟာ . . ယုန်လေး . . ."



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်မှာ မျက်စိလေးမှိတ်ပြီး ငြိမ်သက်နေသည့် ယုန်လေးကို ဆို့နစ်စွာ ကြည့်မိသည်။ ယုန်လေးမျက်နှာလေးက အပြစ်ကင်းစွာ ဖြူဖြူဖျော့ဖျော့လေး။ ဘာကြောင့်များ ယုန်လေးကို ဒီလိုခံစားစေရတာလဲ။ နေလတ် အနားကိုကပ်ပြီး ယုန်လေးဟု တိုးတိုးလှမ်းခေါ်လိုက်သည်။

ယုန်လေး၏မျက်ခွံလေး လှုပ်ရှားသွားတာကို နေလတ်တွေ့လိုက်ရသည်။ စိတ်ထင်မိတာလား။ မဖြစ်နိုင်ပါ။ ယုန်လေးသိလိမ့်မည်ဟု ယုံကြည်မိသည်။ ခွဲစိတ်ခန်းတံခါးပွင့်လာပြီး ယုန်လေးကို အထဲသွင်းလိုက်ကြသည်။

နေလတ် ရပ်ကြည့်ကြေကွဲနေမိသည်။ ယုန်လေးကို သူဘာမှ လုပ်မပေးနိုင်ပါလား။ ဖြစ်နိုင်လျှင် သူ့အသက်နှင့် လဲပေးလိုက်ချင်သည်။

နောက်က ပခုံးကို အသာလာဖက်သောကြောင့် လှည့်ကြည့်လိုက်မိပြန်သည်။ ယုန်လေး၏အဖေ ဦးမိုးမြင့်နှင့် မေမေ့ကို ကုသပေးနေသော ခင်မင်လှသည့် ဒေါက်တာမာန်ထက်သာကိုပါ တွေ့လိုက်ရ၏။

ဒေါက်တာ့ကို အားကိုးတကြီးကြည့်ကာ နေလတ်ပြောလိုက်၏။

"ဒေါက်တာ . . ဒေါက်တာတို့ အော်ပရေးရှင်းလုပ်မှာလားဟင်၊ တယ်ပါဦးဗျာ၊ အထဲက လူနာက ကျွန်တော့်ချစ်သူပါ၊ အားကိုးပါတယ် ဒေါက်တာရယ်"

အားကိုးတကြီး အကူအညီတောင်းမှုကို ဒေါက်တာမာန်ထက်သာက ငြိမ်းအေးစွာပြုံးပြီး သူ့လက်ကိုဖျစ်ကာ . . .

"ညီလေးချစ်သူမှ မဟုတ်ပါဘူး ညီလေးရာ၊ ဘယ်လူနာကိုမဆို ကိုယ်တို့ဘက်က အကောင်းဆုံး ကြိုးစားပေးတာပဲလေ၊ ခုလူနာ မိုးပြည့်က ငါးဆယ်၊ ငါးဆယ်ပဲ၊ ဒါက အခြေအနေကို မပြောတာနော်၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို အေးအေးထားပါ ညီလေး၊ ကိုယ်တို့ အကောင်းဆုံး ပြန်တွေ့ကြတာပေါ့"

တည်ငြိမ်စွာပြောပြီး ဒေါက်တာက အခန်းထဲဝင်သွားသည်။ နေလတ်ဝေ့ကြည့်လိုက်တော့ ဦးမိုးမြင့်အပြင် ကော်ဖီဆိုင်မှာ လာခေါ်သွားသည့် ယုန်လေးအစ်မနှင့်အတူ နောက်အစ်မဖြစ်ဟန်တူသူ အမျိုးသမီးတစ်ယောက်ကိုပါ စိတ်ပူသောမျက်နှာများဖြင့် တွေ့ရသည်။ သူ့ကို ထိုးဖူးသည့် တစ်ယောက်ကလည်း နေလတ်ကို အားနာသည့်ပုံစံဖြင့် လှမ်းပြုံးပြနေ၏။ အားလုံးမျက်ဝန်းတွေက သူ့အပေါ် ငွေးထွေးနေကြောင်းကိုတော့ နေလတ်ရင်ထဲက ခံစားသက်ဝင်မိသည်။

အချိန်တွေက ကုန်ခဲလွန်းလှသည်။ သုံးနာရီမျှသော အချိန်ကို သုံးရက်လောက် စောင့်နေခဲ့ရပြီဟု နေလတ်စိတ်စောနေမိသည်။ နောက်ကလိုက်လာသည့် ကပွလီက ဘယ်အချိန်အကြောင်းကြားလိုက်သည်မသိ။ မေမေပါ ဆေးရုံရောက်လာသည်။ ဘာမှမပြောဖြစ်ပဲ မေမေ့လက်တွေကို နေလတ်ဆုပ်ကိုင်ထားမိသည်။ မေမေ့အကြည့်တွေက သူ့ကိုနှစ်သိမ့်နေတာလား၊ အားပေးနေတာလား မမေးမိတော့။

ပွင့်လာသော ခွဲစိတ်ခန်းတံခါးပေါက်မှ ဆရာဝန်ကြီးတစ်ယောက်နှင့် ဒေါက်တာမာန်ထက်သာတို့ ထွက်လာကြ၏။ နေလတ်က ဒေါက်တာ့မျက်နှာကို မကြည့်ရဲကြည့်ရဲနှင့် အားကိုးတကြီး လှမ်းကြည့်လိုက်သည်။

ဒေါက်တာက နဖူးက ချွေးစများကို သပ်ချရင်း . . .

"ကိုယ်တို့ဘက်က နိုင်သွားပါပြီ ညီလေးရာ"

ဒီလောက်ချိုမြိန်သော စကားသံကို နေလတ်တစ်ခါမှ မကြားဖူးသလို အထပ်ထပ် ကြားနေမိသည်။ ဒေါက်တာ့ကိုပင် ပြေးဖက်ချင်စိတ်ပေါက်သွား၏။ အားလုံး၏မျက်ဝန်းများက ဝမ်းသာမှုတွေနှင့် လက်လက်ဖြာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲခန်းထဲမှထွက်လာသော ယုန်လေးက သတိမရသေး။ သူ့ကိုယ်သူ ဒီကမ္ဘာထဲမှာ ရှင်သန်ခွင့်ပြန်ရပြီဆိုတာကော သိရဲ့လားမသိ။ နေလတ်က ဒေါက်တာ့နောက်ကို ပြေးလိုက်သွားကာ ပြောရန်ပြင်စဉ်မှာပဲ . . .

"သမီးလေး သတိရရင် ဝင်တွေ့လို့ရပြီလား ဆရာ"

ဦးမိုးမြင့်။ ယောက္ခမကြီးက ဦးသွားသည်။ နေလတ် အောင့်သက်သက် ဖြစ်သွားသော်လည်း လောလောဆယ် သူကပိုင်သူမို့ ဦးစားပေးလိုက်ပါသည်။ ငြိမ်နေလိုက်၏။

ဒေါက်တာက ဦးမိုးမြင့်ကို နားလည်စွာကြည့်ပြီး . . .

"တွေ့လို့ရပါပြီ၊ လူနာလည်း သတိရနေပါပြီ၊ မှိန်းနေတာပါ၊ ဒါပေမယ့် လူနာက သတိရရချင်း ကိုကြီးဆိုပြီး ခေါ်နေတယ်ဗျ၊ အဲ လူနာစိတ်ဆင်းရဲမယ့်အဖြစ်၊ စိတ်ဆင်းရဲမယ့် စကားမျိုးကို မပြောပါနဲ့လို့ပဲ အထူးမှာချင်ပါတယ်"

ဦးမိုးမြင့်လည်း ဒေါက်တာ့စကားကြောင့် ခြေလှမ်းက တုန့်ခနဲ ရပ်သွား၏။ သူက ပိုင်သူဖြစ်ပေမယ့် ခုဆိုင်သူကို ဦးစားပေးရမည်မှန်း ယောက္ခမကြီးက သဘောပေါက်ရှာပါသည်။ မောင်နေလတ်သွားလေဟု မျက်နှာငယ်လေးနှင့် ပြောလာသည်။ ဒေါက်တာက နေလတ်ကို မျက်ခုံးပင့်ပြ၏။ နေလတ် ယုန်လေးရှိရာအခန်းထဲကို ရင်ခုန်စွာ ဝင်သွားလိုက်၏။

"ယုန်လေး . . ."

မှိန်းနေသော မျက်ခွံလေးက ငြင်သာစွာ ပွင့်လာပြီး . . .

"ကိုကြီး . . ."

"ယုန်လေးရယ် . . ."

မချင့်မရဲနှင့် နေလတ်ခေါ်မိသည်။ ယုန်လေး၏ လက်ကလေးကိုလည်း ငြင်သာစွာ ဆုပ်ကိုင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ပြန်တွေ့ရပြီနော်၊ တကယ် အိပ်မက်လိုပဲ"

ယုန်လေးရဲ့ စကားသံက တိုးဖျော့ပေမယ့် နားထဲမှာ ကြည်လင်နေသည်။ နေလတ်က ယုန်လေးကို စူးစူးနစ်နစ်ကြည့်လိုက်ရင်း-

"ယုန်လေး . . ငါပြောတာ နားထောင်နော်"

ယုန်လေးက မော့ကြည့်ရင်း ခေါင်းလေးကို ချစ်စဖွယ်ညိတ်ပြသည်။ ဒီတစ်ခါတော့ နေလတ်လည်း မထိန်းချုပ်ထားနိုင်တော့။

"ယုန်လေး . . ငါယုန်လေးကို ချစ်တယ်၊ အရမ်းချစ်တယ်၊ ဘယ်တော့မှ မခွဲတော့ဘူး သိလား၊ ယုန်လေးနေကောင်းတာနဲ့ လက်ထပ်ကြမယ်နော် ယုန်လေး . . ."

BURMESE CLASSIC

သူ့ကိုကြည့်နေသည့် ယုန်လေးမျက်ဝန်းလေးက လက်လာသည်။ ချစ်ရည်ရွှန်းလဲ့နေသော အကြည့်လေးနှင့် သူ့ကိုကြည့်နေစဉ်မှာပဲ နာကျင်သည့် အမူအရာလေးကို ယုန်လေးမျက်နှာပေါ်တွင် တွေ့လိုက်ရပြီး မျက်ဖြူလေးက လန်တက်သွားသည်။

နေလတ်လည်း ဘာလုပ်ရမှန်းမသိဘဲ . . .

"ယုန်လေး . . ယုန်လေး . . ယုန်လေး . . ."

သွေးရူးသွေးတန်း အော်ဟစ်လိုက်ခြင်းကြောင့် ဒေါက်တာမာန်ထက်သာတို့ ပြေးဝင်လာကြသည်။ အပြင်ထွက်ခိုင်း၍ နေလတ်နောက်ဆံတင်းစွာ ထွက်လာရ၏။ ဦးမိုးမြင့်က သူ့အနားကပ်ကာ တုန်တုန်ရင်ရင်နှင့် . . .

"မောင်နေလတ် . . သမီးလေး . . သမီးလေး . . ဘာဖြစ်သွားလို့လဲ"

"ကျွန်တော်နဲ့ စကားပြောနေရင်း သတိပြန်လစ်သွားတာပဲဦးရယ်၊ တစ်ခုခုဖြစ်ရင်တော့ ဖြေလို့ရမှာ မဟုတ်ဘူး"

"သမီးလေးရဲ့ ကံပေါ့ကွာ"

ဦးမိုးမြင့်က စိတ်ကို လျှော့ထားဟန်တူသည်။ နေလတ်က



www.burmeseclassic.com

www.burmeseclassic.com



မလျှော့နိုင်ပါ။ တစ်ခုခုဖြစ်လျှင် ရှူးသွားမလားပင် မသိ။ ယုန်လေးဘာမှ မဖြစ်ပါစေနဲ့ဟုသာ အကြိမ်ကြိမ် ဆုတောင်းမိသည်။

မိနစ်နှစ်ဆယ်လောက်ကြာမှ ဒေါက်တာမာန်ထက်သာတို့ ပြန်ထွက်လာကြပြီး . . .

"လူနာက shock ဖြစ်သွားတာပါ၊ ခုစိတ်ချရပါပြီ၊ ညီလေး မင်းလူနာကို ဘာပြောလိုက်လို့လဲ"

နေလတ်မညာချင်ပါ။ ရှက်လည်း မရှက်ပါ။ အမှန်အတိုင်းပဲ ပြောပြလိုက်သည်။

ဒေါက်တာက သူ့ကို ဂရုဏာဒေါသောဖြင့် ကြည့်ကာ . . .

"ဟာ . . ကံကောင်းလို့ပေါ့ကွာ၊ အေးလေ . . ငါကလည်း မှာလိုက်ဖို့ မေ့သွားတယ်၊ ဒီလိုလူနာမျိုးက ဝမ်းနည်းတာအပြင် အရမ်း ဝမ်းသာတာမျိုးလည်း ခုချိန်မှာ မခံနိုင်သေးဘူးကွ၊ ဟူး . . တော်သေး တယ်ကွာ"

အမလေး . . တော်သေးတယ်ဟုပင် နေလတ်တမိ၏။ မဟုတ် လျှင် ကိုယ့်ချစ်သူကိုယ်သတ်သလို ဖြစ်ဦးမည်။ ကိုယ့်ကိုကိုယ်ပင် ခွင့် လွှတ်နိုင်မည်မဟုတ်။ အခုလည်း ယောက္ခမကြီးက နေလတ်ကို တွေ့ ခွင့်မပေးတော့ချေ။ သူ့သမီးကျန်းမာမှတွေ့ပါဟု တောင်းပန်သလိုနှင့် တားမြစ်တော့သည်။

နောက်မှဆိုတော့လည်း နောက်မှတွေ့ရမည်လေ။ ချစ်ခြင်း ကိုခွဲတာမှ မဟုတ်သည်ပဲ။ နားလည်ပေးလိုက်ပါမည်။

ယုန်လေးအခြေအနေက စိတ်ချရပြီမို့ ဒေါက်တာမာန်ထက်သာ ကို ကျေးဇူးတင်စကား ဝင်ပြောဖြစ်သည်။ တစ်ရက်ပြုစုပေးရန်ပါ ချိန်းလိုက်၏။ ဒေါက်တာကလည်း လာရောက်ချီးမြှင့်ပါမည်ဟု ဆိုပါ သည်။ ဒါသည် ကိုယ့်အချင်းချင်းမို့ အောင်မြင်အောင်ခွဲစိတ်ပေးခြင်း မဟုတ်ပါ။ နေလတ်ဖိတ်ကြားချက်ကို လက်ခံခြင်းက လူမှုရေးသက်သက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

ဒေါက်တာက ရယ်ကျဲကျဲဖြင့် တီးတိုးပြောလိုက်သေးသည်။

"ညီလေး . . နေလတ် . . မင်းတို့ယူပြီးရင်တောင် ကလေးက တော်တော်နဲ့ ရမှာမဟုတ်သေးဘူး"

ဒါတော့ နေလတ်မခံနိုင်ပါ။ သူ့မိန်းမမှာ ကိုယ်ဝန်ကြီးနဲ့ဆိုပြီး သူ့ကို ဒါမျိုးမနှိမ့်သင့်။ ဒေါက်တာ့ကို ရင်ကော့ကာ လက်မထောင်ပြလိုက်ပြီး . . .

"ဒေါက်တာရာ ကြည့်နေပါ၊ ကျွန်တော် အကုန်ဆေးစစ်ပြီးသားပါ၊ ဒီနေ့ကစပြီး အားဆေးတွေလည်း နေ့တိုင်းသောက်တော့မှာဗျ . . ."

"ဟာ . . ဒီကောင်ကွာ၊ ကောင်မလေးက နှလုံးအခံရှိလို့ အချိန်စောင့်ရလိမ့်မယ်လို့ ပြောတာကွ၊ မင်းဟာလေ အရေးထဲ မာန်တက်သေးတယ်"

"ဟီး . . . ဆောရီး . . . ဆောရီး . . . အားပါသွားတယ် ဒေါက်တာ"

ထိုသို့ဆိုလျှင် မာန်တက်၍ မရသေးဘူးပေါ့။ ဒေါက်တာက တော့ မာန်တက်ပြီး၍ ဂျူနီယာမာန်ထက်သာပင် မွေးတော့မည်။ အင်းလေ . . သုံးလေးနှစ်လောက်တော့ မေမေလည်း စောင့်နိုင်ပါလိမ့်မည်။

* * * *

နီဂရိုးအိန်ဂျယ်ကော်ဖီဆိုင်ထဲတွင် ဝိတ်တာလေးများမှလွဲ၍ တခြားစားသုံးသူမရှိပါ။ နေလတ်က ဒီနေ့တစ်ရက်လုံး အပြတ်ငှားထားခြင်းဖြစ်သည်။

မကြာခင် ယုန်လေးလာတော့မည်။ ယုန်လေး သူ့ဘဝထဲကို



www.burmeseclassic.com

www.burmeseclassic.com



အနက်ရှိုင်းဆုံး တိုးဝင်လာလိမ့်မည်။

နေလတ်ရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။ ဒီနေ့မှ ခုန်နေခြင်း မဟုတ်ပါ။ ယုန်လေးနှင့် စတွေ့ထဲက။ ယုန်လေးနှင့်ဝေးကွာခဲ့ရသော ကြားကာလများ။ ဒီနေ့မှ နောက်ထပ်ရက်ပေါင်းများစွာ ရင်ခုန်နေဦးမည်။

နေလတ်အလွတ်ရနေသော ရန့်လေးတစ်ခု နှာခေါင်းထဲတိုးဝင်လာ၏။ ကော်ဖီဆိုင်ထဲမှာဖြစ်သော်လည်း စူပါကော်ဖီမစ်နံ့ မဟုတ်ပါ။ ယုန်လေး၏ ကိုယ်သင်းနံ့လေးဖြစ်သည်။ ရှေ့ကိုရောက်လာသော အရိပ်ကလေးကို အောက်ပိုင်း (ခြေထောက်) မှစ၍ ရင်တလှပ်လှပ်ဖြင့် ကြည့်လိုက်သည်။

မိန်းမစီး ကတ္တီပါဖိနပ်ပါးလေးနှင့် လိုက်ဖက်သော ခြေဖမိုး ဖြူဖြူလေးတစ်စုံ၊ ပြီး ချိတ်လုံချည်အပြာနုရောင်လေးနှင့် လိုက်ဖက်စွာ တွဲဝတ်ထားသည့် ဗမာဆန်ဆန်ရင်စေ့အကျီလေးနှင့် ယုန်လေးက ကျက်သရေရှိနေသည်။

BURMESE CLASSIC

သနပ်ခါးပါးပါးလေး လိမ်းခြယ်ထားသည့် ပါးပြင်လေးက ရှက်သွေးလေးနှင့် နီထွေးလျှက် . . .။

နှုတ်ခမ်းပါးနီနီလေးမှ စကားသံလေးကလည်း ဂယောင် ခြောက်ခြားလေး . . .။

"ကိုကြီး . . ."

"ဘာလဲ . . ယုန်လေး . . ."

ယုန်လေးက တစ်ခုခုကို သတိရဟန်ဖြင့် လှစ်ခနဲပြုံးလိုက်ပြီး-

"ကျွန်တော်တို့ Game တစ်ပွဲလောက် ဆော့ရအောင်"

နေလတ်လည်း ရုတ်တရက် ကြောင်သွား၏။ ပြီးမှ ယုန်လေး ကို ချစ်စနိုးကြည့်လိုက်သည်။

"အင်း . . ဆော့မယ်လေ၊ ခုအသစ်ပေါ်တဲ့ Game ပဲ ဆော့



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်"

"ဟင် . . ဘာ Game လဲ"

ယုန်လေး နဝေတိမ်တောင် ဖြစ်သွားပုံရ၏။ နေလတ်က . .

"Game အသစ်နာမည်က ဆန်းတယ် ယုန်လေးရဲ့၊ ချစ်သူတွေပဲ ဆော့လို့ရတာလေ၊ ရင်ကြားစေ့ Game တဲ့၊ ဆော့မလား . . ."

"အာ . . ကိုကြီးကလည်း . . . "

"ဘာလဲ . . ယုန်လေးက ကြောက်လို့လား"

"အောင်မာ . . မကြောက်ပါဘူး၊ ခုသွားဆော့မလားလို့ ကိုကြီးကို ပြောမလို့"

နှစ်ဦးသား ပြိုင်တူရယ်မိကြသည်။ ရယ်သံများက ကော်ဖီဆိုင်လေးထဲမှ အနာဂတ်တစ်ခုဆီသို့ စတင်စီးဆင်းသွားပါတော့သည်။

လေးစားစွာ

လတ်တေးဇေအောင်



www.burmeseclassic.com